**ကြေးမုံ** The Mirror

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့ (29-7-2015) (၈၂၇၆)

## မေတ္တာသည် ရန်ကင်းငြိမ်း၏

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တသုတ်-၄၄၃။)

# မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ အပြုသဘောလမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းနေ

**နေပြည်တော် ဇူလိုင် ၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့အခြေစိုက် အာရှလူမှုအဖွဲ့ အစည်းဆိုင်ရာမူဝါဒအဖွဲ့ဥက္ကဋ္ဌ (ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ်ဟောင်း) မစ္စတာ ကီဗင်ရုဒ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများသည် အပြုသဘော လမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းနေမှု၊ ဒီမိုကရေစီ အသွင်ကူးပြောင်းမှု ဒုတိယခြေလှမ်းဖြစ်သော ၂၀၁၅ခုနှစ် အထွေထွေ ရွေးကောက်ပွဲအား လွတ်လပ်၍ တရားမျှတစွာ ကျင်းပနိုင်ရေးစီစဉ်ဆောင်ရွက်နေမှု၊ ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလ၊ ရွေးကောက်ပွဲ အလွန်ကာလများတွင် တည်ငြိမ်အေးချမ်းရေးအတွက် အလေးထားဆောင်ရွက်နေမှုများကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးစိုးသိန်း၊ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



# မူးမြစ်ရေဝင်ရောက်ခဲ့သည့် ကျေးရွာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



**မုံရွာ ဇူလိုင် ၂၈**

မိုးသည်းထန်စွာ ရွာသွန်းသဖြင့် ဆည်အချို့မှ ရေများလျှော့ချခြင်းနှင့် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် မူးမြစ်ရေများတိုးလာခဲ့ပြီး ယမန်နေ့က မုံရွာ- အရာတော် - ရွှေဘို ကားလမ်းပေါ်ရှိ ဇရစ်ကျေးရွာနှင့် ကူတို့ကိုင်းကျေးရွာကြား ကားလမ်း နေရာအချို့တွင် လမ်းပခုံးသားများ ပြိုကျခြင်း၊ ကျေးရွာအချို့ မူးမြစ်ရေ များဝင်ရောက်ခြင်းများ ဖြစ်ပေါ်ခဲ့ သည်။

အဆိုပါ ရေဝင်ရောက်မှုနှင့် လမ်းပိုင်းအချို့ရေကျော်ပြီး လမ်းပခုံး သားများ ပြိုကျခဲ့သည့် နေရာ များသို့ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကံထွန်း နှင့် ဦးစောဦးထွန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ် ကော်မတီ(၃)ရပ်မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ နယ်မြေခံ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ ပါဝင်သော

**စာမျက်နှာ ၇ ကော်လံ ၄ သို့ ❒**

## မဒေါက်၊ ငါးသိုင်းချောင်းနှင့် ဘားအံမြို့ စိုးရိမ်ရေမှတ် ကျော်လွန်နေ

**နေပြည်တော် ဇူလိုင် ၂၈**

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ဇူလိုင် ၂၇ ရက် ညနေ ၆ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ဇူလိုင် ၂၈ ရက် မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက် ၅၁ စင်တီမီတာ (၁ပေခွဲ) ခန့် ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ဇူလိုင် ၂၇ ရက် ညနေ ၄ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ဇူလိုင် ၂၈ ရက် မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၂၀ စင်တီမီတာ (ပေဝက်ခန့်)ကျော်လွန်နေသည်။

**စာမျက်နှာ ၇ ကော်လံ ၂ သို့ ✪**




ကြေးမုံ စာ တည်း ရှု ထောင့် — ၂၉-၇-၂၀၁၅၊ ဗုဒ္ဓဟူးနေ့

# ရာသီဥတုပြောင်းလဲမှုကို အသုံးပြု

မုတ်သုံလေအားကောင်းလျှင် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများမှာ ယခင်က မိုးနည်းသည်။ မြန်မာနိုင်ငံအလယ်ပိုင်းသည် မုတ်သုံလေနှင့် ပြောင်းပြန်အချိုးကျသည်။ ယခု မုတ်သုံလေအားကောင်းသောအခါ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ မိုးကောင်းလာသည်ကို တွေ့ရသည်။ ရာသီဥတုပြောင်းလဲမှုကြောင့် ယခင်ပုံမှန်ဖြစ်ရိုးဖြစ်စဉ် ပြောင်းလဲလာခြင်း ဖြစ်သည်။

မြန်မာနိုင်ငံအလယ်ပိုင်းသည် မုတ်သုံလေအားကောင်းသည်ဖြစ်စေ၊ အားနည်းသည်ဖြစ်စေ မိုးရွာချင်လျှင်ရွာသည်။ မရွာချင်လျှင်လည်း မရွာသွန်းတော့ချေ။ ဖောက်လွဲဖောက်ပြန်ရာသီဥတုသည် မြန်မာနိုင်ငံအလယ်ပိုင်းအတွက် ပုံသေကားချပ်မရှိတော့ပါ။ အမှန်တကယ်တွင် မြန်မာနိုင်ငံ အလယ်ပိုင်းသည် ပူပြင်းခြောက်သွေ့သည့် မိုးနည်းရပ်ဝန်းဒေသဖြစ်သည်။

မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် မိုးခေါင်သောကြောင့် သဲကျောက်ထူထပ်ပြီး မြေဆီဩဇာညံ့သဖြင့် အပင်ကြီးများကောင်းစွာ မပေါက်ရောက်နိုင်။ ချုံငယ်နှင့် ပုပုပျပ်ပျပ်အပင်များသာ ပေါက်ရောက်သည်။ မိုးအနည်းငယ်ရပြီး ရေနီးကမ်းစပ်အရပ်များတွင် အပင်ကြီးများ ပေါက်ရောက်တတ်သည်။ သန်း၊ ဒဟတ်၊ ရှား၊ ထနောင်း စသည့်အပင်များ ပေါက်ရောက်သည်။ အချို့ဒေသများတွင် အင်တိုင်းတောများရှိပြီး သစ်ရာနှင့် အင်ကြင်းပင်များပေါက်ရောက်သည်။

ယခုအခါ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် မိုးများလာသည်။ မုတ်သုံလေအားကောင်းသည် ဖြစ်စေ၊ အားနည်းသည်ဖြစ်စေ မိုးရွာသွန်းသည့်နှစ်များ များလာသည်။ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများအဖို့ ရာသီဥတုပြောင်းလဲမှုကို ထိရောက်စွာအသုံးချရမည့် အချိန်ရောက်လာသည်။ ဦးစွာ မြေဆီလွှာကို ထိန်းသိမ်းနိုင်မည့် သစ်ရာ၊ အင်ကြင်း၊ ပိတောက်၊ ထနောင်း စသည့်အပင်ကြီးများကို ပျိုးထောင်စိုက်ပျိုးသင့်သည်။ သစ်တော၊ သစ်ပင် ထူထပ်လျှင် ရာသီဥတုပြောင်းလဲမှုကို ကာကွယ်နိုင်သည်။

မြန်မာနိုင်ငံအလယ်ပိုင်းဒေသနေပြည်သူများအဖို့ မိုးမကြိုက်သော်လည်း မိုးရေရခိုက် မိမိဒေသစိမ်းလန်းစိုပြည်အောင် သစ်တော၊ သစ်ပင်များကို ပျိုးထောင်စိုက်ပျိုးသင့်သည်။ မိုးရေကိုသိုလှောင်ပြီး ဆယ့်နှစ်ရာသီ စိုက်ပျိုးနိုင်အောင် ကြိုးပမ်းသင့်သည်။ ရာသီဥတုနှင့်လိုက်ဖက်သည့် သီးနှံပင်များကို ပြောင်းလဲစိုက်ပျိုးကြမည်ဆိုလျှင် မိုးဖျက်သဖြင့် သီးနှံပျက်ရသည်ဟု အပြစ်ပုံချနေစရာလိုမည်မဟုတ်ချေ။

အလယ်ပိုင်းဒေသ မြေလွှာညံ့ရသည်မှာလည်း မိုးခေါင်သောကြောင့် ဖြစ်သည်။ မိုးကောင်းလျှင် မြေလွှာထိန်းသိမ်းရေး၊ ကောင်းမွန်ရေးအတွက် သစ်ပင်ကိုချစ်ခင်စိုက်ပျိုးကြရမည်။ ယခုအခါ မြန်မာနိုင်ငံအလယ်ပိုင်းတစ်ခွင်တွင် စိမ်းစိမ်းစိုစိုနှင့် လှပဝေဆာနေသည်။ မြစ်ချောင်းများ မပေါများသဖြင့် ရေကြီး၊ ရေလျှံခြင်းလည်း မရှိချေ။ ရွာသွန်းဖြိုးသည့် မိုးရေကိုသာ ရယူအသုံးချဖို့လိုပေသည်။

မြန်မာနိုင်ငံ၏ အကျယ်ပမာဏ စတုရန်းမိုင်ပေါင်း ၂၆၁၆၁၀ ရှိသည့်အနက် ယခင်ကဧရိယာ ၅၄ ဒသမ ၁၅ ရာခိုင်နှုန်းမှာ သစ်တောကြီးများ ဖုံးလွှမ်းခဲ့သည်။ မြန်မာနိုင်ငံအလယ်ပိုင်းဒေသမှာ အပူပိုင်းဒေသဖြစ်သော်လည်း သစ်တောကြီးများရှိခဲ့သည်။ ပျဉ်မနားသစ်တောကြီးမှာ ထင်ရှားသည်။ ကြိုးပြင်တော၊ ကြိုးဝိုင်းတောများရှိခဲ့သည်။

ထိုသစ်တောကြီးများမှာ အပူ၊ အအေး၊ လေ၊ မိုး စသည့်ရာသီဥတုများကို ညီညွတ်မျှတကောင်းမွန်စေရန် ကူညီသည်။ ရေများကို အလဟဿ အကျိုးမဲ့စီးဆင်းမသွားစေဘဲ ထိန်းသိမ်းပေးထားသည်။ ရေစီးတွင် အဖိုးတန်မြေဆီလွှာများ ကျေပျက်မျောပါသွားခြင်းမရှိစေရန်လည်း ကာကွယ်ပေးထားသည်။ ပြည်သူများနှင့်တိုင်းပြည်အတွက် လိုအပ်သော အဖိုးတန်သစ်၊ ဝါး စသည်တို့ကို အလွယ်တကူရရှိနိုင်အောင် အထောက်အပံ့ပေးသည်။ သို့သော် ယခုအခါ လူတို့၏ပယောဂကြောင့် သစ်တောများပြုန်းတီးသွားပြီး ရာသီဥတုလည်း ဖောက်ပြန်လာသည်။

ထို့ကြောင့် ရာသီဥတုကို ရာသီဥတုနှင့် ကျွန်ုပ်တို့ကုစားကြရမည်။ သစ်တောမရှိ၍ ရာသီဥတုဖောက်ပြန်၊ ရာသီဥတုဖောက်ပြန်သဖြင့် ယခုလိုမိုးများနေချိန်တွင် သစ်တောများကို ပြန်လည်ထူထောင်ကြရမည်။ သို့မှသာ ရာသီဥတုမှန်ကန်ပြီး ကျွန်ုပ်တို့မြေလွှာလည်း စိုပြည်လှပလာမည် ဖြစ်သည်။ ။

## သာစည်မြို့နယ်တွင် ကျောင်းဆောင်သစ် ၃၃ ဆောင် တိုးချဲ့ဆောက်လုပ် ယခုနှစ်အတွင်း အပြီးတည်ဆောက်သွားမည်

**သာစည် ဇူလိုင် ၂၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်တွင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်၌ ပညာရေးဌာန၏ ငွေလုံးငွေရင်းအသုံးစရိတ်မှ အခြေခံပညာ ကျောင်းများတွင် ကျောင်းဆောင်သစ် ၃၃ ဆောင်ကို တိုးချဲ့ဆောက်လုပ်ခွင့်ရရှိခဲ့ပြီး ဇူလိုင် ပထမ အပတ်မှ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျောင်းဆောင်သစ်များ ဆောက်လုပ်ခွင့်ရရှိသည့် ကျောင်းများမှာ မြင်းကွက်ကျေးရွာ အမက၊ သမန်းကန်ကျေးရွာ အမက၊ အင်းဝင်းကျေးရွာ အမက၊ အောင်သာကျေးရွာ အမက၊ နှမ်းကန်ကျေးရွာ အမက၊ ဘွဲ့ခြားကျေးရွာ အမက၊ ညောင်ကန်ကျေးရွာ အမက၊ ဆံမြိတ်ရှည်ကျေးရွာ အမက၊ ညောင်ကုန်း(တ)ကျေးရွာ အမက၊ ပြွန်ကန်ကျေးရွာ အမက၊ ကမ္ဘာ့မြင့်ကျေးရွာ အမက၊ သန်ပွေ့ကျေးရွာ အမက၊ ဘုရားကုန်းကျေးရွာ အမက၊ ရင်ဇင်းကျေးရွာ အမက၊ ဘုန်းတလုတ်ကျေးရွာ အမက၊ ကူပြင်ကျေးရွာ အမက၊ ကျောင်းရွာကျေးရွာ အမက၊ ချောင်းဆုံကျေးရွာ အမက၊ စိုက်ပျိုးရေးကျေးရွာ အမက၊ ဖိုးသားနိုင်းကျေးရွာ အမက၊ ဂွေးကုန်း(န)ကျေးရွာ အမက၊ ဟံဇားကျေးရွာ အထက၊ လက်ထပ်ကုန်းကျေးရွာ အမကတို့ဖြစ်ကြပြီး အဆိုပါကျေးရွာများတွင် ပေ (၆၀ × ၃၀)ရှိ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ကျောင်းဆောင်များနှင့် သီရိမင်္ဂလာ မူလွန်ကျောင်းတွင် ပေ (၈၀ × ၃၀)ရှိ အုပ်ညှပ်၊ သွပ်မိုး တစ်ထပ်ကျောင်းဆောင် တစ်ဆောင်၊ မောင်းမဆည်ကျေးရွာ မူလွန်ကျောင်းနှင့် သနပ်ကန်ကျေးရွာ မူလွန်ကျောင်းတို့တွင် ပေ(၉၀×၃၀)ရှိ အုတ်ညှပ်၊ သွပ်မိုးကျောင်းဆောင် တစ်ဆောင်စီ၊ မရွှေးကျေးရွာ အလက (ခွဲ)ကျောင်း၊ ယင်းမာပင်ကျေးရွာ အထက(ခွဲ) ကျောင်း၊ တမာကုန်းကျေးရွာ အလက ကျောင်း၊ ကြက်မောက်ကျေးရွာ အလက(ခွဲ)ကျောင်း၊ အုတ်တွင်းကျေးရွာ အလက(ခွဲ)ကျောင်း၊ ရေပေါင်းဆုံကျေးရွာ(မူလွန်)ကျောင်းနှင့် မယ်ဇလီကန်ကျေးရွာ အထက ကျောင်းတို့တွင် ပေ (၁၂၀×၃၀)ရှိ အုတ်ညှပ်၊ သွပ်မိုး တစ်ထပ် ကျောင်းဆောင်တစ်ဆောင်စီ ဆောက်လုပ်သွားမည်ဖြစ်သည်။

အဆိုပါကျောင်းဆောင်သစ် ၃၃ ဆောင်ကို Moyal Mya Co.,Ltd. မှ ၁၇ ဆောင်နှင့် Mondern Treasure Co.,Ltd. တို့မှ ၁၆ ဆောင် တို့ကို ယခုနှစ် နိုဝင်ဘာလအတွင်း ပြီးစီးအောင် တာဝန်ယူဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ကို( သာစည် )**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇူလိုင် ၂၈**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၃၂၀၀၀ | - | ၇၃၂၀၀၀ |
| မန္တလေး | ရွှေဈေး | ၇၃၂၀၀၀ | - | ၇၃၂၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၉၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၂၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၃၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၃၈. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၃၇၃. ၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၉. ၃၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၅. ၅၃၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၂၄. ၅၉ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၃၀၀ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၀၀၄. ၇ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၅. ၈၉ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၀၂. ၀၇ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၀၄. ၉၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

**အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်**

မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။ မဲစာရင်းများယွင်းမှု ရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။ မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ၅၀(ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။



## တိုင်းဒေသကြီး ပညာရေးဖောင်ဒေးရှင်းရန်ပုံငွေ ရုပ်ရှင်၊ သဘင်၊ ဂီတ အနုပညာဖျော်ဖြေပွဲ ကျင်းပမည်

**ပုသိမ် ဇူလိုင် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် Srory Book Entertainmant မှ စီစဉ်သော ဧရာဝတီတိုင်းဒေသကြီး ပညာရေး ဖောင်ဒေးရှင်းရန်ပုံငွေ ရုပ်ရှင်၊ သဘင်၊ ဂီတ အနုပညာဖျော်ဖြေပွဲကို ဩဂုတ် ၁ရက်နှင့် ၂ ရက်တို့တွင် ညစဉ် ၇ နာရီမှစ၍ မြို့တော်ခန်းမ၌ ကပြတင်ဆက်သွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါရန်ပုံငွေပွဲတွင် ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်)၊ ချမ်းသာ (သစ္စာ၊ မေတ္တာ ရွှေမန်းသဘင်)၊ မင်းမော်ကွန်း၊ နေတိုး၊ ကျော်ကျော်ဗို၊ မင်းသွေး၊ ချစ်စွမ်းသာ၊ ဩရအောင်၊ နန်းခင်မွေး၊ မိုးယုစံ၊ မေကဗျာ၊ ဝါဆိုမိုးဦး၊ ဖူးစုံ၊ ဟာသလူရွှင်တော်များ၊ အနုပညာရှင်များစွာနှင့်အတူ Dusty Way Music Band တို့ ကပြဖျော်ဖြေကြမည် ဖြစ်ကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းများ** - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
**သတင်းထောက်မှူး** - ဦးငွေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
**အနုပညာစာတည်း** - ခင်ခင်သက်
**အားကစားစာတည်း** - မေလှဲ့သင်း
**ဆောင်းပါးစာတည်း** - စန္ဒာဝင်း
**အကြီးတန်းသတင်းထောက်များ** - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်
**အငယ်တန်းသတင်းထောက်များ** - သီသီမင်း၊ အောင်ကျော်ဦး၊ ခင်ဇာလီ၊ သန့်ဇင်ဝင်း၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
**အထူးသတင်းထောက်** - စုနှင်းလှဲ့၊ သီရိ

ပြည်တွင်းရေးရာ

# လမ်းပန်းဆက်သွယ်ရေးဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး



**နေပြည်တော် ဇူလိုင် ၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ဂျပန်နိုင်ငံ ဂျေဂျီစီအုပ်စု၏ ဝါရင့်ဥက္ကဋ္ဌ မစ္စတာ ယိုရှိဟီရို ရှိဂဲဟိစ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်စီမံကိန်း အပါအဝင် အခြားသောအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာနိုင်ငံတစ်ဝန်းရှိ လေဆိပ်များဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လေကြောင်းဝန်ဆောင်မှုလုပ်ငန်းများ အကူအညီပေးရေး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ဦးဇင်ယော်၊ ဒေါက်တာ ဇော်မင်းအောင်၊ ဦးစိုးတင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ခရီးသွားလာမှုလွယ်ကူချောမွေ့စေရေး၊ လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်ရေးဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၈**

တတိယအကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် (3rd CLMV) ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးနှင့် ခရီးသွားလုပ်ငန်းအဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ရှိ The Royal ACE Hotel ၌ ကျင်းပသည်။ **(ယာပုံ)**



3rd CLMV ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပရာ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နိုင်ငံတို့မှ ခရီးသွားလုပ်ငန်းဝန်ကြီးများတက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က သဘာပတိအဖြစ်ဆောင်ရွက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ခရီးသွားလုပ်ငန်းသည် ကမ္ဘာပေါ်တွင် အလျင်မြန်ဆုံးနှင့် အကြီးမားဆုံးဖွံ့ဖြိုးတိုးတက်လာသော လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများနှင့် ဝင်ငွေရရှိမှုကို အထောက်အပံ့ပေးနေသော အရင်းအမြစ်တစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့် ခရီးသွားလုပ်ငန်းသည် လူမှုဘဝမြှင့်တင်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်အတွက် ထိရောက်သောလုပ်ငန်းတစ်ခုဖြစ်ပြီး လူတန်းစားအားလုံးအတွက် အဓိကျသော စီးပွားရေးမောင်းနှင်အားတစ်ရပ်ဖြစ်ပါကြောင်း။

နေပြည်တော်တွင် ကျင်းပခဲ့သော 7th CLMV Summit နှင့် 6th ACEMECS Summit တို့မှ ထုတ်ပြန်ထားသောကြေညာချက်တွင် ဦးစားပေးပူးပေါင်းဆောင်ရွက်ရမည့်ကဏ္ဍများအဖြစ် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု၊ သယ်ယူပို့ဆောင်ရေး၊ စိုက်ပျိုးရေး၊ စက်မှုလုပ်ငန်း၊ စွမ်းအင်၊ ဆက်သွယ်ရေး၊ ခရီးသွားလုပ်ငန်းနှင့် လူ့စွမ်းအားအရင်းအမြစ် စသည့် ကဏ္ဍ(၈)ရပ်ကို ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နိုင်ငံတို့မှ နိုင်ငံအကြီးအကဲများက အတည်ပြုခဲ့ပြီးဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် CLMV ခရီးစဉ်ဒေသသည် ကမ္ဘာပေါ်ရှိ စိတ်ဝင်စားဖွယ်အကောင်းဆုံးသော ခရီးစဉ်ဒေသများအနက် တစ်ခုအပါအဝင်ဖြစ်လာစေရန်အတွက် အဖွဲ့ဝင် နိုင်ငံအသီးသီးရှိ ထူးခြားသော ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့အစဉ်အလာများ၊ ရှေးဟောင်းအမွေအနှစ်များ တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ထားရှိမှု၊ သဘာဝရှုမျှော်ခင်းများစသည့် ခရီးသွားလုပ်ငန်းအရင်းအမြစ်များကို ပိုမိုကျယ်ပြန့်စွာ မြှင့်တင်ကြေညာသွားရန် လိုအပ်ပါကြောင်း၊ ယနေ့အစည်းအဝေးတွင် CLMV နိုင်ငံများအကြား ရေရှည်တည်တံ့ပြီး တာဝန်ယူမှုရှိသောခရီးသွားလုပ်ငန်းဆိုင်ရာ အတွေ့အကြုံကောင်းများဖလှယ်ရေးနှင့် CLMV ခရီးစဉ်ဒေသသည် နိုင်ငံတကာခရီးစဉ်ဒေသတစ်ခုအဖြစ် ရောက်ရှိလာစေရေးအတွက် ဆွေးနွေးသွားကြရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးတွင်၂၀၁၅ ခုနှစ် ဇွန် ၂၂ ရက်က နေပြည်တော်၌ ကျင်းပခဲ့သော 7th CLMV Summit နှင့် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၆ ရက်က ကမ္ဘောဒီးယားနိုင်ငံတွင်ကျင်းပခဲ့သော 2nd CLMV ခရီးသွားလုပ်ငန်းဝန်ကြီးများအစည်းအဝေးမှ ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သောဆွေးနွေးချက် ရလဒ်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ အသီးသီးဆွေးနွေးခဲ့ကြသည်။

ထို့နောက် CLMV နိုင်ငံများမှ ခရီးသွားလုပ်ငန်းဝန်ကြီးများက ဒေသတွင်းခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးအတွက် သဘောတူကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

အလားတူ CLMV ခရီးသွားလုပ်ငန်းအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နိုင်ငံတို့မှ ခရီးသွားလုပ်ငန်း အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင့်သွင်က သဘာပတိအဖြစ် ဆောင်ရွက်သည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံမှ ၂၀၁၅ ခုနှစ် ဇွန် ၂၂ ရက်က နေပြည်တော်၌ ကျင်းပခဲ့သော 7th CLMV Summit တွင် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သော ဆွေးနွေးချက်ရလဒ်များနှင့် ကမ္ဘောဒီးယားနိုင်ငံမှ ကိုယ်စားလှယ်က ကမ္ဘောဒီးယားနိုင်ငံတွင် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၆ ရက်က ကျင်းပခဲ့သော 2nd CLMV ခရီးသွားလုပ်ငန်းဝန်ကြီးများအစည်းအဝေး၏ ဆွေးနွေးချက်ရလဒ်များကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ CLMV နိုင်ငံများ၏ ၂၀၁၃-၂၀၁၅ ခုနှစ် ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေး စီမံချက်တွင်ပါရှိသော သတင်းအချက်အလက်နှင့် အတွေ့အကြုံများဖလှယ်ရေး၊ ခရီးသွားလုပ်ငန်း ထုတ်ကုန်များဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းဝန်ဆောင်မှုအရည်အသွေးမြှင့်တင်ရေးနှင့် အဆင့်သတ်မှတ်ရေး၊ ခရီးသွားလုပ်ငန်းနှင့်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစသည့်အချက်များကို အသေးစိတ်ဆွေးနွေးကြသည်။

ထို့နောက် ၂၀၁၆-၂၀၁၈ ခုနှစ်အတွက် CLMV နိုင်ငံများ၏ ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေး အနာဂတ်စီမံချက်များအဖြစ် ခရီးသွားလာမှုလွယ်ကူချောမွေ့စေရေး၊ လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်ရေး၊ ဒေသတွင်းအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအခန်းကဏ္ဍပါဝင်စေရေး၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ဘဏ္ဍာငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများစသည့် တတိယအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ရေရှည်တည်တံ့ခိုင်မြဲသောခရီးသွားလုပ်ငန်းနှင့် တာဝန်သိခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရေးစသည်ဖြင့် အသေးစိတ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❒❒❒

## ဟသ်ာတ၊ ဇလွန်၊ ကလေးဝ၊ မုံရွာနှင့် တောင်ငူမြို့တို့ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၂၈**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟသ်ာတမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၄၉ စင်တီမီတာ (တစ်ပေခွဲခန့်)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၉၀ စင်တီမီတာ (သုံးပေခန့်) တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၅၃စင်တီမီတာ (တစ်ပေခွဲခန့်)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၂၄ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၄၉ စင်တီမီတာ(တစ်ပေခွဲခန့်) တွင်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၇၂ စင်တီမီတာ (နှစ်ပေခွဲခန့်) တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ **(ကြေးမုံ)**

## ပဲခူးနှင့်ရွှေကျင်မြစ်ရေ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၂၈**

ယနေ့နံနက် ၉ နာရီအချိန် တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၃၇ စင်တီမီတာ(တစ်ပေခန့်) တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၂၄ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

အလားတူ ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၅၀ စင်တီမီတာ(တစ်ပေခွဲခန့်) တွင်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှသိရသည်။ **(ကြေးမုံ)**

# အကြမ်းဖက်မှုတိုက်ဖျက်ရေးပူးပေါင်းဆောင်ရွက်ရန် အင်ဒိုနီးရှားနှင့် ဗြိတိန်သဘောတူညီ

ဂျကာတာ ဇူလိုင် ၂၈

အကြမ်းဖက်မှုနှင့် အစ္စလာမ္မစ်နိုင်ငံတော်(အိုင်အက်စ်)အဖွဲ့တို့ကို တိုက်ဖျက်သွားနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားကြရန် အင်ဒိုနီးရှားနှင့် ဗြိတိန်နိုင်ငံတို့ သဘောတူညီလိုက်ကြကြောင်း ပီတီအိုင်သတင်းဌာနက ဇူလိုင် ၂၈ရက်တွင် သတင်းထုတ်ပြန်သည်။

အိုင်အက်စ်စစ်သွေးကြွများ၏ ခြိမ်းခြောက်မှုနှင့်ပတ်သက်၍ မိမိတို့နှစ်နိုင်ငံစလုံးအတွက် စိုးရိမ်မှုများဖြစ်ကြရကြောင်း အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက ပြောကြားသည်။

ဝန်ကြီးချုပ်ကင်မရွန်းသည် အင်ဒိုနီးရှားနိုင်ငံမြို့တော်ဂျကာတာသို့ နှစ်ရက်ကြာအလည်အပတ်ခရီး ရောက်ရှိနေသည်။

ဂျကာတာနှင့်ဘာလီတို့ရှိလေဆိပ်များ၌ လုံခြုံရေးအစီအမံများ တိုးမြှင့်ဆောင်ရွက်ရေးကိစ္စအပါအဝင် အင်ဒိုနီးရှားနိုင်ငံ၏ အကြမ်းဖက်မှု တိုက်ဖျက်ရေးလုပ်ငန်းအား အထောက်အကူပေးမည့် အစီအစဉ်တစ်ရပ်ကို မိမိအကောင်အထည်ဖော်မည်ဟု ကင်မရွန်းက ကတိပြုပြောကြားသည်။



အင်ဒိုနီးရှားနိုင်ငံ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်း၌ဆောင်ရွက်နေသူ အရာရှိ ၅၀ ခန့်ကို ဗြိတိန်နိုင်ငံ၌ လေ့ကျင့်သင်တန်းပေးသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ အင်ဒိုနီးရှားနိုင်ငံသား ၅၀၀ခန့်သည် အိုင်အက်စ်အဖွဲ့တွင် ပါဝင်သည်ဟု မီဒီယာသတင်းများအရ သိရသည်။ **ပီတီအိုင်။**

## အီရတ်နိုင်ငံ ဒီယာလာပြည်နယ်၌ ဘောလုံးပွဲကျင်းပစဉ် ဗုံးပေါက်ကွဲ၊ လူလေးဦးသေဆုံး

ဘာကူဘာ ဇူလိုင် ၂၈

အီရတ်နိုင်ငံရှိ မငြိမ်မသက်ဖြစ်နေသော ဒီယာလာပြည်နယ်၌ ဇူလိုင်၂၈ ရက်က အပျော်တမ်းဖလားဘောလုံးပြိုင်ပွဲကျင်းပစဉ်အတွင်း ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူလေးဦးထက်မနည်းသေဆုံးပြီး ၁၀ဦးထက်မနည်းဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဘူဆေဒါမြို့၌ ဒေသဆိုင်ရာ အပျော်တမ်းဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲကျင်းပစဉ်တွင် လက်လုပ်ဗုံးသုံးလုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ကြောင်း၊ ယင်းမြို့မှာ အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်၏ အရှေ့မြောက်ဘက် ၇၅ကီလိုမီတာအကွာတွင်ရှိကြောင်း ပြည်နယ်ဆိုင်ရာစစ်ဘက်ဌာနချုပ်မှ ဗိုလ်မှူးကြီးတစ်ဦးက ပြောကြားသည်။

ယင်းဘောလုံးပြိုင်ပွဲ၌ ပါဝင်ကစားကြသည့် ဘောလုံးအသင်းများမှ ကစားသမားအချို့မှာလည်း ဗုံးပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများတွင် ပါဝင်ဖွယ်ရှိကြောင်းသတင်းတွင်ဖော်ပြသည်။ **ရိုက်တာ။**




## ထိုင်းအဲဝေးစ် အလုပ်အကိုင် ၁၄၀၀ နေရာ ယခုနှစ်တွင် လျှော့ချရန်စီစဉ်

ဗန်ကောက် ဇူလိုင် ၂၈

ထိုင်းအဲဝေးစ်အင်တာနေရှင်နယ် ကုမ္ပဏီသည် ဖွဲ့စည်းပုံပြုပြင်ပြောင်းလဲရေး အစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော်မည်ဖြစ်ရာ ယခုနှစ်တွင် အလုပ်အကိုင် ၁၄၀၀ နေရာကို မိမိသဘောဆန္ဒအရ အငြိမ်းစားယူသည့်နည်းလမ်းမှ တစ်ဆင့်လျှော့ချသွားမည်ဖြစ်ကြောင်း၊ အရှုံးပေါ်နေသည့်လေကြောင်းခရီးစဉ် ပျံသန်းမှုများကိုလည်း ဆိုင်းငံ့ထားမည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီ၏ ဥက္ကဋ္ဌက ပြောကြားသည်။

နှစ်နှစ်တာ အကောင်အထည်ဖော်မည့် အစီအစဉ်အရ လုပ်ငန်းဆောင်ရွက်မှုစရိတ်စကများနှင့် လုပ်ငန်းပမာဏတို့ကို ၂၀ရာခိုင်နှုန်းလျှော့ချသွားရန် ထိုင်းအဲဝေးစ် အင်တာနေရှင်နယ်ကုမ္ပဏီက ရည်မှန်းထားသည်။ အဆိုပါအစီအစဉ်အရ ကုမ္ပဏီ၏ လေယာဉ်များကို ပြန်လည်ရောင်းချခြင်းနှင့် ဝန်ထမ်းအင်အား လျှော့ချခြင်းတို့ပြုလုပ်ရန်လည်း မျှော်မှန်းထားသည်။

ထိုင်းအဲဝေးစ်အင်တာနေရှင်နယ် ကုမ္ပဏီသည် နိုင်ငံတော်က ထိန်းချုပ်သည့်ကုမ္ပဏီအချို့တွင် ပါဝင်ပြီး ၂၀၁၄ ခုနှစ် မေလတွင် တပ်မတော်အစိုးရ အာဏာရရှိခဲ့ချိန်နောက်ပိုင်း အစိုးရ၏ပြုပြင်ပြောင်းလဲရေးအစီအစဉ်တွင် အကျုံးဝင်သည့် ကုမ္ပဏီများတွင် ပါဝင်သည်။

ပြောင်းလဲနေသော အခြေအနေနှင့်အညီ အသုံးစရိတ်ဖြတ်တောက်လျှော့ချခြင်းနှင့် လေကြောင်းခရီးစဉ်များနှင့်ပတ်သက်၍ ပြန်လည်ကိုက်ညှိခြင်းတို့ ပြုလုပ်ရသည်မှာ ဖြစ်ရိုးဖြစ်စဉ်ဖြစ်ကြောင်း ကုမ္ပဏီဥက္ကဋ္ဌ ချာရန်ပေါင်ဂျိုတီကာရှီရာက ပြောကြားသည်။

အဆိုပါ ကုမ္ပဏီသည် အောက်တိုဘာ ၂၅ ရက်မှ စ၍ဗန်ကောက်မြို့မှ လော့စ်အိန်ဂျလိစ်မြို့သို့၊ ဗန်ကောက်မြို့မှ ရောမမြို့သို့ ပျံသန်းသည့် လေကြောင်းခရီးစဉ်များကို ရပ်ဆိုင်းမည်ဖြစ်သည်။ **ရိုက်တာ။**

## အိန္ဒိယရဲစခန်းကို သေနတ်သမားများ တိုက်ခိုက်၊ ခုနစ်ဦးသေ

ပန်ဂျပ် ဇူလိုင် ၂၈

လက်နက်ကိုင် သေနတ်သမားသုံးဦးက ပါကစ္စတန်နှင့် နယ်စပ် အိန္ဒိယပိုင် မြို့ငယ်တစ်ခုရှိ ရဲစခန်းကို ဇူလိုင် ၂၇ ရက် နံနက်ပိုင်းတွင် ဝင်ရောက်တိုက်ခိုက်မှုကြောင့် ခုနစ်ဦးသေဆုံးခဲ့သည်။

အိန္ဒိယနိုင်ငံ မြောက်ပိုင်း ပန်ဂျပ်ပြည်နယ် ရဲစခန်းက ယခုတိုက်ခိုက်မှုတွင် သေနတ်သမားများသည် မောင်းပြန်သေနတ်များနှင့် ဗုံးပစ်လောင်ချာများကို အသုံးပြုတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။ တိုက်ခိုက်မှုမှာ ၁၂ နာရီခန့်ကြာမြင့်ခဲ့သည်။ အိန္ဒိယတာဝန်ရှိသူများက သေနတ်သမားများသည် ပါကစ္စတန်ဘက်မှ အိန္ဒိယသို့ ဝင်ရောက်လာခြင်းဖြစ်မည်ဟု သံသယရှိနေသည်။

ယခုတိုက်ခိုက်မှုသည် ပါကစ္စတန်နယ်စပ်ရှိ အိန္ဒိယရဲဘက်နှင့် စစ်ဘက်အဆောက်အအုံများကို ပစ်မှတ်ထားတိုက်ခိုက်မှုများအပေါ် သံသယရှိနေသည့် နောက်ဆုံးတိုက်ခိုက်မှုဖြစ်သည်။အိန္ဒိယနိုင်ငံက ယခုတိုက်ခိုက်မှုကို ပါကစ္စတန်က ထောက်ခံအားပေးနေသည်ဟု စွပ်စွဲထားသည်။

အိန္ဒိယနှင့် ပါကစ္စတန်တို့သည် ကတ်ရှ်မီးယားဒေသပိုင်ဆိုင်ရေးအငြင်းပွားမှုဖြင့် နှစ်နိုင်ငံနယ်စပ်တွင် တိုက်ပွဲများ မကြာခဏဖြစ်ပွားလျက်ရှိကြသည်။ သို့သော် အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီနှင့် ပါကစ္စတန်ဝန်ကြီးချုပ် နာဝပ်ရှရစ်ဖ်တို့သည် ယခုလအစောပိုင်းတွင် တွေ့ဆုံပြီး နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရန် သဘောတူထားကြသည်။ **အင်န်အိတ်ချ်ကေ။**

## ကမ္ဘာ့အမြန်ဆုံးအားပြန်သွင်းနိုင်သော လျှပ်စစ်ဘတ်စ်ကား တရုတ်နိုင်ငံတွင် စတင်အသုံးပြု

နင်ဘို ဇူလိုင် ၂၈

အားအပြည့်သွင်းရန် ၁၀ စက္ကန့်မျှသာ ကြာသော ဘက်ထရီဖြင့် မောင်းနှင်သည့်ကမ္ဘာ့အမြန်ဆုံးအားပြန်သွင်းနိုင်သော လျှပ်စစ်ဘတ်စ်ကားများကို တရုတ်နိုင်ငံ နင်ဘိုမြို့၌ ဇူလိုင် ၂၈ ရက်တွင် ပထမဆုံးအကြိမ်အဖြစ် စတင်ပြေးဆွဲပြီဖြစ်သည်။

ဘတ်စ်ကားမှာ ရှီကျင်းပြည်နယ် နင်ဘိုမြို့ရှိ မှတ်တိုင် ၂၄ နေရာရှိသော ၁၁ ကီလိုမီတာရှိသည့် လမ်းကြောင်းတစ်ခုကိုပြေးဆွဲခြင်းဖြစ်ကြောင်း ဒေသန္တရအာဏာပိုင်များကဆိုသည်။ လာမည့်သုံးနှစ်အတွင်း လျှပ်စစ်ဘတ်စ်ကားစက်ရုံတည်ရှိရာ နင်ဘိုမြို့တော်တွင် အများပြည်သူသယ်ယူပို့ဆောင်ရေးအတွက် စုစုပေါင်း လျှပ်စစ်ဘတ်စ်ကားအစီးရေ ၁၂၀၀ အသုံးပြုသွားမည်ဖြစ်သည်။ မြန်နှုန်းမြင့်ရထားထုတ်လုပ်ရေးကုမ္ပဏီ CRRC ၏ လုပ်ငန်းခွဲတစ်ခုဖြစ်သော Zhuzhou Electric Locomotive မှ ဥက္ကဋ္ဌဖြစ်သူ ကျိုကျင်ဟီ၏အဆိုအရ လျှပ်စစ်ဘတ်စ်ကားမှာရပ်နားထားစဉ် သို့မဟုတ် ခရီးသည်များ အတင်အချပြုလုပ်စဉ် အားပြန်သွင်းပြီးတစ်ခါအားသွင်းပါက အနည်းဆုံး ၅ ကီလိုမီတာမောင်းနှင်နိုင်စွမ်းရှိကြောင်း သိရသည်။

ထို့အပြင် ပြီးခဲ့သည့်ဧပြီလက ထုတ်လုပ်မှုစနစ်စတင်ခဲ့သော အဆိုပါလျှပ်စစ်ဘတ်စ်ကားမှာ အခြားလျှပ်စစ်ကားများထက် ၃၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းထိ စွမ်းအင်သုံးစွဲမှုသက်သာသည်။ ယင်းလျှပ်စစ်ဘတ်စ်ကားတွင်ပါရှိသော လျှပ်စစ်စွမ်းအင်သိုလှောင်နိုင်သည့် အီလက်ထရွန်နစ်ကိရိယာကို အကြိမ်ရေတစ်သန်းအားသွင်းနိုင်ပြီး ဆယ်နှစ်ကြာအသုံးပြုနိုင်သည်။ **ဆင်ဟွာ။**



# မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာဖူလုံမှု ရေရှည်တည်တံ့စေရေးနှင့် အာဟာရပြည့်ဝစေရေး ဝိုင်းဝန်းကြိုးပမ်း

**နေပြည်တော် ဇူလိုင် ၂၈**

စားနပ်ရိက္ခာနှင့် အာဟာရဖူလုံရေးဆိုင်ရာလုပ်ငန်းကော်မတီ အစည်းအဝေး (၂/၂၀၁၅)ကို ယနေ့ နံနက် ၉ နာရီခွဲတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်အမှာစကား ပြောကြားသည်။**(ယာပုံ)**

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ စိုက်ပျိုးရေးနှင့် မွေးမြူရေး ဝန်ကြီးများ၊ ဗန်ကောက် FAO ရုံး၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးချုပ်၊ ဌာနေကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် စားနပ်ရိက္ခာနှင့် အာဟာရဖူလုံရေးဆိုင်ရာလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက စားနပ်ရိက္ခာနှင့် အာဟာရဖူလုံရေးလုပ်ငန်းသည် ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်ပါကြောင်း၊ ဆောင်ရွက်ပြီးစီးမှုများကို ပြန်လည်သုံးသပ်ပြီး ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

မဟာဗျူဟာကျသည့်မူဘောင်ကို ချမှတ်ရာတွင် ပြည်သူဗဟိုပြုပုံစံ၊ ပေါင်းစည်းမှုပုံစံဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယနေ့ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများတွင် စားနပ်ရိက္ခာဖူလုံရေးအတွက် ကမ္ဘာလုံးဆိုင်ရာ အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်နေကြပါကြောင်း၊ စက်တင်ဘာလတွင် ကျင်းပမည့် ကုလသမဂ္ဂညီလာခံတွင် ထောင်စုနှစ်လွန် ရည်မှန်းချက်များ (Sustainable Development Goals-SDGs) ကို အတည်ပြုမှာဖြစ်သည့်အတွက် SDGs ရည်မှန်းချက်ပန်းတိုင် အမှတ် (၂) ဖြစ်သည့် ငတ်မွတ်ခေါင်းပါးမှုအဆုံးသတ်ရေး၊ အစားအစာဖူလုံရေး၊ အာဟာရပြည့်ဝရေးအတွက် စားနပ်ရိက္ခာနှင့် အာဟာရဖူလုံရေးဆိုင်ရာမူဝါဒတွင် ထည့်သွင်း၍ အကောင်အထည်ဖော်နိုင်ရန်အတွက် မြန်မာနိုင်ငံ၏ မဟာဗျူဟာရေးဆွဲချမှတ်ရာတွင် ထည့်သွင်းစဉ်းစားသွားရန် လိုအပ်ပါကြောင်း၊ အမျိုးသားအဆင့်လုပ်ငန်းစဉ်များကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအကြား စနစ်တကျ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် အရေးကြီးသကဲ့သို့ လက်တွေ့အကောင်အထည်ဖော်နိုင်မည့် လုပ်ငန်းစဉ်များကိုလည်း ဦးစားပေးအလိုက် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

သို့မှသာ Zero Hunger Challenge တွင် ပါဝင်သည့် အသက် (၂) နှစ်အောက် ကလေးငယ်များ ကြီးထွားမှုနှောင့်နှေးစေခြင်းအား ရာနှုန်းပြည့် လျှော့ချပေးရန်၊ တစ်နှစ်ပတ်လုံး လုံလောက်သော အစာရေစာ ရာနှုန်းပြည့် ရရှိစေရန်၊ စားနပ်ရိက္ခာထုတ်လုပ်မှု စနစ်အားလုံး ရေရှည်တည်တံ့စေရန်၊ လုပ်ကွက်ငယ်တောင်သူများ၏ ထုတ်လုပ်မှုနှင့်ဝင်ငွေ ရာနှုန်းပြည့်တိုးမြှင့်စေရန်နှင့် အစားအစာလေလွင့်မှုပပျောက်စေရန် စသည့် မဏ္ဍိုင် ငါးခုကို အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါကြောင်း။

မဏ္ဍိုင်ငါးခု အောင်မြင်ရန်အတွက် အလေးထားစဉ်းစားရမည့် အရေးကြီးသည့် အချက်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ကုန်ထုတ်လုပ်မှုရေရှည်တည်တံ့ရေးဖြစ်ပါကြောင်း၊ စားနပ်ရိက္ခာဖူလုံရန်အတွက် ပင်မကြီး လေးခုဖြစ်သည့် အစားအသောက်ရရှိနိုင်မှု၊ အစားအစာရရှိရန် လက်လှမ်းမီရန်အတွက် စီးပွားရေးနှင့် အခြေခံအဆောက်အအုံဆိုင်ရာအခြေအနေ၊ အစားအစာကို ကျန်းမာရေးနှင့် ညီညွတ်စွာစားသုံးနိုင်မှုနှင့် အချိန်နှင့်အမျှ ဖြစ်ပေါ်နိုင်သည့် ဘေးကျရောက်ချိန်တွင် အစားအစာရရှိရန် စသည့် အချက်များကိုလည်း ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါကြောင်း။

FAO နှင့် ပူးပေါင်းဆောင်ရွက်မည့် National Zero Hunger Challenge ဆိုင်ရာ အစီအမံများအတွက် ၂၀၂၅ ခုနှစ်အတွင်းဆောင်ရွက်ရန် ရည်မှန်းထားရှိပြီး ရည်မှန်းချက်ပြည့်မီရေးအတွက် ကာလအပိုင်းအခြားအလိုက် လုပ်ငန်းစဉ်များကို ထည့်သွင်းရမည်ဖြစ်ပါကြောင်း၊ စားနပ်ရိက္ခာဖူလုံမှုကို အထောက်အကူပြုနေသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် သယံဇာတအရင်းအမြစ်များ စနစ်တကျ အသုံးပြုနိုင်ရေး၊ သဘာဝအရင်းအမြစ်များ ရေရှည်ထိန်းသိမ်းကာကွယ်နိုင်ရန် လိုအပ်သည့် ဆောင်ရွက်မှုများနှင့် ဖြည့်ဆည်းရမည်ဖြစ်ပါကြောင်း။

လယ်ယာစိုက်ပျိုးရေးသည် ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းဖြစ်သည့်အတွက် ကျေးလက်နေပြည်သူများ သာယာဝပြောရေးကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါကြောင်း၊ ဂေဟစနစ်ဖွံ့ဖြိုးပြီး လူမှုအဖွဲ့အစည်းနှင့် ပြည်သူများ အားကောင်းလာမှသာ လယ်ယာကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ လယ်ယာနှင့် မွေးမြူရေးလုပ်ငန်းများသည် ရေရရှိရေးပေါ်တွင် မူတည်နေသဖြင့် စားနပ်ရိက္ခာနှင့်အတူ ရေဖူလုံရေးအတွက်ကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများ စနစ်တကျ အကောင်အထည်ဖော်နိုင်ရန်အတွက် ထိရောက်ထက်မြက်သည့် စီမံခန့်ခွဲမှုစနစ်အားကောင်းရေးကို ဝိုင်းဝန်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

အနာဂတ်မျှော်မှန်းချက်များအရ စားနပ်ရိက္ခာမဖူလုံမှုနှင့် အာဟာရချို့တဲ့မှုများသည် နိုင်ငံများအကြား ဆက်၍ရှိနေဦးမည်ဟု ခန့်မှန်းထားပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရေရှည်အကျိုးကိုမျှော်လင့်၍ မဟာဗျူဟာများကို ချမှတ်သွားရမည်ဖြစ်ပါကြောင်း၊ တစ်ဦးကျဝင်ငွေများ တိုးတက်လာသော်လည်း တစ်ဦးကျစားသုံးမှုတွင် မလုံလောက်မှုများ ရှိနေဦးမည်ဖြစ်ပါကြောင်း၊ စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝရေးအတွက် လက်လှမ်းမီရေး ထည့်သွင်းစဉ်းစားထားရန် လိုပါကြောင်း၊ စားသုံးမှုပိုင်းတွင်လည်း ကျန်းမာသန့်စွမ်းပြီး အာဟာရဖြစ်စေသည့် အစားအသောက်များကို လူတိုင်းစားသောက်စေရေးနှင့် အစားအစာလေ့လွင့်မှုမရှိစေရေးအတွက် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ စားနပ်ရိက္ခာဖူလုံရေးတွင် အဓိကကျသည့် လယ်ယာကဏ္ဍ၏ တီထွင်ဆန်းစစ်မှုများကို စဉ်ဆက်မပြတ် ထည့်သွင်းစဉ်းစားသွားရမည်ဖြစ်ပြီး ပြည်တွင်းစားသုံးမှုအတွက် လိုအပ်သည့် အဓိကကုန်စည်များနှင့် အခြားကုန်စည်များအတွက် ထုတ်လုပ်မှုတိုးတက်ရေးသာမက ပို့ကုန်တိုးမြှင့်ရေးအတွက်လည်း စဉ်းစားရမည်ဖြစ်ပါကြောင်း။



လယ်ယာစိုက်ပျိုးရေးကိုသာ အားထားရမည့် အိမ်ထောင်စုများလည်း ဆက်လက်ရှိနေမည်ဖြစ်၍ မြို့ပြဖြစ်ထွန်းမှုနှင့်အတူ ကျေးလက်ဒေသဖွံ့ဖြိုးရေးကိုလည်း ဟန်ချက်ညီဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ မြို့ပြဖြစ်ထွန်းမှုနှင့်အတူ မြို့ပြစိုက်ပျိုးရေးတိုးတက်ဖြစ်ပေါ်ရေးကို နိုင်ငံတော်အပိုင်းအပြင် ပုဂ္ဂလိကအပိုင်းကလည်း ပါဝင်လာရန် စည်းရုံးဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ရှေ့လုပ်ငန်းစဉ်များ အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရန်နှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ပြီး အမြင်ချင်းဖလှယ်၍ မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာဖူလုံမှု ရေရှည်တည်တံ့စေရေးနှင့် အာဟာရပြည့်ဝစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းအဖြေရှာကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် FAO ၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးချုပ်က ကမ္ဘာနှင့်ဒေသတွင်း စားနပ်ရိက္ခာဖူလုံမှုအခြေအနေ၊ အနာဂတ်မျှော်မှန်းချက်နှင့် မြန်မာနိုင်ငံ၌ အကောင်အထည်ဖော်ရေးအတွက် Status of global and regional food security and future outlook and their implication to Myanmar နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တင်ပြချက်အပေါ် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဒေါက်တာကံဇော်နှင့် တက်ရောက်လာကြသူများက ရာသီဥတုနှင့် မြို့ပြပြောင်းလဲမှု၊ စိုက်ပျိုးရေးကဏ္ဍနှင့် လယ်ယာကဏ္ဍ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ တောင်သူလယ်သမားများနှင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ချရေး၊ အနာဂတ်တွင် စားနပ်ရိက္ခာဖူလုံရေး၊ ငတ်မွတ်မှုပပျောက်ရေး၊ ထုတ်ကုန်များနှင့် တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်ရေးနှင့် ဈေးကွက်ရရှိရေး၊ အစားအစာလုံခြုံရေး၊ ကျေးလက်နေပြည်သူများ ဝင်ငွေရပေါက်ရလမ်းများ တိုးတက်ရရှိရေး၊ ရေလုံလောက်စွာရရှိရေးတို့နှင့်စပ်လျဉ်း၍ အပြန်အလှန် မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယသမ္မတက FAO ၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးချုပ် Dr. Hiroyuki Konuma နှင့် မြန်မာနိုင်ငံဆိုင်ရာ FAO ဌာနကိုယ်စားလှယ် Ms. Bui Thi Lan တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

**(သတင်းစဉ်)**

## ဩဂုတ်လ ပထမ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမှုထက်ပိုပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမှုခန့်ရွာနိုင်သည်။

ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ခုနစ်ရက်မှ ကိုးရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် လေးရက်မှ ခြောက်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ခြောက်ပေမှ ခုနစ်ပေခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် လေးပေမှ ငါးပေခန့် လက်ရှိရေမှတ်များ၏ အထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ခြောက်ပေမှ ရှစ်ပေခန့်နှင့် မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် လေးပေမှ ငါးပေခန့် လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ **(ကြေးမုံ)**

## မြန်မာသင်္ဘောသား ၂၀ ၏ မိသားစုများအား ကရုဏာကြေးပေးအပ်

**ရန်ကုန် ဇူလိုင် ၂၈**

ရုရှားနိုင်ငံ အရှေ့ဖျားဒေသ ကမ်းလွန် Okhotsk ပင်လယ်ပြင်၌ ဧပြီ ၁ ရက်က နစ်မြုပ်ခဲ့သည့် ရုရှားငါးဖမ်းရေယာဉ် Dalniy Vostok ဖြစ်စဉ်တွင် ပါဝင်ခဲ့သည့် ကွယ်လွန်/ပျောက်ဆုံး မြန်မာသင်္ဘောသား ၂၀ အတွက် ကရုဏာကြေး အမေရိကန်ဒေါ်လာ ၃၀၀၀၀၀ ပေးအပ်ခြင်းအခမ်းအနားကို ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ဒေါပုံ)အစည်းအဝေးခန်းမ၌ ယမန်နေ့ မွန်းလွဲပိုင်းတွင် ကျင်းပရာ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန သင်္ဘောသားဌာနခွဲ ညွှန်ကြားရေးမှူး ဦးတိုးမြင့်က ကွယ်လွန်/ပျောက်ဆုံး မြန်မာသင်္ဘောသားတစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၅၀၀၀ နှုန်းဖြင့် သင်္ဘောသား၏ မိသားစုများသို့ ပေးအပ်သည်။

ရုရှားသင်္ဘောကုမ္ပဏီမှ ပေးအပ်သော ကရုဏာကြေး အမေရိကန်ဒေါ်လာ ၃၀၀၀၀၀ ကို ရုရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှတစ်ဆင့် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက လွှဲပြောင်းရရှိခဲ့ပြီး သင်္ဘောသား ၂၀ ၏ မိသားစုများသို့ ပြန်လည်ထုတ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**(တင်ထွန်းအောင်)**

**ဤဝါဆိုလသည် နွေတစ်ပိုင်း၊ မိုးတစ်ပိုင်းရောနှောနေသော လရာသီဖြစ်ပြီး နွေနှောင်းကာလ မိုးဦးလလည်း ဖြစ်ပါသည်။ နွေလည်းမပီ၊ မိုးမည်သေးသော အခါသမယ၊ နွေလိုလို မိုးလိုလို မသဲမကွဲဖြစ်ပေါ်နေသည်နှင့်အညီ နှစ်ရောင်ခြယ် နွေမိုးသရုပ်ဖော် ပန်းချီကားချပ်ကြီးသဖွယ် မြင်တွေ့ကြည်နူးခံစားရမည်ဖြစ်သည်။**

# ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာအမှန် မြတ်နိဗ္ဗာန်သို့

ဝိသဇ္ဇက(ပဲခူး)



မိုးဦးကာလဝါဆိုလ၏ မိုးကောင်းကင်ဝယ် အစိမ်းရောင်၊ အဝါရောင်၊ အနီရောင်၊ အမည်းရောင်၊ အဖြူရောင် စသည့် ဆေးရောင်စုံများ စီခြယ်ထားသော ချစ်စဖွယ်တိမ်တိုက်များအကြားမှ တစ်ခါတစ်ရံ လျှပ်နွယ်လျှပ်ပန်းများ ထိုးထွက်လင်းလက်လျက်ရှိသည်။ ဝါဆိုလ၏ ရွာသွန်းသောမိုးကြောင့် မြစ်ပြင်လယ်တောတစ်ခွင်လုံး ရေများဖုံးလွှမ်းနေပေတော့၏။ တစ်ဆယ့်နှစ်ရာသီလူးတားစာဆိုဦးယာကလည်း ဝါဆိုလနှင့်စပ်လျဉ်းသည့် လူးတားကဗျာတွင် **"ရာသီဇယ၊ ဝါဆိုလဟူ၊ မှိုင်းမြရီမှောင်၊ လျှပ်ရောင်ပြိုးပြက်၊ မည်းနက်ဖြူပြာ၊ ခိုးမိလ္လာနှင့်၊ စိမ်းဝါနီပြောင်၊ ရွာသွန်းဆောင်၍၊ သဲသောင်ရေသွယ်၊ ရှယ်၍မြစ်ကမ်း၊ ဖြည့်တင်းကျမ်းနှင့်၊ လွမ်း၍မအီ၊ သည်ရာသီ"** တွင် လွမ်းဆွေးဖွယ်ရေးဖွဲ့ခဲ့သည်။

ထို့ပြင် ယင်းသို့ ပသာဒကိုမြင်ရသူ ဘဝင်ခိုက်အောင် စာဆိုဦးဖြေကလည်း ရှုထောင့်တစ်မျိုးမှ အမြင်တစ်မျိုးဖြင့် **"တောတောင်မှောင်နက်၊ နတ်လှောင်းရက်မှာ၊ ပုန်းညက်မာလာ၊ ငုံပိုင်းတာနှင့် ရွှေညှာတစ်ဖုံ၊ ရေဝယ်သုန်လို့၊ ကမ်းခုံကျွန်းညို့၊ ဒိုက်မျောဝဲသို့တော့တယ်၊ ငှက်ဖိုမမယ်အောင်လည်း၊ သိုက်မြုံဆောင်၊ ဝါရှောင်သုံးတယ်နှင့် ထုံးချစ်လှယ်ကြို"** ဟု ဖွဲ့ထား၏။

ဝါဆိုလသည် ကရကဋ်ရာသီဖြစ်၏။ ပြုဗ္ဗာသာဠ်နက္ခတ်သည် လပြည့်ဝန်းနှင့် အတူ ယှဉ်ပြိုင်ထွန်းပ၏။ နေမင်းကား ဖုသျှနက္ခတ်နှင့်ယှဉ်ပြိုင်၏။ ရာသီရုပ်မှာ ပုစွန်လုံးဖြစ်၏။ ရာသီပန်းမှာလည်း ပုန်းညက်ပန်း၊ မြတ်လေးပန်းတို့ဖြစ်ကြခြင်းနှင့် ရှေးမြန်မာမင်းများက ပဉ္စင်းခံပွဲတော်ကို ကျင်းပကြ၏။

ပဉ္စင်းခံပွဲတော်သည် နယုန်လစာတော်ပြန်ပွဲနှင့် ဆက်စပ်လျက်ရှိ၏။ စာတော်ပြန်ပွဲတွင် စာအောင်သူများထံမှ တစ်သက်လုံးဖြစ်စေ၊ ခေတ္တခဏဖြစ်စေ၊ ရဟန်းခံမည့်သူ ၂၅ ဦးခန့်ရှိမည်ဆိုလျှင် ဘုရင်မင်းမြတ်ကိုယ်တိုင်က ထိုပုဂ္ဂိုလ်များ၏ ရဟန်းဒါယကာအဖြစ်ခံယူ၍ ရဟန်းခံပွဲကျင်းပလေ့ရှိ၏။ ယင်းရဟန်းမှာ သာသနာ့ဘောင်တွင် ပျော်ပိုက်အောင် ဘုရင်က လိုလေသေးမရှိအောင် ထောက်ပံ့၏။ ကျောင်းအလိုရှိလျှင် ကျောင်းဆောက်ပေး၏။ ရွှေညောင်စောင်း၊ မှီအုံးစောင် စသည်တို့ကိုလည်းကောင်း၊ လိုအပ်သော စာဝါပေထုပ်များကို လည်းကောင်း ပို့ပေး၏။ သာသနာတော်ကြီး ပြန့်ပွားစေရန်အတွက် ပေပင်ကအစ ပြုစုပျိုးထောင်စိုက်ပေး၏။

ရှေးခေတ်က နယုန်လစာတော်ပြန်ပွဲ၌ စာအောင်သူတို့ကို ဝါဆိုလတွင် ပဉ္စင်းခံရှင်ပြုပေးလေ့ရှိသည်။ နောက်ပိုင်းခေတ်များတွင် စာပြန်ပွဲအောင်သူများအပြင် ဆင်းရဲသားများထဲမှ သင့်လျော်သူများကို ပဉ္စင်းလောင်း၊ ရှင်လောင်းများအဖြစ် ရွေးချယ်ပြီး ငါးရာ တစ်ထောင် စသည်ဖြင့် များပြားစွာ ပဉ္စင်းခံရှင်ပြုပေးလာခဲ့ကြ၏။ ပဉ္စင်းခံရှင်ပြုပွဲကို ဝါဆိုလပြည့်နေ့တွင် ပြောင်းလဲကျင်းပလေ့ရှိ၏။

ဝါဆိုလဟူသည် ရဟန်းသံဃာတော်တို့ မိမိ၏ ကျောင်းအရာမ်အတွင်း၌ ဝါတွင်းသုံးလပတ်လုံး အရပ်တစ်ပါးသို့ မရွှေ့ပြောင်းဘဲ နေထိုင်သီတင်းသုံးခြင်းကို ရည်စူး၍ ဝါဆိုလဟုခေါ်ကြောင်း ဖော်ပြပြီးဖြစ်၏။ မြတ်စွာဘုရားရှင်လက်ထက်၌ ဘိက္ခုနှင့်ဘိက္ခုနီမအပါအဝင် သံဃာများသည် ဝါတွင်းကာလ၌ ဒေသစာရီကြွချီလေ့ရှိသည်။ ဤကဲ့သို့ အရပ်ရပ်သို့ လှည့်လည်သည်ရှိသော် စိမ်းစိုသော မြက်ခင်းနှင့်တကွ စိုက်ပျိုးထားသော လယ်ယာတို့သည် ပျက်စီးခြင်းသို့ရောက်ကြကုန်၏။ ထိုအခါ လယ်ယာဦးကြီးတို့က "ဘိက္ခု၊ ဘိက္ခုနီမတို့သည် ဝါတွင်း၌ ခရီးသွားကြခြင်းကြောင့် စိမ်းစိုသောမြက်ခင်းကိုနင်း၍ ပိုးမွှားအစရှိသော သတ္တဝါတို့၏ အသက်ကို ဖျက်ဆီးကြလေသည်"ဟူ၍ ဝေဖန်ပြောကြားသည်ကို အကြောင်းပြု၍ မြတ်ဘုရားရှင်သည် "ရဟန်းသံဃာများကို ဝါတွင်း၌ ဒေသစာရီလှည့်လည်သွားပါက ပါစိတ်အာပတ်သင့်၏" ဟုဆုံးမတော်မူလေသည်။ ထို့ကြောင့် ဝါဆိုလပြည့်နေ့မှစ၍ သီတင်းကျွတ်လပြည့်နေ့အထိဖြစ်သော ဝါတွင်းသုံးလတွင် သံဃာသည် "ဣမသ္မိံ ဝိဟာရ ရေ ဣမံတေမာသံ ဝဿံ ဥပေမိ" ဟုရွတ်ဆို၍ မိုးတွင်းသုံးလပတ်လုံး ဤကျောင်းအရာမ်၌ သီတင်းသုံးနေထိုင်မည်ဟု အဓိဋ္ဌာန်ပြုရသည်။ ဤကဲ့သို့ ဝါကပ်ကာ သံဃာတို့နှင့်ဆိုင်သော အကျင့်သီလသိက္ခာကို စောင့်ထိန်းကြရသည်ကို အကြောင်းပြု၍ ဝါဆိုလ ဝါကပ်သောလဟု ခေါ်လေ၏။

လွန်ခဲ့သောနှစ်ပေါင်းနှစ်ထောင့်ငါးရာကျော်က မိဂဒါဝုန်တောမှာ ကမ္ဘာပေါ်တွင် မပေါ်သေးသော သစ္စာလေးပါး မြတ်တရားတော်ဖြင့် ဒုက္ခအပေါင်းတို့သံသရာလည်ပုံကို မြတ်ဘုရားရှင်သည် ပြသခဲ့သည်။

မဟာသက္ကရာဇ် ၁၀၃ ခု ကဆုန်လပြည့်နေ့တွင် ဉရုဝေလတော နေရဉ္ဇရာမြစ်ကမ်းရှိ မဟာဗောဓိပင်အောက် ရွှေပလ္လင်တော်ဝယ် လောက၌ သိသင့်သိထိုက်သောအရာမှန်သမျှ ကွင်းမဲ့ကုန်စင်အောင် ကောင်းစွာ သိမြင်တော်မူသော ရှင်တော်မြတ်ဘုရားသည် ဉရုဝေလတောမှ တစ်ဆယ့်ရှစ်ယူဇနာဝေးသော ပဉ္စဝဂ္ဂီငါးဦးတို့နေထိုင်ရာ ဗာရာဏသီပြည်အနီး မိဂဒါဝုန်ရဂုံမြိုင်အတွင်း တရားဦးကို ဟောကြားရန် ကြွချီခဲ့ခြင်းဖြစ်၏။

ဤဝါဆိုလနှင့်စပ်လျဉ်း၍ မြတ်စွာဘုရားသည် အခါတော်ခုနစ်ပါးရှိ၏။

- မဟာသက္ကရာဇ် ၆၇ ခုနှစ် ဝါဆိုလပြည့်(ကြာသပတေးနေ့)မှာ သန္ဓေယူသည်။
- မဟာသက္ကရာဇ် ၆၈ ခုနှစ် ကဆုန်လပြည့်နေ့(သောကြာနေ့)မှာ ဖွားမြင်တော်မူသည်။
- မဟာသက္ကရာဇ် ၉၇ ခုနှစ် ဝါဆိုလပြည့်နေ့(တနင်္လာနေ့)မှာ တောထွက်တော်မူသည်။
- မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့(ဗုဒ္ဓဟူးနေ့)မှာ ဘုရားဖြစ်တော်မူသည်။
- မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလပြည့်နေ့(စနေနေ့)မှာ ဓမ္မစကြာတရားဟောတော်မူသည်။
- မဟာသက္ကရာဇ် ၁၄၈ ခုနှစ် ကဆုန်လပြည့်နေ့(အင်္ဂါနေ့)မှာ ပရိနိဗ္ဗာန်စံတော်မူသည်။
- မဟာသက္ကရာဇ် ၁၄၈ ခုနှစ် ကဆုန်လပြည့်ကျော် ၁၂ ရက်(တနင်္ဂနွေနေ့)မှာ တေဇောဓာတ်လောင်ကျွမ်းတော်မူသည်။

အခါတော်ခုနစ်ပါးတွင် မြတ်စွာဘုရားဖွားမြင်တော်မူသောနေ့၊ ဘုရားဖြစ်တော်မူသောနေ့၊ ပရိနိဗ္ဗာန်စံတော်မူသောနေ့တို့သည် ကဆုန်လပြည့်နေ့ဖြစ်သည်။ မြတ်စွာဘုရားသန္ဓေယူသောနေ့၊ တောထွက်တော်မူသောနေ့၊ ဓမ္မစကြာတရားဟောသောနေ့တို့သည် ဝါဆိုလပြည့်နေ့ဖြစ်သည်။

ဝါဆိုလပြည့်နေ့ ညဥ့်ဦးယံအချိန်ဝယ် မိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီငါးဦးတို့အား ဟောကြားသော တရားတော်မှာ-

ယုတ်ညံ့သောရွာသူတို့၏ အမှုကိစ္စ၊ ပုထုဇဉ်တို့၏ အလေ့အကျင့်စသည့်အရိယာသူတော်စင်တို့၏ အကျင့်မဟုတ်သော မိမိတို့လိုလားအပ်သည့် အကျိုးစီးပွားအစစ်နှင့် မဆိုင်သော အဆင်း၊ အနံ့၊ အရသာ၊ အတွေ့ဟူသည့် အာရုံတို့နှစ်သက်သာယာလျက် အဖန်တလဲလဲခံစားအပ်သော တရားအစုနှင့် ဆူးငြောင့်ကိုမှီ၍ အိပ်ခြင်း၊ မီးလှုံခြင်း၊ ရေခပ်ခြင်း၊ တုံးခုန်ခြင်းစသည့် တိတ္ထိတို့၏ အမှုကိစ္စဖြစ်သော အရိယာသူမြတ်တို့၏ အကျင့်မဟုတ်သော မိမိတို့ လိုလားအပ်သည့် အကျိုးစီးပွားအစစ်နှင့်မဆိုင်သော တရားဓမ္မရကြောင်း မဟုတ်သည့်အကျင့်တို့ဖြင့် မိမိကိုယ်ကို ပင်ပန်းအောင် ညှဉ်းဆဲသောတရားအစုများလည်းရှိ၏။

ထိုသို့ တရားဓမ္မရကြောင်းမဟုတ်သော အစွန်းရောက်တရားအစုနှစ်ခုကို ရှောင်ကြဉ်ပြီး မဇ္ဈိမပဋိပဒါအလယ်အလတ်ကျင့်တရားသည်သာအမှန်ဖြစ်၏။ ရုပ်နာမ်သည်လည်း ဆင်းရဲ၏။ ပဋိသန္ဓေနေရခြင်းသည်လည်းဆင်းရဲ၏။ မချစ်မနှစ်သက်သော သူနှင့်ပေါင်းရခြင်းသည်လည်း ဆင်းရဲ၏။ ချစ်သောသူနှင့် ခွဲခွာရခြင်းသည်လည်း ဆင်းရဲ ၏။ လိုချင်တာကိုမရခြင်းသည်လည်း ဆင်းရဲခြင်းဖြစ်၏။ အမှန်အားဖြင့်ခန္ဓာငါးပါး ရုပ်နာမ်အစုတို့သည်လည်း ဆင်းရဲစေခြင်းကိုဖြစ်ကုန်၏။

မြတ်ဘုရားရှင်သည် ထိုးထွင်း၍ သိတော်မူအပ်သော သစ္စာလေးပါးကို မြင်အပ်သည့် ပညာမျက်စိကိုပြုတတ်သော၊ သစ္စာလေးပါးအား သိခြင်းကို ပြုတတ်သောတရားကို တွေ့ရှိခဲ့၏။ ထိုတရားသာလျှင် ဝဋ်ဆင်းရဲမှလွတ်မြောက်လိုသောသူတို့ ကျင့်အပ်သော မြတ်သော အကျင့်ဖြစ်ကြောင်းကို ဟောကြားခဲ့သည်။ ယင်းသို့ ကျင့်စေလိုသောတရားသည် မဂ္ဂင်ရှစ်ပါးသာလျှင်ဖြစ်၏။

ဝါဆိုလပြည့်နေ့တွင် မြတ်ဘုရားရှင်သည် ဓမ္မစကြာတရားကို ဟောကြားတော်မူပြီးသည့်နောက် ထိုနေရာအနီးမှာပင် ငါးရက်မြောက်နေ့တွင် အနတ္တလက္ခဏသုတ်တော်ကို ဟောကြားတော်မူသည်။

ဝါဆိုလကား ဘုရားသာသနာတော်ကို ထူထောင်၍သာသနာတော်၏ အထောက်အပံ့ဖြစ်သော သံဃာ့အဖွဲ့အစည်းကို ခိုင်မာစွာပြုစုသောလဖြစ်၏။ ဝါဆိုလတွင် တရားဦးတရားမြတ်ကို ဖော်ညွှန်းပြဆိုသောလဖြစ်သည်သာမက လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်နေကြသောလဖြစ်၏။ မြတ်ဘုရားရှင်ဟောကြားတော်မူသော အစွန်းတရားနှစ်ပါးမှ လွတ်ကင်းသော ဒုက္ခခပ်သိမ်းကင်းငြိမ်းစေမည့် မဂ္ဂင်ရှစ်ပါးတရားတော်မြတ်ကို ကျင့်ကြံအားထုတ်ကြရသည့် အချိန်အခါကျရောက်သောလလည်းဖြစ်လေ၏။

လယ်ယာဦးကြီးတို့ကလည်း စိုက်ပျိုးရေးလုပ်ငန်းခွင် ဝင်လျက်ရှိသည့် အလျောက် ထွန်တုံးထွန်တံကိုင်ကာ ထွန်ယက်စိုက်ပျိုးနေပြီး ပျိုမေတစ်သင်းကလည်း ပျိုးနုတ်ကောက်စိုက်ကြရန် ပြင်ဆင်နေကြပြီးဖြစ်၏။ လယ်ယာမြေတစ်ခွင်လုံးတွင် ကောက်စိုက်သူပျိုမေတို့၏ တေးသံသာများက-

"- - - ပျိုလေးတို့ကောက်စိုက်ရာ
လိုက်လာနှင့်လေး၊ လိုက်လာလျှင်
ရွှံ့စင်ရှောမယ် ဖောင်းကြော့ရင်သွေး၊
- - - ညည်းစိုက်တဲ့ ကောက်ပင်ငယ်
မှန်းဘယ်မျှကြီး၊ ဟောကြည့်စမ်း၊
တစ်နှံ့ကို ဆယ်ပြည်ထွက်တယ်
ဖြိုးအက်လို့ သီး - - -"

လယ်ယာမြေမှ ကောက်စိုက်သူပျိုမေတို့၏ အမောဖြေသောရိုးစင်းသည့် တေးကဗျာဖြစ်ပေ၏။ ကောက်စိုက်သူပျိုမေတို့၏ တေးသံသာတို့သည် ဆွတ်ပျံ့ဝေစည်နေသကဲ့သို့ သီတင်းသီလဆောက်တည်၍ ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာအမှန် မြတ်နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ကြရန် ဓမ္မစကြာတရားတော်ကို ရွတ်ဆိုပျံ့လွင့်လျက်ရှိသော ဝါဆိုလအခါသမယပင်ဖြစ်လေသတည်း။ ။

***

# ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး သင်တန်းဖွင့်

**ရန်ကုန် ဇူလိုင် ၂၈**

ရန်ကုန်အနောက်ပိုင်းခရိုင် လသာမြို့နယ်နှင့် ဆိပ်ကမ်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၅ ရက် နံနက် ၈ နာရီက အထက(၂)လသာ မြည်ီလာခန်းမ၌ကျင်းပရာ ရန်ကုန်အနောက်ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌဦးအောင်မိုးမြင့်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး လသာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်မင်းက ရွေးကောက်ပွဲဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဆိပ်ကမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းလွင်၊ လသာမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျင်မှိန်နှင့်ဆိပ်ကမ်းမြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးထွန်းအောင်တို့က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

အဆိုပါ သင်တန်းကို လသာမြို့နယ်နှင့် ဆိပ်ကမ်းမြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ လသာမြို့နယ်အတွင်းရှိ မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်သင်တန်းသား ၁၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂိုအာမြို့ရှိ လေယာဉ်နှင့်ရေငုပ်သင်္ဘောများအား ကြည့်ရှုလေ့လာ

**နေပြည်တော် ဇူလိုင် ၂၈**

အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၂၇ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲတွင် အိန္ဒိယသမ္မတနိုင်ငံ ဂိုအာမြို့ရှိ India Naval Aviation Spuadron (INS Hansa) တွင် ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ ရှင်းလင်းဆောင်၌ Comodore Shalinder Singh က INS Hansa နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များက သိရှိလိုသည်များအား မေးမြန်းဆွေးနွေးပြီး INS Hansa ရှိ လေယာဉ်များ၊ **(အပေါ်ပုံ)** Goa Port ရှိ အိန္ဒိယတပ်မတော် ရေငုပ်သင်္ဘောတို့အား ကြည့်ရှုလေ့လာသည်။

ဆက်လက်၍ နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် Goa Shipyard Limited သို့ သွားရောက်၍ Shipyard လုပ်ငန်းခွင်အတွင်း ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သောအဖွဲ့သည် ဂိုအာမြို့မှ ပူနေးမြို့သို့ အိန္ဒိယတပ်မတော်လေယာဉ်ဖြင့် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် ထွက်ခွာရာ Fleet Officer, Goa Commanding Area မှ Rear Admiral Ravneet Singh နှင့်ဇနီး၊ တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

Goa Shipyard Limited သည် အိန္ဒိယနိုင်ငံ၏ သင်္ဘောတည်ဆောက်ရေးလုပ်ငန်းများတွင် ဦးဆောင်လျက်ရှိသော သင်္ဘောကျင်းတစ်ခုဖြစ်ပြီး ၁၉၅၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံ ပေါ်တူဂီအစိုးရက သင်္ဘောများ တည်ဆောက်ရန်အတွက် Estaleiros Navais de Goa အမည်ဖြင့် စတင်တည်ဆောက်ခဲ့သည်။ ယခုအခါ သင်္ဘောတည်ဆောက်ရေးလုပ်ငန်းများအား နောက်ဆုံးပေါ် နည်းပညာများဖြင့် ခေတ်မီစွာပြင်ဆင် တည်ဆောက်လျက်ရှိကြောင်း သိရသည်။ **(မြဝတီ)**

# ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မော်တော်ကားစက်ရုံကြည့်ရှုလေ့လာ

**နေပြည်တော် ဇူလိုင် ၂၈**

အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဂိုအာမြို့မှ တစ်ဆင့် ပူနေးလေဆိပ်သို့ ဇူလိုင် ၂၇ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် ရောက်ရှိရာ Airforce Station PUNE မှ Chief Operation Officer, Group Captain Vij နှင့် ဇနီးတို့က ကြိုဆိုကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပူနေးလေဆိပ်မှ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာရာ TA TA MOTORS Limited သို့ ညနေ ၃ နာရီ မိနစ် ၄၀ တွင် ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက ကုမ္ပဏီနှင့်ပတ်သက်သည့် အချက်အလက်များအား Power Point ဖြင့် ရှင်းလင်းတင်ပြပြီး လုပ်ငန်းခွင်အတွင်း ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ချစ်ကြည်ရေးအဖွဲ့သည် မော်တော်ယာဉ်များဖြင့် TA TA MOTORS မှ ပြန်လည်ထွက်ခွာလာရာ ခေတ္တတည်းခိုသည့် JW Marriott ဟိုတယ်သို့ ညနေ ၆ နာရီတွင် ရောက်ရှိသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သောအဖွဲ့သည် ညပိုင်းတွင် JW Marriott ဟိုတယ်၌ TA TA MOTORS Limited၊ Executive Director Mr. Ravi Pisharody နှင့်ဇနီးတို့က တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်သည်။

TA TA MOTORS သည် အိန္ဒိယနိုင်ငံ၌ နိုင်ငံတကာအခြေစိုက် မော်တော်ကား ထုတ်လုပ်ရောင်းချသည့် ကုမ္ပဏီတစ်ခုဖြစ်ပြီး TA TA Group ၏ ကုမ္ပဏီခွဲတစ်ခုလည်းဖြစ်သည်။ နိုင်ငံတကာ မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီများအနက် ကမ္ဘာ့အဆင့် ၁၇ ရှိသော အကြီးဆုံး မော်တော်ကားထုတ်လုပ်ရေး ကုမ္ပဏီတစ်ခုဖြစ်ပြီး ကုန်တင်ကားထုတ်လုပ်ရာတွင် ကမ္ဘာ့အဆင့်လေးနှင့် ဘတ်စ်ကားထုတ်လုပ်ရာတွင် ကမ္ဘာ့အဆင့်နှစ် သတ်မှတ်ခံရသော ကုမ္ပဏီတစ်ခုဖြစ်သည်။ **(မြဝတီ)**



**TA TA MOTORS လုပ်ငန်းခွင်အား တွေ့ရစဉ်။** (မြဝတီ)

# သပိတ်ကျင်းမြို့နယ် တောင်လယ်ကျေးရွာတွင် တောင်ကျရေစီးဝင်မှုကြောင့် လူငါးဦးသေဆုံးပြီး လူသုံးဦးနှင့်တိရစ္ဆာန်များ ရေစီးဖြင့်မျောပါပျောက်ဆုံး

**သပိတ်ကျင်း ဇူလိုင် ၂၈**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ်တွင် ဇူလိုင် ၂၅ ရက်က မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ကျောက်ဖြူကျေးရွာအုပ်စု တောင်လယ်ကျေးရွာတွင် မောင်ဂွေးချောင်းမှ တောင်ကျရေများ စီးဝင်လာပြီး နံနက် ၁ နာရီခွဲခန့်တွင် ချောင်းနံဘေးရှိ နေအိမ်များမှ အမျိုးသားလေးဦးနှင့် အမျိုးသမီးလေးဦးတို့ ရေထဲမျောပါသွားရာ ငါးဦးကိုသေဆုံးလျက် ပြန်လည်ရှာဖွေတွေ့ရှိခဲ့ပြီး သုံးဦးမှာ ပျောက်ဆုံးလျက်ရှိသည်။

အဆိုပါ တောင်ကျရေနှင့်အတူ တောင်လယ်ကျေးရွာမှ နွား ၂၃ ကောင်နှင့် ကျွဲတစ်ကောင် မျောပါပျောက်ဆုံးပြီး စပါးခင်းများလည်း ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။

တောင်လယ်ကျေးရွာသည် မန္တလေး-မိုးမိတ်ကားလမ်းနံဘေးတွင် တည်ရှိပြီး အိမ်ထောင်စု ၅၀၁ စုနှင့် လူဦးရေ ၂၀၃၈ ဦးနေထိုင်ကြောင်း၊ တောင်လယ်ကျေးရွာနှင့် တွင်းငယ်ကျေးရွာအတွင်းရှိ ရေညှာဦးတံတားနှင့် တောင်လယ်ကျေးရွာ ချောင်းကူးတံတားများ ပျက်စီးခဲ့သဖြင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများ ဖြစ်ပေါ်လျက်ရှိရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်းအဖွဲ့သည် ကယ်ဆယ်ရေးပစ္စည်းများ ပို့ဆောင်ခြင်း၊ လမ်းတံတားများ ပြန်လည်ပြုပြင်ခြင်းနှင့် ယာယီတံတားများ ဆောက်လုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

**ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။**



# ကျော်သက်နှင့် စောဆန်းအောင်အဖွဲ့မှ အဖွဲ့ဝင် ၅၈ ဦး ဥပဒေဘောင်အတွင်း ထပ်မံဝင်ရောက်

**နေပြည်တော် ဇူလိုင် ၂၈**

နိုင်ငံတော်အစိုးရနှင့် တပ်မတော်တို့၏ သဘောထားမှန်များကို သိရှိနားလည်လာခြင်းကြောင့် ကျော်သက်နှင့် စောဆန်းအောင်အဖွဲ့မှ အဖွဲ့ဝင်များ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ထီးဟူသံကျေးရွာရှိ နယ်ခြားစောင့်တပ် (BGF) သို့ စောဘိကြည် ခေါင်းဆောင်သော အဖွဲ့ဝင် ၅၈ ဦးသည် လက်နက်မျိုးစုံ ၄၅ လက်၊ ဗုံးသီးမျိုးစုံ ၆၇ လုံး၊ ကျည်မျိုးစုံ အတောင့် ၂၃၁၀၊ ကျည် အိမ်မျိုးစုံ ၇၉ ခု၊ ရှေ့ထွက်မိုင်းသုံးလုံး၊ လက်ပစ်ဗုံး တစ်လုံးတို့နှင့်အတူ ဥပဒေဘောင်အတွင်း ထပ်မံဝင်ရောက်ခဲ့သည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများအား နွေးထွေးစွာကြိုဆိုပြီး လိုအပ်သည်များ ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။ **(မြဝတီ)**

**မဒေါက်၊ ငါးသိုင်းချောင်းမှ**

အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယနေ့ မွန်းလွဲ ၂ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ခုနစ်စင်တီမီတာ (သုံးလက်မခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ **(ကြေးမုံ)**

**ရှေ့ဖုံးမှ**

ပူးပေါင်းအဖွဲ့များဖြင့် သွားရောက်ပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ရေတိုက်စားခဲ့သည့် လမ်းပခုံးသားများအား သဲအိတ်များချ၍ ပြန်လည်ပြုပြင်ခြင်းနှင့် ရေဝင်ရောက်ခဲ့သည့် ကျေးရွာများတွင် ရွှေ့လျားဆေးခန်းများဖြင့် ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ ထမင်းထုပ်များ ဝေငှပေးခြင်းနှင့် အခြားလိုအပ်သည်များကို ဇရစ်ကျေးရွာတွင် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ပြီး တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ကျေးရွာများမှ ရေဘေးသင့်သူများအတွက် မန္တလေးမြို့ နိဗ္ဗာန်သုခ အလှူရှင်အသင်းမှ ငွေကျပ် ၂၃ သိန်းကျော် တန်ဖိုးရှိ ငါးသေတ္တာ၊ ဘီစကစ်၊ ခေါက်ဆွဲခြောက်အပါအဝင် အစားအသောက်များ၊ အဝတ်အထည်နှင့် အခြားအသုံးအဆောင်ပစ္စည်းများကိုလည်းကောင်း၊ မုံရွာမြို့ သာသနာ့ရောင်ခြည်သီလရှင်စာသင်တိုက်မှ ဦးစီးသည့် အလှူရှင်များက ဆန် ခုနစ်ပိုင်း၊ ဓာတ်ဆား တစ်အိတ်၊ ရေသန့်ဘူး ၁၀ ကတ်၊ ငါးပိဘူး သုံးထောင်၊ ထမင်းထုပ် ၁၅၀၀၊ အဝတ်အစား ၁၃ အိတ်တို့ကိုလည်းကောင်း အသီးသီးလာရောက်လှူဒါန်းကြကြောင်း သိရှိရသည်။ **(ခရိုင်ပြန်/ဆက်)**

## ပြည်တွင်းရေးရာ

■ ကျောဖုံးမှ

မီဒီယာများအား အသိပေးဖြန့်ဝေနိုင်ရန်၊ ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများကိုလည်း ကျန်းမာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု၏ အရေးပါပုံကို မီးမောင်းထိုးပြရန် စသည့်ရည်ရွယ်ချက် (၄)ရပ်ဖြင့် ကျင်းပမည်ဖြစ်ပါကြောင်း။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဆန်းစစ်မှုအရ မြန်မာနိုင်ငံသည် ကုလသမဂ္ဂထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များပြည့်မီရေး လမ်းကြောင်းမှန်ပေါ်တွင် ရောက်ရှိနေသော်လည်း စိန်ခေါ်မှုများစွာ ကျန်ရှိနေပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ယခုနှစ် စက်တင်ဘာလတွင် ကျင်းပမည့် ကုလသမဂ္ဂအထွေထွေညီလာခံသို့ အဆိုပြုတင်ပြသွားမည့် ရေရှည်တည်တံ့နိုင်သော ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များကို ထောက်ခံကြိုဆိုပါကြောင်း မကူးစက်နိုင်သော ရောဂါများ၊ ဦးစားပေးခြင်းမခံရသော အပူပိုင်းဒေသဆိုင်ရာ ရောဂါများနှင့် လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှုရရှိရေး စသည့် အကြောင်းအရာများ ပါဝင်သည့်အတွက် ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှုရရှိရေးအတွက် ပထမအဆင့်အနေဖြင့် ကမ္ဘာ့ဘဏ်၏ နည်းပညာနှင့် ငွေကြေးအကူအညီဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

ကြုံတွေ့နေရသည့် ကျန်းမာရေးဆိုင်ရာ အခက်အခဲအနေဖြင့် ပထမအချက်မှာ ပြည်သူလူထုအနေဖြင့် ရောဂါကာကွယ်ရေးနှင့် ကျန်းမာရေးအဆင့်မြှင့်တင်ဆောင်ရွက်ရေးလုပ်ငန်းများကို နားလည်သဘောပေါက်ရန် လိုအပ်ခြင်းဖြစ်ကြောင်း၊ သတင်းမီဒီယာများသည်လည်း ပြည်သူ့ကျန်းမာရေးအဆင့်မြှင့်တင်ရေးလုပ်ငန်းများတွင် အရေးကြီးသည့်အခန်းကဏ္ဍက ပါဝင်နေပါကြောင်း။

ဒုတိယအချက်မှာ ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးသည် ကြီးမားသည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေကြောင်း၊ တတိယအချက်မှာ မကူးစက်တတ်သောရောဂါ ဖြစ်ပွားမှုများသည် ကြီးမားသောခြိမ်းခြောက်မှုတစ်ရပ်ဖြစ်လာကြောင်း၊ စတုတ္ထအချက်မှာ ကျန်းမာရေးကဏ္ဍအတွက် ဘဏ္ဍာငွေသုံးစွဲမှုတိုးမြှင့်ခွင့်ပြုလျက်ရှိသကဲ့သို့ ဆက်လက်ပြီး တိုးမြှင့်အသုံးပြုနိုင်ရေးဖြစ်ကြောင်း။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျန်းမာရေးကဏ္ဍအတွက် ဘဏ္ဍာငွေ (၇၅၃)ဘီလီယံကျပ် (အမေရိကန် ဒေါ်လာ ၆၀၂သန်း) ခွဲဝေပေးခဲ့ရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ခွဲဝေမှုထက် (၈ ဒသမ ၇) ဆခန့် ပိုမိုတိုးမြှင့်ပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် အဓိကလိုအပ်သည့် ဆေးနှင့် ဆေးပစ္စည်းများကို ၂၀၁၁ ခုနှစ်ကထက် ၃၅ ဆ တိုးမြှင့်ဝယ်ယူနိုင်ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၁၂ သန်းခန့်ဖြစ်ကြောင်း၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ရန်ပုံငွေတိုးမြှင့်ပေးခဲ့သည့်အတွက် ရလဒ်အနေဖြင့် လူနာများမှ စိုက်ထုတ်ကုန်ကျရငွေသည် ၂၀၁၁ ခုနှစ်တွင် ၈၀ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် ၆၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့ကြောင်း။

ဆက်လက်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးရန် အခြေခံအဆောက်အအုံများ၊ လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးရေးကို တိုးမြှင့်ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ် ဇွန်လအထိ ဆေးရုံများ တိုးချဲ့ဖွင့်လှစ်မှုတွင် ၁၅ ရာခိုင်နှုန်း တိုးတက်လာပြီး ဆရာဝန်များ၊ သူနာပြုဆရာမများလည်း ၂၅ ရာခိုင်နှုန်း တိုးမြှင့်မွေးထုတ်နိုင်ခဲ့ပါကြောင်း။

ကျန်းမာရေးကဏ္ဍအတွက် ဆရာဝန်များခန့်ထားမှု ၃ ဆခန့်နှင့် သူနာပြုခန့်ထားအရေအတွက် ၃၇ ရာခိုင်နှုန်း မြှင့်တင်နိုင်ခဲ့ပါကြောင်း၊ ဘဏ္ဍာငွေတိုးမြှင့်နိုင်မှုနှင့်အတူ တောင်ကြီးမြို့တွင် ၄၆ ဧက ကျယ်ဝန်းသော မြေဧရိယာပေါ်၌ ဆေးတက္ကသိုလ်အသစ်တစ်ခု ဖွင့်လှစ်သွားရန်ဖြစ်ပါကြောင်း။

ကျန်းမာရေးဝန်ထမ်းများ၏ အရည်အသွေးနှင့် အရည်အချင်းတိုးတက်လာစေရန် ရန်ကုန်မြို့ရှိ ဆေးတက္ကသိုလ် (၁)တွင် သားဖွားမီးယပ်ပညာ၊ ကလေးဆေးပညာ၊ ရောဂါဗေဒ၊ မေ့ဆေးပညာ၊ ဓာတ်မှန်ပညာ၊ အရေးပေါ်ဆေးပညာများကို ဘွဲ့လွန်ဒီပလိုမာသင်တန်းများ ဖွင့်လှစ်ပေးခဲ့ပြီး ဝန်ထမ်းဆရာဝန်များနှင့် ဝန်ထမ်းမဟုတ်သော ပုဂ္ဂလိကဆရာဝန်များကိုလည်း သင်တန်းတက်ရောက်ခွင့်ရရန် စီစဉ်ပေးခဲ့ပါကြောင်း။

ပြည်တွင်းပြည်ပ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ၏ အဓိကလိုအပ်ချက်သည် လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်လွှမ်းခြုံမှုရရှိရန်ဖြစ်ပြီး လူထုအခြေပြုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသည်လည်း အရေးပါသောအခန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ထို့ပြင် အပြည်ပြည်ဆိုင်ရာအထောက်အပံ့များလည်း ဆက်လက်လိုအပ်နေဦးမည်ဖြစ်ပါကြောင်း၊ လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှုလွှမ်းခြုံရရှိရေးအတွက် ထောက်ပံ့နေသော ကမ္ဘာ့ဘဏ်ကိုလည်းကောင်း၊ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါ၊ တီဘီရောဂါနှင့် ငှက်ဖျားရောဂါကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများအတွက် ၂၀၁၃-၂၀၁၆ ခုနှစ်အထိ အမေရိကန်ဒေါ်လာ ၃၅၄ သန်းထောက်ပံ့နေသော ကမ္ဘာ့ရန်ပုံငွေအဖွဲ့ကိုလည်းကောင်း၊ မိခင်/ကလေးကျန်းမာရေးနှင့် ကျန်းမာရေးစနစ်တိုးတက်ရေးအတွက် အမေရိကန်ဒေါ်လာ သန်း ၃၀၀ ထောက်ပံ့ပေးနေသော **"ထောင်စုနှစ်သုံးမျိုးရန်ပုံငွေ"**အားလည်းကောင်း ကျေးဇူးတင်ပါကြောင်း၊ ယခုကဲ့သို့ ထောက်ပံ့ပေးနေသော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော မိတ်ဖက်အဖွဲ့အစည်းများ၏ အကူအညီဖြင့် ရည်မှန်းချက်ဖြစ်သည့် လူထုဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယခုညီလာခံမှ ရှေ့လုပ်ငန်းစဉ်များအတွက် အထောက်အကူပြုမည့် ရလဒ်ကောင်းများ ထွက်ပေါ်လာစေရန် ဆုတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကမ္ဘာလုံးဆိုင်ရာကျန်းမာရေးအဖွဲ့မှ ပရော်ဖက်ဆာ ဒင်းန်ဂျမီဆွန်က **ထွန်းသစ်စမြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအတွက် ကျန်းမာရေး၏ အရေးပါမှု**ခေါင်းစဉ်ဖြင့် ဆွေးနွေးသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ညီလာခံသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။



ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က **မြန်မာနိုင်ငံအတွက် ကျန်းမာရေးကဏ္ဍ ဦးစားပေးများ ခေါင်းစဉ်**ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ ဒဲရစ်မစ်ချယ်လ်က **မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးမှုနှင့် ကြွယ်ဝချမ်းသာမှုအတွက် ကျန်းမာရေးသည် အခြေခံအုတ်မြစ် ခေါင်းစဉ်**ဖြင့်လည်းကောင်း၊ တူရကီနိုင်ငံ ကျန်းမာရေးဝန်ကြီးဟောင်း ပရော်ဖက်ဆာ ဒေါက်တာရီကတ်ပ်အက်ဒဂ်က **ကျန်းမာရေးအတွက် ဦးဆောင်မှုခေါင်းစဉ်**ဖြင့်လည်းကောင်း အသီးသီးဆွေးနွေးကြသည်။

ထို့နောက် ကျန်းမာရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုဗီဒီယိုမှတ်တမ်းကို ပြသသည်။

ယင်းနောက် မျက်နှာစုံညီဆွေးနွေးခြင်းကဏ္ဍတွင် **မြန်မာနိုင်ငံကျန်းမာရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးနှင့် ဖွံ့ဖြိုးမှုလိုအပ်ချက်များ ခေါင်းစဉ်**ဖြင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေး၊ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းနှင့် ပြည်ကြီးခင်အဖွဲ့အစည်းမှ အမှုဆောင်ဒါရိုက်တာ ဒေါ်နွယ်ဇင်ဝင်းတို့က ဆွေးနွေးကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန မြေညီထပ်တွင် ခင်းကျင်းပြသထားရှိသည့် ရုပ်ရှာပြည်သူများ၏ ပြခန်းများကို ကြည့်ရှုလေ့လာသည်။**(အပေါ်ပုံ)**

ထို့နောက် ညီလာခံကို အစီအစဉ်များအတိုင်း ကျင်းပခဲ့ရာ ဇူလိုင် ၂၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ထားသော အစီရင်ခံစာများအရ မြန်မာပြည်သူများတွင် သွေးတိုးရောဂါဖြစ်ပွားခြင်း၊ အဝလွန်ခြင်းနှင့် ဆေးလိပ်/ဆေးရွက်ကြီးသုံးစွဲခြင်းသည် အရှေ့တောင်အာရှဒေသတွင်း နိုင်ငံများထက် ပိုမိုမြင့်မားလျက်ရှိသည်။

ထို့ပြင် မြန်မာနိုင်ငံတွင် သေဆုံးမှု၏ ၅၉ ရာခိုင်နှုန်းမှာ မကူးစက်တတ်သော ရောဂါများကြောင့်ဖြစ်ကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ခန့်မှန်းထားပြီး အသက်အရွယ် ၃၀ နှင့် ၇၀ နှစ်အကြားရှိသူများ၏ လေးပုံတစ်ပုံမှာ မကူးစက်တတ်သော ရောဂါများကြောင့် သေဆုံးနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

# မုန်တိုင်းငယ်အခြေအနေ

**နေပြည်တော်　　ဇူလိုင်　　၂၈**

**မုန်တိုင်းငယ်အခြေအနေ**

ယနေ့ ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် တောင်ဘက်သို့အနည်းငယ်ရွေ့လျားခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းမြို့၏ အနောက်တောင်ဘက် မိုင် ၁၀၀ ခန့်၊ မြန်မာနိုင်ငံ မောင်တောမြို့၏ အနောက်မြောက်ဘက် မိုင် ၁၃၀ ခန့်နှင့် စစ်တွေမြို့၏ အနောက်မြောက်ဘက် မိုင် ၁၇၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်ရှိပြီး မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိဟု သတ်မှတ်သော်လည်း ထူးခြားမှုရှိပါက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

**မုန်တိုင်းငယ်၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါမုန်တိုင်းငယ်သည် ညနေ ၄ နာရီခွဲအချိန်တွင် မြောက်လတ္တီကျု ၂၁ ဒသမ ၅ ဒီဂရီနှင့်အရှေ့လောင်ဂျီကျု ၉၀ ဒသမ ၂ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၄ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၄၅ မိုင်နှုန်းဖြစ်သည်။

**သတိပေးနှိုးဆော်ချက်**

အဆိုပါမုန်တိုင်းငယ်၏ အရှိန်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက် မိုးကြီးခြင်း၊ လေပြင်းတိုက်ခတ်ခြင်းနှင့် ရုတ်တရက် ရေကြီးခြင်းများ ဖြစ်ပေါ်မည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခြင်း၊ လေပြင်းတိုက်ခတ်ခြင်းနှင့် ရုတ်တရက်ရေကြီးခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည်။ တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

**အကြံပြုချက်**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုရန် အကြံပြုထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**(ကြေးမုံ)**

# လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းများ ဆက်လက်တင်သွင်းလျက်ရှိ

**နေပြည်တော်　　ဇူလိုင်　　၂၈**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းများ ဆက်လက်တင်သွင်းလျက်ရှိရာ ဇူလိုင် ၂၈ ရက်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၅ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းနှစ်ဦး၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၈ ဦးနှင့် တိုင်းဒေသကြီး/ပြည်နယ်တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးတို့ တင်သွင်းခဲ့ပါသည်။ ဇူလိုင် ၂၀ ရက်မှ ဇူလိုင် ၂၈ ရက်အထိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၃၁ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၁၂ ဦး၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ၅၈ ဦးနှင့် တိုင်းဒေသကြီး/ပြည်နယ်တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၃ ဦး စုစုပေါင်း ၁၁၄ ဦးရှိပြီဖြစ်ပြီး နိုင်ငံရေးပါတီ ၁၄ ပါတီနှင့် တစ်သီးပုဂ္ဂလ ၂၂ ဦးတို့မှာ အမည်စာရင်းတင်သွင်းခဲ့ကြကြောင်း သိရှိရသည်။ အမည်စာရင်းတင်သွင်းမှုအသေးစိတ်အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် Website www.uecmyanmar.org တွင် ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၂၈

**မြန်မာနိုင်ငံတစ်ဝန်း ဇွန်လနှင့် ဇူလိုင်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီနှင့် စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီတို့၏လမ်းညွှန်စီမံကြီးကြပ်မှုဖြင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ရေဘေးသင့်ပြည်သူများအတွက် အရေးပေါ်လိုအပ်သောပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းများ၊ ဆန်ရိက္ခာနှင့် ခေါက်ဆွဲ၊ ကြက်ဥများ ထောက်ပံ့ခြင်းနှင့် သေဆုံးသူထောက်ပံ့ခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။**

ထိုသို့ ထောက်ပံ့ပေးအပ်ခဲ့ရာ ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တော၊ အမ်း၊ သံတွဲ၊ ကျောက်တော်၊ ဂွနှင့် တောင်ကုတ်မြို့နယ်များတွင် နေအိမ် ၃၈၄ လုံး ရေမျောပါဆုံးရှုံးပြီး နေအိမ် ၁၈၆၇ လုံး ရေဝင်ပျက်စီးခဲ့မှုကြောင့် လူဦးရေစုစုပေါင်း ၁၃၅၄၂ ဦး ဘေးဒုက္ခကြုံတွေ့ခဲ့ရပြီး လူခြောက်ဦးသေဆုံးခဲ့ခြင်းအပေါ် ဆန်ရိက္ခာဖိုး ငွေကျပ် ၂၈၃၅၀၀၀၊ အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ် ၄၀၃၀၀၀၀၀၊ သေဆုံးသူထောက်ပံ့မှုငွေကျပ် ၆၀၀၀၀၀၊ တန်ဖိုးငွေကျပ် ၂၈၃၅၈၄၀ ရှိ ခေါက်ဆွဲနှင့်ကြက်ဥများ၊ တန်ဖိုးငွေကျပ် ၁၃၆၆၉၆၁၄ ရှိ ကယ်ဆယ်ရေးပစ္စည်းများ စုစုပေါင်း ငွေသားနှင့် ပစ္စည်းထောက်ပံ့မှု တန်ဖိုးငွေကျပ် ၆၀၂၄၀၄၅၄ ဖြစ်သည်။

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ နေအိမ် ၅၆ လုံး ရေဝင်ရောက်ခဲ့သဖြင့် လူဦးရေစုစုပေါင်း ၂၆၄ ဦးအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရာ ရေဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၁၇၄၆၀၀ နှင့် တန်ဖိုးငွေကျပ် ၄၅၅၂၈၀ ရှိ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ခဲ့ရာ ငွေသားနှင့်ပစ္စည်းထောက်ပံ့မှု စုစုပေါင်းတန်ဖိုး ငွေကျပ် ၆၂၉၈၈၀ ဖြစ်သည်။

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်ရှိ နေအိမ် ၇၂ လုံးသို့ ရေဝင်ရောက်ခဲ့သဖြင့် လူဦးရေစုစုပေါင်း ၃၈၉ ဦးအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရာ ရေဘေးသင့်ပြည်သူများအတွက် တန်ဖိုးငွေကျပ် ၉၅၆၉၄၀ ရှိခေါက်ဆွဲနှင့် ကြက်ဥများ ထောက်ပံ့ခဲ့သည်။

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်ရှိ နေအိမ် ၁၂ လုံး ရေမျောပါဆုံးရှုံးခဲ့သဖြင့် နေအိမ်နှစ်လုံး ရေဝင်ပျက်စီးခဲ့ရာ ရေဘေးသင့်ပြည်သူများအတွက် တန်ဖိုးငွေကျပ် ၂၈၁၀၅၂ ရှိ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်ရှိ နေအိမ် လေးလုံး ရေမျောပါဆုံးရှုံးခဲ့ပြီး နေအိမ် ၁၄၉ လုံး ရေဝင်ခဲ့ခြင်းကြောင့်လူဦးရေစုစုပေါင်း ၇၁၆ ဦး ဘေးဒုက္ခကြုံတွေ့ခဲ့ပြီး လူတစ်ဦး သေဆုံးခဲ့ရာ ရေဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာဖိုး ငွေကျပ် ၅၃၇၇၅၀ နှင့် တန်ဖိုးငွေကျပ် ၁၂၉၉၆၃၄ ရှိကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ခဲ့ရာ ငွေသားနှင့်ပစ္စည်းထောက်ပံ့မှု စုစုပေါင်း တန်ဖိုးငွေကျပ် ၁၈၃၇၃၈၄ ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် မင်းကင်း၊ ကန့်ဘလူ၊ ကျွန်းလှ၊ ကနီ၊ ကောလင်း၊ ဘုတလင်၊ အင်းတော်၊ ရေဦး၊ မုံရွာ၊ ခင်ဦး၊ အရာတော်နှင့် ဝက်လက်မြို့နယ်များတွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ နေအိမ် ၃၅ လုံး ရေမျောပါဆုံးရှုံးခြင်း၊ နေအိမ် ၁၄၅၈၄ လုံး ရေဝင်ရောက်ခြင်းကြောင့် အိမ်ထောင်စု ၅၇၄၃ စု ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရပြီး လူဦးရေစုစုပေါင်း ၉၁၄၄၁ ဦး ဘေးဒုက္ခကြုံတွေ့ခဲ့ပြီး လူခုနစ်ဦး သေဆုံးခဲ့ရာ အဆိုပါ ရေဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၁၈၃၅၉၅၀၀၊ အိမ်ဆောက်ပစ္စည်းဖိုးငွေကျပ် ၁၁၅၀၀၀၀၊ သေဆုံးသူ ထောက်ပံ့ငွေကျပ် ၆၀၀၀၀၀ နှင့် တန်ဖိုးငွေကျပ် ၈၈၇၃၂၈၈ ရှိကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ခဲ့ရာ ငွေသားနှင့် ပစ္စည်းထောက်ပံ့မှုစုစုပေါင်းငွေကျပ် ၂၈၉၈၂၇၈၈ ဖြစ်သည်။

ကချင်ပြည်နယ်အတွင်း မိုးကောင်း၊ ဖားကန့်နှင့် မိုးညှင်းမြို့နယ်များရှိ နေအိမ်များသို့ ရေဝင်ရောက်မှုကြောင့် အိမ်ထောင်စု ၁၀၉၅ စုအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ပြီး လူတစ်ဦးသေဆုံးခဲ့ရာ ရေဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၉၇၀၃၂၅၀၊ ဟင်းဖိုးငွေကျပ် ၃၀၀၀၀၀၀၊ သေဆုံးသူထောက်ပံ့ငွေကျပ် ၁၀၀၀၀၀ နှင့် တန်ဖိုးငွေကျပ် ၂၉၁၀၅၄၀ ရှိ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ခဲ့ရာ ငွေသားနှင့်ပစ္စည်း ထောက်ပံ့မှု စုစုပေါင်း ငွေကျပ် ၁၅၇၁၃၇၉၀ ဖြစ်သည်။

ရှမ်းပြည်နယ် မဘိမ်း၊ သီပေါနှင့် မိုးမိတ်မြို့နယ်များတွင် နေအိမ် သုံးလုံး ရေမျောပါပြီး နေအိမ် ၁၂၄၀ လုံး ရေဝင်ရောက်မှုကြောင့် ရေဘေးသင့်ပြည်သူများအတွက် တန်ဖိုးငွေကျပ် ၁၄၇၂၆၈၈ ရှိ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ခဲ့သည်။

မန္တလေးတိုင်းဒေသကြီး မိုးကုတ်နှင့်သပိတ်ကျင်းမြို့နယ်များရှိ နေအိမ် ၈၄ လုံး ရေမျောပါခဲ့ပြီး နေအိမ် ၂၆ လုံး ရေဝင်ရောက်ခဲ့မှုကြောင့် ရေဘေးသင့်ပြည်သူများအတွက် အိမ်ဆောက်ပစ္စည်းတန်ဖိုး ငွေကျပ် ၂၈၅၀၀၀၀ နှင့် တန်ဖိုးငွေကျပ် ၁၂၅၇၇၆၂ ရှိကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ခဲ့ရာ ငွေသားနှင့် ပစ္စည်းထောက်ပံ့မှုစုစုပေါင်း ငွေကျပ် ၄၁၀၇၇၆၂ ဖြစ်သည်။

၂၀၁၅ ခုနှစ် ဇွန်လအတွင်း တိုင်းဒေသကြီး/ပြည်နယ် ငါးခုမှ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့မှုစုစုပေါင်း ငွေကျပ် ၆၃၉၄၅၇၁၀ နှင့် ဇူလိုင်လအတွင်း တိုင်းဒေသကြီး/ပြည်နယ်လေးခုမှ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့မှု စုစုပေါင်း ငွေကျပ် ၅၀၂၇၇၀၂၈ ဖြစ်၍ စုစုပေါင်းထောက်ပံ့မှု ငွေကျပ် ၁၁၄၂၂၂၇၃၈ ဖြစ်သည်။

သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ခံစားရသည့် ပြည်သူများအတွက် အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ၏စီမံမှုဖြင့် ကယ်ဆယ်ရေး၊ ထောက်ပံ့ရေးနှင့် ပြင်ဆင်တည်ဆောက်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

သတင်းအချက်အလက်များ သိရှိရန်
1883
MOI Call Center
သို့ ဆက်သွယ်ရန်

## ရေကြီးနှစ်မြုပ်မှုများကြောင့် သီးနှံစိုက်ဧကများ ပျက်စီး

**နေပြည်တော် ဇူလိုင် ၂၈**

မြန်မာနိုင်ငံတစ်ဝန်းတွင် ယခုနှစ် ဇွန်လနှင့် ဇူလိုင်လများအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုနှင့် လယ်ယာမြေများ ရေကြီးနစ်မြုပ်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါ ရေကြီးနစ်မြုပ်မှုနှင့် သီးနှံများ ထိခိုက်ပျက်စီးမှုအခြေအနေမှာ နေပြည်တော်တွင် ရေကြီးနစ်မြုပ်မှု ၂၃ ဧကအနက် ၂၃ ဧက ပြန်ပေါ်ခဲ့ကြောင်း၊ ကချင်ပြည်နယ်တွင် ရေကြီးနစ်မြုပ်မှု ၂၃၆၁၅ ဧကအနက် ၂၃၆၀၇ ဧက ပြန်ပေါ်ခဲ့သော်လည်း ၈၂၅၉ ဧက ထိခိုက်ပြီး ၃၅၂၉ ဧက ပျက်စီးခဲ့ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ရေကြီးနစ်မြုပ်မှု ၈၉၅၇၈ ဧကအနက် ၇၄၂၃၁ ဧက ပြန်ပေါ်ခဲ့သော်လည်း ၄၅၀၈၉ ဧက ထိခိုက်ပြီး ၁၄၁၄၃ ဧက ပျက်စီးခဲ့ကြောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ရေကြီးနစ်မြုပ်မှု ၁၅၇၇၄ ဧကအနက် ၁၃၂၇ ဧက ပြန်ပေါ်ခဲ့သော်လည်း ၁၃၂၇ ဧက ထိခိုက်ပြီး ၇၄၆ ဧက ပျက်စီးခဲ့ကြောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် ရေကြီးနစ်မြုပ်မှု ၅၅၃ ဧကအနက် ၄၆၇ ဧက ပြန်ပေါ်ခဲ့သော်လည်း ဧက ၆၀ ထိခိုက်ပြီး သုံးဧက ပျက်စီးခဲ့ကြောင်း၊ မွန်ပြည်နယ်တွင် ရေကြီးနစ်မြုပ်မှု ဧက ၁၀၀ ရှိခဲ့ကြောင်း၊ ရခိုင်ပြည်နယ်တွင် ရေကြီးနစ်မြုပ်မှု ၂၄၂၃၅ ဧကအနက် ၂၉၁၅ ဧက ပြန်ပေါ်ခဲ့သော်လည်း ၂၁၇၁ ဧကထိခိုက်ပြီး ဧက ၁၄၄၀ ပျက်စီးခဲ့ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ရေကြီးနစ်မြုပ်မှု ၉၄၉၁ ဧကအနက် ၈၄၉ ဧက ပြန်ပေါ်ခဲ့ကြောင်း၊ ရှမ်းပြည်နယ်တွင် ရေကြီးနစ်မြုပ်မှု ၈၉၈၉ ဧကအနက် ၅၄၇ ဧက ပြန်ပေါ်ခဲ့သော်လည်း ၃၄ ဧက ထိခိုက်ပြီး ခုနစ်ဧကပျက်စီးခဲ့ကြောင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတွင် ရေကြီးနစ်မြုပ်မှု ၄၁၃၀၅ ဧကရှိခဲ့ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၈**

မြန်မာနိုင်ငံတစ်ဝန်းတွင် ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ တည်ဆောက်ပြီး ရေလှောင်တမံကြီး ၃၁ ခုတွင် သတ်မှတ်ရေလှောင်ပမာဏ ပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေထုတ်လွှတ်လျက်ရှိကြောင်း၊ တာတမံများ ကျိုးပေါက်မှုမရှိကြောင်း၊ ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံ ၂၄ ခုတွင် သတ်မှတ်ရေလှောင်ပမာဏ ပြည့်မီခြင်းမရှိသေးကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

အဆိုပါ ရေလှောင်တမံကြီး ၃၁ ခုမှာ ရေဘုတ်ရေလှောင်တမံ၊ လိုင်ဗားရေလှောင်တမံ၊ သဖန်းဆိပ်ရေလှောင်တမံ၊ ကင်းတပ်ရေလှောင်တမံ၊ ပေကြီးရေလှောင်တမံ၊ လင်ပန်းရေလှောင်တမံ၊ ရာဇဂြိုဟ်ရေလှောင်တမံ၊ မင်းမြင်ရေလှောင်တမံ၊ သိန်ရင်ရေလှောင်တမံ၊ ကျေးပင်အက်ရေလှောင်တမံ၊ ကိုးပင်ရေလှောင်တမံ၊ မြောက်ယမားရေလှောင်တမံ၊ မင်းရဲချောင်းရေလှောင်တမံ၊ ပျဉ်ပိုကြီးရေလှောင်တမံ၊ ငမြွေရေလှောင်တမံ၊ မဇင်းရေလှောင်တမံ၊ တောင်နဝင်းရေလှောင်တမံ၊ စဥ့်ကူးချောင်းဂေါင်းရေလှောင်တမံ၊ ညောင်ကိုင်းရေလှောင်တမံ၊ သဲကောရေလှောင်တမံ၊ ခဝါရေလှောင်တမံ၊ မုန်းချောင်းရေလှောင်တမံ၊ မန်းရေလှောင်တမံ၊ ကြီးအုံကြီးဝ ရေလှောင်တမံ၊ တောင်ခင်ရန်းရေလှောင်တမံ၊ ပြိုင်းချောင်းရေလှောင်တမံ၊ ရဟိုင်းကွင်းရေလှောင်တမံ၊ ဘန့်ဘွေးကုန်းရေလှောင်တမံ၊ ဇာမဏီအင်းရေလှောင်တမံ၊ နန်ကသူ ရေလှောင်တမံနှင့် ကညင်ရေလှောင်တမံတို့ ဖြစ်သည်။

ထို့ပြင် ရေလှောင်တမံကြီးများ၊ ရေလှောင်တမံ ၂၄ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီခြင်း မရှိသေးဘဲ အဆိုပါရေလှောင်တမံများရှိ ရေပမာဏမှာ ကင်းသာရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ၆၃ ဧကပေဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု(၁ ဒသမ ၃၀)ပေ၊ မုံးချောင်းရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ဧကပေ ၄၀၆၀ ဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု (သုည ဒသမ ၈၀)ပေ၊ ဆင်သေရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ၂၇၅၅၄ ဧကပေဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု(၂၈ ဒသမ ၉၀)ပေ၊ မြို့လှ(တပ်ကုန်း)ရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ဧကပေ ၇၀၂၀ဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု(၁၂ ဒသမ ၈၀)ပေ၊ ရေဆင်းဆည်ရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ဧကပေ ၁၆၇၀၀ ဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု (၂၉ ဒသမ ၈၀)ပေ၊ ပေါင်းလောင်းရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ဧကပေ ၄၈၃၇၇၀ ဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု (၁၆ ဒသမ ၇၄)ပေ၊ ငလိုက်ဆည်လှောင်တမံတွင် ရေလှောင်ပမာဏမှာ ၃၉၁၄၁ ဧကပေဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု(၁၁ ဒသမ ၅၀)ပေ၊ တောက်ပြိုရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ၁၆၂၅ ဧကပေဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု(၆ ဒသမ ၆၃)ပေ၊ ချောင်းမငယ် ရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ၆၃၂၁၅ ဧကပေဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု(၁၀ ဒသမ ၆၀)ပေ၊ သဲဖြူရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ဧကပေ ၅၀၀၀ ဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု(၇ ဒသမ ၅၈)ပေ၊ မဒန်းရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ၁၆၃၅၈ ဧကပေဖြစ်၍ ရေပိုလွှဲမှရေကျော်ရန်လိုအပ်မှု (၂၂ ဒသမ ၆၀)ပေ၊ ဖောင်းလောင်ရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ၈၇၄၄ ဧကပေဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု (၅ ဒသမ ၈၀)ပေ၊ လွိုင်နန်းဖ ရေထိန်းတမံတွင် ရေလှောင်ပမာဏမှာ ၆၅၂ ဧကပေဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန် လိုအပ်မှု (၁၃ ဒသမ ၅၀)ပေ၊ ခပေါင်းရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ၄၁၃၇၈၁ ဧကပေဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု (၄၀ ဒသမ ၃၀)ပေ၊ ကိုဒူကွဲရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ၆၁၅၀၁ ဧကပေဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု(၁၈ ဒသမ ၀၀)ပေနှင့် ရွှေလောင်းရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ၂၃၃၂၅ ဧကပေဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု (၂၈ ဒသမ ၀၀)ပေ၊ စလူရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ဧကပေ ၄၄၀၈၀ ဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု (၁၃ ဒသမ ၈၀)ပေ၊ စလင်းရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ၆၆၉၀၅ ဧကပေဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု (၅၀ ဒသမ ၀၀)ပေ၊ ဆည်တော်ကြီးဆည်ရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ဧကပေ ၃၀၈၉၄၀ ဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု (၇ ဒသမ ၇၀)ပေ၊ ကင်းတားဆည်ရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ဧကပေ ၁၇၀၂၅၀ ဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု (၉၃ ဒသမ ၈၅)ပေ၊ ငမိုးရိပ်ရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ဧကပေ ၁၄၆၁၅၀ဖြစ်၍ ရေပိုလွှဲမှရေကျော်ရန်လိုအပ်မှု (၃ ဒသမ ၄၀)ပေ၊ ဇော်ဂျီရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ၇၄၇၆၉ ဧကပေဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု (၆၁ ဒသမ ၇၀)ပေ၊ ကွန်ချောင်းရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ဧကပေ ၉၄၈၃၀ ဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု (၂ ဒသမ ၁၀) ပေနှင့် မမြရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ၅၈၃၉၉ ဧကပေဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု (၁၀ ဒသမ ၇၀) ပေဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံဖြစ်ပွားသည့် ဒေသများတွင် တာဝန်ရှိသူများက ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နတ်တလင်းမြို့နယ်ရှိ လယ်များ ရေကြီးနစ်မြုပ်

**နတ်တလင်း ဇူလိုင် ၂၈**

ပဲခူးတိုင်းဒေသကြီးသာယာဝတီခရိုင်နတ်တလင်းမြို့နယ်အနောက်ခြမ်းရှိ စပါးစိုက်ပျိုးပြီးလယ်မြေများ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်လျက်ရှိကြောင်း ဇူလိုင် ၂၈ရက်တွင် မြင်တွေ့ရသည်။

မကျီးစုကွင်း၊ ကျန်တောကွင်း၊ လိပ်လွှတ်ကွင်း၊ ကျခတ်တန်းကွင်း၊တာပွန်ကွင်း၊ အမှတ်(၂၂၁) ကွင်းစသည့်ကျေးရွာများတွင် ဇူလိုင် ၂၅ရက်မှစပြီး မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့်ရေများနစ်မြုပ်သည့်အပြင် တာပွန်-တက်နေမင်းလမ်းအရှေ့ပိုင်းတွင် လူနေအိမ်များ၊ စိန်တန်းရပ်ကွက်နှင့်လေးထောင့်ကွင်းရပ်ကွက်အချို့တွင်လည်း အိမ်အတွင်း ရေများဝင်ရောက်လျက်ရှိသည်။

တာပွန်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးက “တာပွန်ရှိကွင်းအမှတ်(၂၂၁)က ဧက၂၀၀ကျော် ရေနစ်မြုပ်မှုရှိပါတယ်။ လောလောဆယ် တက်နေမင်းလမ်း၊ စိန်တန်းရပ်ကွက်နဲ့လေးထောင့်ကွင်းရပ်ကွက်တွေမှာ ရေဝင်နေပေမယ့် စိုးရိမ်စရာအခြေအနေမရှိသေးပါဘူး။ မိုးမပြတ်ဘဲဆက်လက်ရွာနေပြီး အရေးပေါ်ဖြစ်လာရင် အုပ်ချုပ်ရေးမှူးအဖွဲ့အပါအဝင် အထောက်အကူပြုအဖွဲ့၊ ကျန်းမာရေးအဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့နဲ့ လူငယ်ကူညီကယ်ဆယ်ရေးအဖွဲ့တွေကိုအဖွဲ့ခွဲပြီး အလှည့်ကျစောင့်ကြည့်ထားပါတယ်။ ကျန်းမာရေး၊ ကယ်ဆယ်ရေး၊ လုံခြုံရေးတွေကို တာပွန်တိုက်နယ်ဆရာဝန်၊ စခန်းမှူးနဲ့ မီးသတ်စခန်းခွဲတာဝန်ခံများနဲ့ပူးပေါင်းပြီး အရေးပေါ် ဖြစ်ပေါ်လာခဲ့ရင် အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်နိုင်အောင် လုပ်ဆောင်ထားပါတယ်”ဟု ပြောပြသည်။ တာပွန်အပါအဝင် နတ်တလင်းမြို့နယ်အနောက်ခြမ်း၂၅အုပ်စုရှိ လယ်မြေများရေကြီးနစ်မြုပ်လျက်ရှိကြောင်း သိရသည်။ **(ဝ၇၁)**

# ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ
(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၆ ။)
၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၂ ရက်
(၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေ ပုဒ်မ ၂၉၊ ပုဒ်မခွဲ(ခ) နှင့် ပုဒ်မ ၄၇၊ ပုဒ်မခွဲ(ခ)တို့တွင် ပါရှိသော **"ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်း"** ဆိုသည့်စကားရပ်ကို **"ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးလုပ်ငန်း"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၇ ။)
၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၂ ရက်
(၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ(ခ) တွင် ပါရှိသော **"ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်း"** ဆိုသည့်စကားရပ်ကို **"ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးလုပ်ငန်း"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**❐ အောက်စက်တော်ရာမှ**

နွေစပါးစိုက်ပျိုးရာသီတွင် စိုက်ပျိုးရေလုံလောက်စွာ သိုလှောင်ထားနိုင်ပြီး ရေပိုလွှဲပေါက်များမှတစ်ဆင့် စီးဆင်းသော မန်းချောင်းရေသည် မန်းရွှေစက်တော်ရာဘုရား အောက်စက်တော်ရာမြတ်အား ရေဖုံးလွှမ်းသည်အထိ မြင့်တက်လျက်ရှိသဖြင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက စောင့်ကြပ်လျက်ရှိကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

## ဖလမ်း၌ မိုးအဆက်မပြတ်ရွာသွန်း ကားလမ်းပေါ်မြေပြို၍ ယာဉ်ပိတ်ဆို့မှုများဖြစ်

**ဖလမ်း ဇူလိုင် ၂၈**

ချင်းပြည်နယ် ဖလမ်းမြို့တွင် ဇူလိုင် ၂၄ ရက်မှစ၍ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တောင်ကျရေများတိုက်စားခြင်း၊ မြေပြိုခြင်းများ ဖြစ်ပေါ်လျက်ရှိရာ ဇူလိုင် ၂၈ ရက်တွင် ကလေး-ဖလမ်း-ဟားခါး မိုင်တိုင်(၉၇/၁) ကြားရှိ တားလ်ကျေးရွာမှ တစ်မိုင်ခန့်တွင် မြေပြိုမှုကြောင့် ယာဉ်သွားလာမှုများ ယာယီရပ်တန့်ခဲ့ပြီး မြေစာများအား မြို့နယ်လမ်းဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ကိုယ်တိုင်ကြီးကြပ်လျက် လမ်းပြုပြင်ခြင်းလုပ်ငန်းများကို လမ်းကြောင်းတစ်လျှောက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

**သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး**
**သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**




**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**တံတားဦးစီးဌာန**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ(၂၀၁၅-၂၀၁၆) ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်မည့် တံတားများအတွက် လိုအပ်သော Plate Girder (၁၃)ခန်းအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၃-၈-၂၀၁၅ရက်

၃။ တင်ဒါပုံစံအရောင်းပိတ်မည့်ရက် - ၇-၈-၂၀၁၅ရက်

၄။ တင်ဒါတင်သွင်းရမည့် နောက်ဆုံး နေ့ရက်၊ အချိန် - ၂၁-၈-၂၀၁၅ရက် ၁၆း၃၀ နာရီ

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ဖော်ပြပါဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တံတားတည်ဆောက်ရေးလုပ်ငန်းများ စိစစ်ရွေးချယ်ရေးအဖွဲ့
နိုင်ငံတကာဆက်ဆံရေးနှင့်ဥပဒေဌာနခွဲ၊ တံတားဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၁)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၇၅၁၄



မြန်မာနှင့် စင်ကာပူတို့ ယှဉ်ပြိုင်နေစဉ်။

**● အာဆီယံ ယူ-၁၆ မှ**

မလေးရှား၊ ဗီယက်နမ်၊ ထိုင်း၊ လာအို၊ တီမော၊ ဘရူနိုင်း၊ အုပ်စု(ခ)တွင် ဩစတြေးလျ၊ စင်ကာပူ၊ မြန်မာ၊ ကမ္ဘောဒီးယားနှင့်ဖိလစ်ပိုင်တို့ ပါဝင်နေသည်။ ယမန်နေ့က ကျင်းပခဲ့သည့် အုပ်စု(က) ပွဲစဉ်များတွင် လာအိုအသင်းက ထိုင်းအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ မလေးရှားအသင်းက ဗီယက်နမ်အသင်းကို တစ်ဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရရှိကြပြီး ဘရူနိုင်းအသင်းနှင့် တီမောအသင်းတို့ နှစ်ဂိုးစီ သရေကျခဲ့သည်။ မြန်မာအသင်းသည် ဒုတိယပွဲစဉ်အဖြစ် ဩဂုတ် ၁ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် ကစားရမည်ဖြစ်သည်။ **(ဖိုးသော်ဇင်)**

## ထန်တလန်မြို့နယ်တွင် ဘွန်းမြစ်ရေကြီးမှုကြောင့် တံတားနှစ်စင်းရေစီးနှင့်မျောပါ

**ထန်တလန် ဇူလိုင် ၂၈**

ထန်တလန်မြို့နယ် နှာရိန်းကျေးရွာနှင့် ရေဇွာမြို့ ဆာသဲကျေးရွာအကြားရှိ ဘွန်းမြစ် လူကူးကြိုးတံတား အရှည်ပေ ၁၆၀၊ အကျယ် လေးပေသည် ဇူလိုင် ၂၇ ရက် နံနက် ၈ နာရီခန့်တွင်လည်းကောင်း၊ ထန်တလန်မြို့နယ် လိုင်လင်းကျေးရွာနှင့် ရေဇွာမြို့ လောင်ထန်တလန်ကျေးရွာအကြားရှိ အရှည်ပေ ၂၀၀၊ အကျယ်ငါးပေ ဘွန်းမြစ် လူကူးကြိုးတံတားသည် ဇူလိုင် ၂၇ ရက် နံနက် ၁၀ နာရီခန့်တွင်လည်းကောင်း မြစ်ရေကြီးမှုကြောင့် ရေစီးထဲ မျောပါပျက်စီးသွားကြောင်း သိရသည်။

"နှာရိန်းကျေးရွာနဲ့ ဆာသဲကျေးရွာကြား ဆောက်လုပ်ထားတဲ့ ကြိုးတံတားကို CAD က တာဝန်ယူတည်ဆောက်ထားခြင်းဖြစ်ပါတယ်။ ရေလယ်တိုင်နဲ့ သံပေါင်ကို ရေလွှမ်းမိုးပြီး ဘိလပ်မြေအိတ် ၈၀ နဲ့ သစ်မာတွေလည်း ရေထဲမျောပါသွားပါတယ်။ ဒါ့အပြင် ကုမ္ပဏီကအသုံးပြုတဲ့ ကားသုံးစီးလည်း ရေနစ်မြုပ်ပြီး တစ်စီးဆယ်ယူနိုင်ခဲ့ပါတယ်။ တံတားဘေးမှာ ဖွင့်လှစ်ထားတဲ့ စားသောက်ဆိုင်တစ်ဆိုင်လည်း မျောပါသွားပါတယ်။ ဘွန်းမြစ်ဘေးတစ်လျှောက် လယ် ၁၅ ဧကခန့် ပျက်စီးသွားပါတယ်"ဟု နှာရိန်းကျေးရွာသားတစ်ဦးက ပြောသည်။

ထို့အပြင် ထန်တလန်-ဟားခါးလမ်းနှင့် ကျေးရွာချင်းဆက်လမ်းအများစုမှာ မိုးရွာသွန်းမှုကြောင့် လမ်းမြေပြိုမှုများဖြစ်ပွားလျက်ရှိရာ တာဝန်ရှိသူများက ပြည်သူလူထု လုပ်ငန်းခွင်မပျက် သွားလာနိုင်ရေးအတွက် စက်အား၊ လူအားဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

## ရေစီးတွင်မျောပါပျက်စီးသွားသော သံကူကွန်ကရစ်တံတား ပြန်လည်တည်ဆောက်

**နောင်ချို ဇူလိုင် ၂၈**

နောင်ချိုမြို့နယ်အတွင်းရှိ ရတနာသိင်္ဂီကျေးရွာချောင်းဦးတံတား (သံကူကွန်ကရစ်)နှင့် သစ်သားတံတားနှစ်စင်းတို့မှာ ဇူလိုင် ၂၅ ရက်က မိုးသည်းထန်စွာ ရက်ဆက်ရွာသွန်းခြင်းကြောင့် ချောင်းရေမြင့်တက်လာကာ ရေစီးတွင် မျောပါပျက်စီးသွားခဲ့သည်။

ပျက်စီးသွားသောတံတားများအား မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာနှင့်ဝန်ထမ်းများက လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်အတွက် ကြိုးပမ်းတည်ဆောက်လျက်ရှိကြောင်း သိရသည်။ **စိုးဝင်း(နောင်ချို)**

## မြစ်သာမြစ်ရေကြီးမှုကို သွားကြည့်ရာမှ ကမ်းပါးပြို၍ ကလေးငယ်တစ်ဦး မြစ်အတွင်း ပြုတ်ကျသေဆုံး

**ဂန့်ဂေါ ဇူလိုင် ၂၈**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ်၌ ဇူလိုင် ၂၇ ရက် မွန်းလွဲ ၂ နာရီက ကန်နယ်မြေရဲစခန်း၏ မြောက်ဘက် ခုနစ်မိုင်အကွာရှိ မိုးစို(ရွာမ)ကျေးရွာအနီး မြစ်သာမြစ်အတွင်းသို့ ကလေးတစ်ဦးပြုတ်ကျ ရေနစ်သေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဂန့်ဂေါမြို့နယ် မိုးစို(ရွာမ) ရွာနေသူ မမေသက်ခိုင်(၇)နှစ်သည် ညီမဝမ်းကွဲတော်စပ်သူ မမိကဲကဲ(၇)နှစ်နှင့်အတူ မိဘအုပ်ထိန်းသူများ မပါဘဲ ရွာ၏ အနောက်ဘက်မြစ်ကမ်းပါးသို့ မြစ်သာမြစ်ရေကြီးနေသည်ကို သွားရောက်ကြည့်ရှုရာ ရေတိုက်စား၍ မြစ်ကမ်းပါးပြိုကျစဉ် မမေသက်ခိုင်မှာ မြစ်အတွင်းသို့ ပြုတ်ကျပြီး ရေနစ်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မောင်ညီညာ(မြေလတ်)**

## မြစ်သာမြစ်ရေကြီး၍ ရေကြီးရေလျှံသဖြင့် ဂန့်ဂေါမြို့နယ် မြင်းဇာရွာတွင် နေအိမ်များ ပြောင်းရွှေ့ရ

**ဂန့်ဂေါ ဇူလိုင် ၂၈**

ဂန့်ဂေါမြို့နယ်အတွင်း ယခုရက်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားရာ ဇူလိုင် ၂၇ ရက်က မြစ်သာမြစ်ကမ်းဘေး မြင်းဇာရွာရှိ ဒေါ်သိန်းကြည်၏နေအိမ်၊ ဦးနန်းလင်း၏နေအိမ်၊ ဦးစန်းဝင်း၏နေအိမ်တို့၌ နေထိုင်သူတို့မှာ ရေဘေးကင်းလွတ်ရာ ကျေးရွာဓမ္မာရုံသို့ ပြောင်းရွှေ့နေထိုင်ရကြောင်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြကြောင်း သိရသည်။

**(၄၆၅)**

## ဘီးလင်းမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် နေအိမ်အချို့ ရေကြီးနစ်မြုပ်

**ဘီးလင်း ဇူလိုင် ၂၈**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင် ဇူလိုင် ၂၆ ရက်မှစ၍ မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် ဘီးလင်းမြို့နယ်ရှိ အနိမ့်ပိုင်းဒေသများတွင် ရေကြီးနစ်မြုပ်မှုများဖြစ်ပွားခဲ့၍ အိမ်ထောင်စု ၃၆ စုမှ လူဦးရေ ၁၅၃ ဦးတို့အား သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ရေဘေးကင်းလွတ်ရာ ကယ်ဆယ်ရေးစခန်းလေးခုသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်ဆုံးရှုံးမှုမရှိကြောင်း သိရသည်။ **ထူးနောင်(iprd)**

# ရွှေလံပိုလ်အဆင့်မြင့် လယ်မြေဧက ၁၀၀ တွင် ထွန်စက်ကြီးများဖြင့် အချိန်မီထွန်ယက်ခြင်းများဆောင်ရွက်



**စဉ့်ကိုင်  ဇူလိုင်  ၂၈**

အချိန်မီထွန်ယက်စိုက်ပျိုးနိုင်ရေး၊ တောင်သူများ ဈေးနှုန်းချိုသာစွာဖြင့် ငှားရမ်းအသုံးပြုနိုင်ပြီး လက်မှုလယ်ယာမှစက်မှုလယ်ယာသို့ ကူးပြောင်းစေရန်ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် မီးသွေးဘုတ်ကျေးရွာအုပ်စု ရွှေလံပိုလ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းဒေသ အဆင့်မြင့်လယ်ယာမြေဧက ၁၀၀ ကွင်းအမှတ်(၄၆-ဃ)တွင် အမှတ်(၇၄) စက်မှုလယ်ယာ ပထမစခန်း စဉ့်ကိုင်မြို့မှ ရှေ့တန်းစခန်းများဖွင့်လှစ်၍ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါအဆင့်မြင့်လယ်ယာမြေဧက ၁၀၀ ကွင်းတွင် ထွန်စက်အသစ်များဖြင့် ထွန်ယက်စိုက်ပျိုးခြင်းလုပ်ငန်းများဆောင်ရွက်နေပြီး စိုက်ပျိုးပြီးစီးချိန်တွင်လည်း ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့်ရိတ်သိမ်းခများကို ဈေးနှုန်းချိုသာစွာဖြင့် တောင်သူများစရိတ်သက်သာစေရန် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း စဉ့်ကိုင်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစည်သူကျော်က ပြောသည်။

"လယ်ယာလုပ်ငန်းခွင်မှာ ကျွဲ၊ နွားတွေနဲ့ အလုပ်လုပ်ရတာ အချိန်ကြာတယ်။ ထွန်ခတွေလည်း ဈေးကြီးလာတယ်။ နွားတစ်ကောင်ရဲ့တန်ဖိုးကလည်း ဈေးမြင့်လွန်းတယ်။ လက်တွန်းထွန်စက် ငှားရမ်းခကလည်း ဈေးကမသက်သာဘူး။ စက်မှုလယ်ယာကအခုလို ဝန်ဆောင်မှုတွေလုပ်ပေးတာ ကျွန်တော်တို့တောင်သူတွေအနေနဲ့ အများကြီးအဆင်ပြေပါတယ်။ စိုက်ပျိုးချိန်၊ ကောက်စိုက်ချိန်၊ ရိတ်သိမ်းချိန်တွေမှာ လယ်ယာလုပ်သား ရှားပါးရင် တောင်သူများစိုးရိမ်ကြောင့်ကြမှုမရှိဘဲ ထွန်စက်များ၊ ရိတ်စက်များဖြင့် အစားထိုးဆောင်ရွက်နိုင်တော့ ပိုမိုကောင်းမွန်တာပေါ့"ဟု စဉ့်ကိုင်မြို့နယ်မီးသွေးဘုတ်ကျေးရွာမှတောင်သူ ဦးဝင်းနိုင်က ပြောသည်။

**တင်တင်ထွေး(စဉ့်ကိုင်)**

■

# မြောက်ယမားချောင်းကူးတံတားအခင်းများပျက်စီးမှုကြောင့် ဆိုင်ကယ်လမ်းချော်ပြီး ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်

**မုံရွာ ဇူလိုင်  ၂၈**

ပုသိမ်-မုံရွာကားလမ်းမကြီးပေါ်ရှိ မြောက်ယမားချောင်း သစ်သား တံတားသည် တည်ဆောက်ပြီး ငါးနှစ်အတွင်း အသုံးပြုမှုများပြားသဖြင့် တံတားအခင်းများ ပျက်စီးလျက်ရှိကြောင်း သိရသည်။

မြောက်ယမားချောင်းကူးတံတားသည် ဘေလီတံတားအမျိုးအစား သစ်သားခင်းတံတားဖြစ်ရာ မော်တော်ယာဉ်ကြီးများ နေ့စဉ်ဖြတ်သန်းမောင်းနှင်မှုကြောင့် အခင်းသစ်သားများ ပျက်စီးကာသံချွန်များထွက်ပေါ်လာသည့်အတွက် မော်တော်ယာဉ်များ ဘီးပေါက်ခြင်း၊ အစားထိုးသစ်သားများ၏ မညီမညာပြေပြစ်မှုမရှိခြင်းကြောင့် ဆိုင်ကယ်များလမ်းချော်ပြီး ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

အဆိုပါမြောက်ယမားဖြတ်တံတားသည် ပုသိမ်-မုံရွာလမ်းပေါ်ရှိ မိုင်တိုင်အမှတ် (၄၈၇)နှင့် (၄၈၈)ကြားရှိ မြောက်ယမားချောင်းပေါ်တွင် ၂၀၀၈ ခုနှစ် မတ် ၁ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၀ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် ဖွင့်လှစ်ခဲ့သည့် တစ်လမ်းသွား တံတားဖြစ်ရာ အသွား/အပြန် ဖြတ်သန်းနေရသဖြင့် အခက်အခဲဖြစ်လျက်ရှိရာ ဒေသခံများအနေဖြင့် သွားလာရေးကောင်းမွန်မည့် နှစ်လမ်းသွားတံတားပြုပြင်တည်ဆောက်ပေးရန်မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**



# ဟားခါး၌ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် မြေပြို၍ အိမ်ထောင်စုအချို့ ဘေးလွတ်ရာသို့ ပြောင်းရွှေ့

**ဟားခါး  ဇူလိုင်  ၂၈**

ချင်းပြည်နယ် ဟားခါးမြို့တွင် ဇူလိုင် ၂၄ ရက်မှစ၍ မိုးအဆက်မပြတ်ရွာသွန်းပြီး တောင်ကျရေများ တိုက်စားခြင်း၊ မြေပြိုခြင်းများ ဖြစ်ပေါ်လျက်ရှိရာ ဇူလိုင် ၂၆ ရက်က ဟားခါး-ဂန့်ဂေါကားလမ်း မိုင်တိုင် (၃၁ -၃၂)ကြားတွင်လည်းကောင်း၊ (၄၇) နှင့် (၄၈) ကြားတွင်လည်းကောင်း၊ ဟားခါး-ခွါဘဲကြား ခွါဘဲကျေးရွာမှ ၁ မိုင် ၄ ဖာလုံခန့်တွင်လည်းကောင်း မြေပြိုမှုကြောင့် ယာဉ်သွားလာမှုများ ယာယီရပ်တန့်ခဲ့ရပြီး စက်ယန္တရားများဖြင့် ရှင်းလင်းဖယ်ရှားခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇူလိုင် ၂၆ ရက်က ဟားခါးမြို့ဈေးသစ်ရပ်ကွက်အမှတ်(၂) မြို့ပတ်လမ်းနှင့် မတူပီလမ်းကြားရှိ ဦးတီာလ်ဘိခ်နေအိမ်နှင့် ဇူလိုင် ၂၇ ရက်က ဈေးသစ်ရပ်ကွက် မတူပီလမ်းရှိ ဦးလျန်အုပ်နေအိမ်တို့သည် မြေပြိုမှုကြောင့် အန္တရာယ်ရှိသဖြင့် အဆောက်အအုံများအား ဖျက်သိမ်းပြီး ဘေးလွတ်ရာသို့ မိသားစုဝင်များနှင့် ပစ္စည်းများအား ရွှေ့ပြောင်းခြင်းနှင့် ဈေးဟောင်းရပ်ကွက် ဦးဘွေချန်လျန်းနှင့် ဦးဟရမ်ဟရဲအိမ်ကြားရှိ ရေမြောင်း ရေတိုက်စားခြင်းကြောင့် အန္တရာယ်ရှိသဖြင့် ယင်းနေအိမ်မှ မိသားစုများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရေး၊ ကယ်ဆယ်ရေးလုပ်ငန်းများကို တာဝန်ရှိသူများက ဝိုင်းဝန်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

## ဇူလိုင် ၂၈ ရက် (အင်္ဂါနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်းကျပ်ပျမ်းမျှ အနိမ့်ဆုံးမှအမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၅၀၀ မှ ၄၆၀၀၀ |
| ၂ | ဧယာ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၀၀၀ မှ ၂၀၇၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၁၅၀၀ |
| ၄ | မြီးဒုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၇၀၀၀ မှ ၂၈၅၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၂၀၀၀ မှ ၂၃၀၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၅၀၀ မှ ၂၃၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၃၁၂၀၀၀ |
| ၈ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ ဝါးခယ်မ) | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၁၈၀၀၀ မှ ၁၄၀၀၀၀ |
| ၉ | စွန်တာ (ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၀၀၀၀ မှ ၅၂၀၀၀ |
| ၁၀ | ထောပတ်(ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၅၀၀၀ မှ ၅၅၀၀၀ |
| ၁၁ | ပဲကြီး(ပဲ) | ကုန်း၊ ရွှေကျွန်း | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၇၅၀၀၀ မှ ၉၀၀၀၀ |
| ၁၂ | ပြောင်းဆန် | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၈၅၀၀ မှ ၃၀၀၀၀ |
| ၁၃ | ပဲလွမ်းဖြူ (ပဲ) | ပဲခူး၊ မင်းလှ၊ မြစ်ဝကျွန်းပေါ် | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၈၀၀၀၀ မှ ၈၂၀၀၀ |
| ၁၄ | ဗိုလ်ကိတ်(ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၆၀၀၀၀ မှ ၆၅၀၀၀ |
| ၁၅ | နှမ်းနက် စမုံ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၂၁၀၀၀၀ မှ ၂၁၅၀၀၀ |
| ၁၆ | နှမ်းညို(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၈၃၀၀၀ မှ ၈၄၀၀၀ |
| ၁၇ | ပန်းနှမ်း(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၁၅၀၀၀ |
| ၁၈ | နှမ်းဖြူ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၉၇၀၀၀ မှ ၁၁၀၀၀၀ |
| ၁၉ | ကြက်သွန်နီ | ဆိပ်ဖြူ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၃၀ မှ ၈၈၀ |
| ၂၀ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၁၀၀ |
| ၂၁ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၁၀၀ မှ ၂၆၀၀ |
| ၂၂ | ပဲပုပ်(ရှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၅၂၀၀၀ မှ ၅၃၀၀၀ |
| ၂၃ | ပဲပုပ်(ဗမာ) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၅၂၀၀၀ မှ ၅၃၀၀၀ |
| ၂၄ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၀၀ မှ ၈၈၀ |
| ၂၅ | မာလကာသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၃၀ မှ ၃၃၀ |
| ၂၆ | ကျွဲကောသီး | မော်လမြိုင် | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၈၀၀ မှ ၂၅၀၀ |
| ၂၇ | ဖရဲသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၅၀၀ မှ ၃၅၀၀ |
| ၂၈ | သရက်သီး(ရင်ကွဲ) | | တစ်တောင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၃၀၀၀ မှ ၂၁၀၀၀ |
| ၂၉ | သရက်သီး(စိန်တလုံး) | | တစ်ဖာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၂၃၀၀၀ |
| ၃၀ | နဂါးမောက်သီး | | တစ်ခြင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၁၀၀၀ မှ ၁၆၀၀၀ |
| | **လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့(AMIT)မှ ပေးပို့သည်။** | | | | |

# သွေးလွန်တုပ်ကွေး ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

**နွားထိုးကြီး  ဇူလိုင်  ၂၈**

မြင်းခြံခရိုင် နွားထိုးကြီးမြို့ ရဲစခန်းတွင် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ရေကန်များတွင် ခြင်ပေါက်ပွားမှုမရှိအောင် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ စစ်ဆေးခြင်း၊ ရေမြောင်းများတွင် ရေစီးရေလာကောင်းအောင် ဆောင်ရွက်ခြင်းနှင့် သွေးလွန်တုပ်ကွေး ကာကွယ်ရေးဟောပြောခြင်းကို မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ဝေဝေသန်းနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ ပူးပေါင်းကာ ဇူလိုင် ၂၇ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သန်းအောင်ဇော်(နွားထိုးကြီး)**

# ပြန်ဆိုတေးလောကရဲ့ ဘုရင်မ ကယ်လီ ခလာ့ခ်စန်



အမေရိကန်ပေါ့ပ်အဆိုတော် ကယ်လီခလာ့ခ်စန်သည် သူ၏ နယ်လှည့်ဖျော်ဖြေရေးပွဲများအတွင်း လတ်တလောကျော်ကြားနေသော အဆိုတော်များ၏ တေးသီချင်းများကို ပြန်လည်သီဆိုဖျော်ဖြေခဲ့ရာ ပရိသတ်အားပေးမှုကို တစ်ခဲနက်ရရှိခဲ့သည်။

သူ၏အကောင်းဆုံးသော ပြန်ဆိုတေးများမှာ နစ်ခ်ဂျိုးနက်စ်၏ Jealous၊ ရီဟားနား၏ Stay၊ တော်ရီကယ်လီ၏ Nobody Love နှင့် တေလာဆွစ်၏ VMA ဂီတဆုအတွက် ဆုလျာထားစာရင်းဝင် Blank Space သီချင်းတို့ဖြစ်ကြပြီး တေလာဆွစ်ကိုယ်တိုင်ကပင် သူ၏အရည်အချင်းကို ချီးကျူးခဲ့သည်။

ကယ်လီသည် ယခုတစ်ကြိမ်မှပင် တေလာ၏သီချင်းကို ပြန်ဆိုခဲ့ခြင်း မဟုတ်ချေ။ ၂၀၁၄ခုနှစ်တွင် တေလာ၏သီချင်း Shake It Off ကိုလည်း ပြန်လည်သီဆိုခဲ့သေးသည်။



# မွန်ဂိုရောင်းရဲ့ဇာတ်ကားသစ်

"ဆောင်းဦးရွက်ကြွေ ချစ်သက်သေ"ကိုရီးယားရုပ်သံဇာတ်လမ်းတွဲတွင် မင်းသမီး၏ ငယ်ဘဝအဖြစ်သရုပ်ဆောင်ခဲ့သော တောင်ကိုရီးယားမင်းသမီးချော မွန်ဂိုရောင်းသည် KBSရုပ်သံလိုင်းမှ ရိုက်ကူးထုတ်လွှင့်မည့် "Home Alone"ဇာတ်ကားတွင် ခေါင်းဆောင်မင်းသမီးအဖြစ် ရိုက်ကူးပေးရန် ကမ်းလှမ်းခံခဲ့ရပြီး သူ့အနေဖြင့် ပါဝင်သရုပ်ဆောင်သွားရန်စဉ်းစားနေကြောင်း ကိုရီးယားမီဒီယာများက ဖော်ပြခဲ့သည်။

အဆိုပါရုပ်ရှင်တွင် တွဲဖက်သရုပ်ဆောင်ရန် မင်းသား ကန်ဂျီဟွမ်ကို ရွေးချယ်ကမ်းလှမ်းခဲ့ရာ မင်းသားကလည်း ပါဝင်သရုပ်ဆောင်နိုင်ရန် လတ်တလောရိုက်ကူးလျက်ရှိသည့် သူ၏ရုပ်ရှင်ရိုက်ကူးရေးအချိန်များကိုပင် ပြောင်းလဲစီစဉ်နေပြီဖြစ်ကြောင်းသိရသည်။

ယခုရိုက်ကူးမည့် "Home Alone"ဇာတ်ကားသည် စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦးနှင့် သူ၏အိမ် အကူတို့အကြားရှိ အချစ်ဇာတ်လမ်းကို ပုံဖော်ထားသည့် ရုပ်ရှင်ဖြစ်သည်။

# အရေးပေါ်ခွဲစိတ်ကုသမှုခံယူခဲ့ရတဲ့ မိုက်ကယ်ဂျက်ဆင်၏ဖခင် ဂျိုးဂျက်ဆင်



အမေရိကန်ပေါ့ပ်အဆိုတော် မိုက်ကယ်ဂျက်ဆင်၏ ဖခင် ဂျိုးဂျက်ဆင်သည် ရုတ်တရက် နှလုံးဖောက်လာသောကြောင့် အရေးပေါ် ခွဲစိတ်ကုသမှုခံယူ ခဲ့ရပြီး ယခုအခါ စိုးရိမ်စရာ အခြေအနေကို ကျော်လွန်နိုင်ခဲ့ပြီ ဖြစ်သည်။

သူသည် ပြီးခဲ့သည့် တနင်္ဂနွေနေ့က ဘရာဇီးနိုင်ငံတွင် (၈၇) နှစ်ပြည့်မွေးနေ့ပါတီကို ဆင်နွှဲနေစဉ် နှလုံးဖောက်လာခဲ့ပြီး ဆေးကုသမှုခံယူနေစဉ်အတွင်း ၁၀မိနစ်ခန့် နှလုံးရပ်သွားခဲ့သော်လည်း ဆာပိုလိုရှိ " the Albert Einstein" ဆေးရုံတွင် အောင်မြင်စွာခွဲစိတ်ကုသမှုခံယူနိုင်ခဲ့ပြီဖြစ်သည်။

သူ၏မိသားစုဝင်များက အမေရိကန်သို့ ပြန်လာ၍ ဆေးကုသမှုခံယူစေလိုကြသော်လည်း ဆရာဝန်များက သူ၏ကျန်းမာရေးအခြေအနေမှာ လတ်တလောတွင် ခရီးသွားရန်မသင့်တော်သေးကြောင်းနှင့် စောင့်ကြည့်ရန် လိုအပ်နေသေးကြောင်းဆိုသည်။ သို့ဖြစ်၍ သူသည် ဘရာဇီး၌သာ ဆက်လက်ဆေးကုသမှုခံယူနေဆဲဖြစ်ကာ ယခုအချိန်အထိ သူ၏နှလုံးခုန်နှုန်းမှာ မမှန်သေးကြောင်း ဆရာဝန်များက ပြောကြားခဲ့သည်။

ဂျိုးဂျက်ဆင်သည် ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့က ဘရာဇီးသို့ ရောက်ရှိခဲ့ပြီး အခမ်းအနားများပင်တက်ခဲ့သေးသည်။ သို့သော် သူသည်စနေနေ့တွင် နေမကောင်းဖြစ်ခဲ့သောကြောင့် မွေးနေ့ပါတီကို တနင်္ဂနွေသို့ ရွှေ့ခဲ့သည်။ ပါတီပွဲတွင် ရုတ်တရက် ခေါင်းမူးလာပြီး နှလုံးဖောက်လာကာ လေပါဖြတ်ခဲ့ပြီး အမြင်အာရုံဆုံးရှုံးခဲ့ရသည်။ ဆရာဝန်များက သူ၏အမြင်အာရုံဆုံးရှုံးခြင်းမှာ ခေတ္တခဏသာဟုတ်၊ မဟုတ်ကိုမူ အတိအကျမပြောနိုင်ကြောင်း ဆိုသည်။




# အသက် (၂၂)နှစ်မှာ ဆုံးပါးသွားတဲ့ ဘော်ဘီခရစ်တီးနားဘရောင်း

ကွယ်လွန်သွားပြီဖြစ်သော နာမည်ကျော်အဆိုတော် ဝှစ်ထ်နေ ဟာစတွန်နှင့် အာရ်အန်ဘီအဆိုတော် ဘော်ဘီဘရောင်းတို့၏ တစ်ဦးတည်းသော သမီးလေး ဘော်ဘီခရစ်တီးနားဘရောင်းသည် ဇူလိုင် ၂၆ရက်က ဂျော်ဂျီယာပြည်နယ်ရှိ "Peachtree" နာတာရှည်ရောဂါကုဆေးရုံတွင် ကွယ်လွန်သွားခဲ့သည်။

သူကွယ်လွန်ချိန်တွင် အသက် (၂၂) နှစ်ရှိပြီဖြစ်ကာ ပြီးခဲ့သည့် ဇန်နဝါရီ ၃၁ ရက်က သူ၏နေအိမ်ရေချိုးကန်အတွင်း မှောက်လျက်အနေအထားဖြင့် သတိမေ့မျောနေခဲ့သည်ကို တွေ့ရှိခဲ့ရပြီးနောက် ယခုအချိန်အထိ ဆေးရုံတစ်ခုပြီးတစ်ခု သွားရောက်ကုသခဲ့သော်လည်း အခြေအနေမှာ ပိုမိုဆိုးလာခဲ့ပြီး နောက်ဆုံးကွယ်လွန်သွားခဲ့ခြင်းဖြစ်သည်။

ဘော်ဘီကို ၁၉၉၃ခုနှစ်တွင်မွေးဖွားခဲ့ပြီး သူ့အသက် (၁၀) နှစ်ခန့်၊ ၂၀၀၆ခုနှစ်တွင် မိဘနှစ်ပါးကွဲသွားပြီး ၂၀၀၇ခုနှစ်တွင် တရားဝင်ကွာရှင်းခဲ့ကြသည်။ ၂၀၁၂ ခုနှစ်၌ ဘော်ဘီ၏မိခင်ကို Beverly Hilton ဟိုတယ်ရှိ ရေချိုးကန်ငယ်အတွင်း သေဆုံးနေသည်ကို တွေ့ရှိခဲ့ရသည်။

မိခင်သေဆုံးသွားပြီးနောက် ရှစ်လအကြာတွင် ဘော်ဘီသည် နစ်ခ်ဂေါ်ဒန်နှင့် စေ့စပ်ခဲ့ပြီး ၂၀၁၄ခုနှစ် ဇန်နဝါရီ ၉ရက်တွင် လက်ထပ်ခဲ့ကြသည်။

ဘော်ဘီသည် မိခင်ကွယ်လွန်ခဲ့သည့် သုံးနှစ်မြောက်နှစ်ပတ်လည်နေ့ မတိုင်မီတွင် ယခုကဲ့သို့ ရေချိုးကန်အတွင်း မေ့မျောနေသည်ကို တွေ့ခဲ့ရခြင်းဖြစ်ကာ သူ၏မိခင်သေဆုံးစဉ်ကကဲ့သို့ပင် မူးယစ်ဆေးဝါးများ အလွန်အကျွံသုံးစွဲထားသည်ဟု သတင်းများလည်း ပေါ်ထွက်ခဲ့ကြောင်း အီးတီအွန်လိုင်းသတင်းစာတွင် ဖော်ပြထားသည်။

**အေးပြည့် - စုစည်းသည်**

# ရုပ်မြင်သံကြားအစီအစဉ်များ

၂၉ - ၇ -၂၀၁၅ (ဗုဒ္ဓဟူးနေ့)

## မြန်မာ့ရုပ်မြင်သံကြား Entertainment Chammel

| | |
|---|---|
| ၆း၀၀ | အဖွင့် -ခြေခြေမြစ်မြစ်နှစ်နှစ် ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ ဂီတရိပ်သာ (အပိုင်း-၁၀၅) |
| ၆း၂၀ | နေရယ် လရယ် အမှန်တရားရယ် (အပိုင်း-၃) "ပညာ၏တန်ဖိုး" |
| ၇း၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု" (အပိုင်း-၇၃) |
| ၈း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "ဂုဏ်ရည်မတူတဲ့အချစ်" (အပိုင်း-၂၁) |
| ၈း၄၅ | Catoh Asia News (Part-1) |
| ၉း၂၀ | ပြည်သူ့နီတိ "ပီတိမီးအိမ်ရှင်" |
| ၉း၂၅ | တေးဂီတအစီအစဉ် |
| ၉း၄၀ | နိုင်ငံတော်သံစုံတီးဝိုင်းဖျော်ဖြေတင်ဆက်မှုအစီအစဉ် |
| .. | မြန်မာရုပ်ရှင် (ဖြူ/မည်း) "ထို့ကြောင့် ဤအရာကိုအချစ်ဟုခေါ်သည်" (ကျော်ဟိန်း၊ ဇော်ဦး၊ ခင်သီတာထွန်း) (ဒါရိုက်တာ-ကြီးမြင့်) |

**တစ်နေ့ ၆ နာရီစာ လေးကြိမ်ပြသပါမည်။**

## မြဝတီ

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၆း၁၆ | မေတ္တာပို့ |
| ၆း၂၀ | ဓမ္မပူဇာတေး |
| ၆း၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၈း၀၅ | VOA အင်္ဂလိပ်စာသင်ခန်းစာ |
| ၈း၁၅ | မွေးမြူသုတ |
| ၈း၃၀ | DVD Hits |
| ၈း၃၅ | ဇာတ်လမ်းတို |
| ၈း၅၀ | သူနှင့်သူ၏သီချင်းများ |
| ၉း၀၀ | စာပေအလင်းစာပေသတင်း |
| ၄း၁၅ | လျှပ်တစ်ပြက် |
| ၄း၂၅ | အမျိုးသားရေးတေးကဗျာ |
| ၄း၄၅ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၄း၅၅ | ရှေးဟောင်းသုတ |
| ၅း၁၀ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅း၂၅ | ပန်းကလေးများပွင့်တော့မည် |
| ၅း၃၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အတိတ်ရဲ့ချစ်ခြင်း အပိုင်း(၅၉) |
| ၆း၀၆ | Amazing Cities |
| ၆း၁၅ | Meet Whith The Celebrities |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရင်နှစ်သီးချာချစ်လိပ်ပြာ အပိုင်း(၁) - ရယ်စရာပျော်စရာဟာသကမ္ဘာ - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ပြည်သူ့တရားရှင်ပေါင်ချိန် (ဒုတိယတွဲ) (အပိုင်း-၁၂) |

## MRTV - 4

| | |
|---|---|
| ၅း၀၀ | ပဌာန်းပါဠိတော် +ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ် |
| ၁၁း၀၅ | ဟင်းချက်ရအောင် |
| ၁၂း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း" (အပိုင်း-၁၆) |
| ၁၂း၃၀ | ဆယ့်နှစ်လရာသီအလှပန်းချီ [ချစ်သောဝါဆို (အပိုင်း-၂)] |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "အိမ်နီးချင်း" (အပိုင်း-၄) |
| ၃း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၅) |
| ၆း၁၀ | Health Fix |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၆) |
| ၇း၂၅ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "အိမ်နီးချင်း" (အပိုင်း-၅) |
| ၈း၂၀ | ရသစုံညွန်းတမ်းများ |
| ၁၀း၁၅ | Let's Talk |
| ၁း၄၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာပွင့်သောပန်း" (အပိုင်း-၃၈) |
| ၂း၂၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း" (အပိုင်း-၁၇) |
| ၄း၃၅ | တန်ခိုးကြီးမားဘုရားစေတီပုထိုးများ (ဆုတောင်းပြည့်ကျိုက္ခမီရေလယ်ဘုရား) |

## mitv

- …..Changes
- Dawei - Tavoy, Travel To The Southern Part Of Myanmar
- Waso or the Buddhist Lant
- The World's Largest Book
- [Doctor] [Painter]
- Myanmar Masterclass: Artist Pann Kyi
- Pet Fish Biz
- Marketable Goods (Myanmar Arts & Handicrafts)
- Myanmar Alternative Medicine (Aloe Vera)
- Chinlone & The Dreams of the players
- Kid's Home
- The Most Prominent Resort And Residence - Ngapali
- Today Myanmar: Save the Shwedagon
- Made of Jade
- Talented Musicians
- Director: Maung Myo Min (Yin Twin Pyit)
- Climate Context: Signs of Climate Change (Episode-2)
- Gardener: Rose Plantation
- Pleasant Waso
- A Worth Studying Site For Ancient Myanmar Heritages
- Will you feed the pigeons
- Choral Dance (Duel)
- Let's Enjoy Fish Crispy
- All About Orchids
- Dengue Fever
- Htan Taw Drums (Part-II) "Dobat"
- A Way of Life: Karate-do

# စီရိုနယ်လ်ဒိုမှာ မန်ယူအလိုရှိသော ကစားသမားပုံစံမျိုးပင်ဖြစ်သည်ဟု ဗန်ဟားလ်ဖွင့်ဟ

မန်ယူနည်းပြ ဗန်ဟားလ်က ရီးယဲလ်တောင်ပံတိုက်စစ်မှူး စီရိုနယ်လ်ဒိုမှာ မန်ယူအနေဖြင့် ပြိုင်ဘက်များအား အကောင်းဆုံးယှဉ်ပြိုင်နိုင်ရန် လိုအပ်နေသော ကစားသမားပုံစံမျိုးပိုင်ဆိုင်ထားသူဟု ဖွင့်ဟပြောကြားလိုက်သည်။ ဗန်ဟားလ်က ယခင် မန်ယူကစားသမားဟောင်း ရိုနယ်လ်ဒိုအား မန်ယူသို့အံ့အားသင့်ဖွယ်ပြန်လည်ခေါ်ယူရန်ဆန္ဒရှိနေသော်လည်း ရီးယဲလ်မှ လက်လွှတ်ခံလိုဖွယ်မရှိဟု ဂိုးလ်ဒေ့ါကွန်းကဖော်ပြသည်။

" စီရိုနယ်လ်ဒို အနေနဲ့ ယူနိုက်တက်နဲ့ပြန်ပူးပေါင်းမလားလို့ ကျွန်တော်စိတ်ကူးကြည့်မိပါတယ်။သူက အံ့ဖွယ်စွမ်းဆောင်ရည်တွေနဲ့ ပြည့်နေတဲ့ကစားသမားဖြစ်သလို ကျွန်တော်ကိုယ်တိုင်ကလည်း သူ့ပရိသတ်တစ်ဦးပါပဲ။ဥပမာအနေနဲ့ပြောရရင် ဘိုင်ယန်မှာ ရိဘာရီနဲ့ ရော့ဘင်၊ ချယ်လ်ဆီးမှာ ဟာဇက်နဲ့ ဝီလျံ၊ရီးယဲလ်မှာ ရိုနယ်လ်ဒိုနဲ့ ဘေးလ်၊ ဘာကာမှာ မက်ဆီနဲ့ နေမာတို့ရှိနေတယ်။ဒါကြောင့် ဒီလို ထိပ်တန်းအသင်းမျိုးနဲ့ မန်ယူယှဉ်ကစားနိုင်ဖို့ ဖန်တီးမှုကောင်းကောင်းပုံဖော်ပေးနိုင်မယ့်တိုက်စစ်အားသန်ကစားသမားတစ်ဦးထပ်လိုတာပေါ့"ဟု ဗန်ဟားလ်က ပြောကြားခဲ့သည်။

ဆက်လက်၍ဗန်ဟားလ်က ဂျူအန်မာတာနှင့် အက်ရှ်လေယန်းတို့၏ ပြီးခဲ့သည့်နှစ်ဘောလုံးရာသီက စွမ်းဆောင်ရည်ကို အသိအမှတ်ပြုသော်လည်း သူတို့နှစ်ဦး၏ပံ့ပိုးမှုအင်အားဖြင့် အဆင့်မြင့်ပြိုင်ပွဲများတွင် ချန်ပီယံဆုကိုစိန်ခေါ်နိုင်ရန်မလုံလောက်ဟုလည်း ယုံကြည်နေသည်။

မန်ယူကအသစ်ခေါ်ယူထားသော ဒီပေး၊ရှုဝိန်းစတိုင်ဂါ၊ ရှုနိုက်ဒါလင်နှင့် ဒါမီယန်တို့ကြောင့် ပြီးခဲ့သည့်နှစ်ကထက် ပိုကောင်းလာမည့်မန်ယူကိုမြင်တွေ့ရမည်ဖြစ်သော်လည်း နောက်ထပ် ပြီးပြည့်စုံသည့်တိုက်စစ်ကစားသမားတစ်ဦးကို ခေါ်ယူရန်လိုအပ်နေသေးသည်ဟုလည်း ဗန်ဟားလ်က တစ်ဆက်တစ်စပ်တည်းပင် ပြောကြားခဲ့သည်။ သို့သော် စီရိုနယ်လ်ဒိုအား ယခုနှစ်နွေဈေးကွက်တွင် ရရှိရန်မဖြစ်နိုင်ဆိုသည်ကိုမူ ဗန်ဟားလ်က ဝန်ခံခဲ့သည်။

မန်ယူအနေဖြင့် စီရိုနယ်လ်ဒိုအတွက် ပြောင်းရွှေ့ကြေးပေါင်သန်း၇၀အထက်အသုံးပြုရန်အသင့်ရှိနေသော်လည်း ယင်းပမာဏလောက်ဖြင့် ထိုကဲ့သို့သော ကမ္ဘာ့ထိပ်တန်း နာမည်ကျော်ကစားသမားရရှိရန်မဖြစ်နိုင်ပေ။ထို့ပြင် ပေါ်တူဂီကြယ်ပွင့် စီရိုနယ်လ်ဒိုသည် ရီးယဲလ်၌ ကစားခဲ့သော ခြောက်နှစ်တာကာလအတွင်း ပွဲပေါင်း၃၀၀တိတိဝင်ရောက်ကစားထားပြီး စုစုပေါင်းသွင်းဂိုး၃၁၃ဂိုးအထိသွင်းယူထားနိုင်ရာ ရီးယဲလ်၏ ထာဝရသွင်းဂိုးအများဆုံးကစားသမား ရာအူးလ်၏ စံချိန်ကိုလိုက်မီရန်၁၀ဂိုးသာလိုတော့သည်။

**မေလှဲ့သင်း**

# ဂျိုကိုဗစ်ချ်သာ တင်းနစ်လောကကို ဆက်လက်လွှမ်းမိုးနေဦးမည်



မကြာသေးမီကကျင်းပပြီးစီးခဲ့သည့် ဝင်လ်ဘယ်ဒန်အိုးပင်း ပြိုင်ပွဲတွင်လည်းလက်ရှိချန်ပီယံဘွဲ့ကို အောင်အောင်မြင်မြင်ကာကွယ်နိုင်ခဲ့သည့် ကမ္ဘာ့နံပါတ်(၁)တင်းနစ်ကစားသမား ဂျိုကိုဗစ်ချ်သာ တင်းနစ်လောကကိုဆက်လက်လွှမ်းမိုးနေဦးမည်ဟု ယခင်ကမ္ဘာ့အဆင့်(၁) တင်းနစ်ကစားသမားဟောင်း ဂွန်မက်အန်ရိုးက မှတ်ချက်ပြုခဲ့သည်။

ဂွန်မက်အန်ရိုးက အသက်(၂၈)နှစ်အရွယ်ရှိ ဂျိုကိုဗစ်ချ်မှာ လက်ရှိတွင် အကောင်းဆုံးပုံစံတစ်ရပ်ကို ဆက်လက်ထိန်းထားနိုင်ဆဲဖြစ်သလို ဒဏ်ရာပြဿနာမကြုံတွေ့ရလျှင် နောက်နှစ်နှစ်အထိ တင်းနစ်လောကအား ဂျိုကိုဗစ်ချ်သာ ဆက်လက်လွှမ်းမိုးနေဦးမည်ဖြစ်ကြောင်း၊ ၎င်းအနေဖြင့် နောက်ထပ်အနည်းဆုံးဂရင်းစလင်း ချန်ပီယံဆု ငါးခုလောက်ဆက်လက်ရယူနိုင်ဦးမည်ဖြစ်ကြောင်း ဆိုခဲ့သည်။

သို့သော် ဂွန်မက်အန်ရိုးက ၎င်းအတွက် ထာဝရအကောင်းဆုံးတင်းနစ် ကစားသမားလေးဦးမှာ ရော့လက်ဗာ၊ ပီထ်ဆန်းပရက်စ်၊ရိုဂျာဖက်ဒဲရာနှင့် ရာဖေးလ်နာဒဲလ်တို့သာဖြစ်ပြီး ဂျိုကိုဗစ်ချ်မှာမူ ပဉ္စမမြောက်အကောင်းဆုံးကစားသမားဟု ဖွင့်ဟခဲ့သည်။

ဂျိုကိုဗစ်ချ်က"ကျွန်တော့်အတွက် ကဏ္ဍသစ်တွေတစ်ခုပြီးတစ်ခု ဖွင့်လှစ်သွားတော့မှာပါ။ အခု ကိုးခုမြောက်ဂရင်းစလင်းကိုရယူပြီးတဲ့နောက်မှာ နောက်ထပ်ဂရင်းစလင်းပေါင်းမြောက်မြားစွာ ရယူပြီး မှတ်တိုင်သစ်စိုက်ထူသွားဖို့ ဆန္ဒပြင်းပြနေပါတယ်။ ကျွန်တော်အိမ်ထောင်ကျလို့ ဖခင်ဘဝရောက်ပြီးနောက်ပိုင်းမှာ ရလဒ်တွေပိုမိုကောင်းမွန်လာသလို ဘဝရဲ့ အဓိပ္ပာယ်ကိုလည်း ပိုပြီးခံစားတတ်လာပါတယ်" ဟု ဆိုခဲ့သည်။

**ရှိုင်းယန်ဟေဒင်**




# ဟန်ဂေရီဂရင်းပရီ ရလဒ်အတွက် လူးဝစ်ဟာမီလ်တန်တောင်းပန်

ဖော်မြူလာဝမ်းကားမောင်းသမား လူးဝစ်ဟာမီလ်တန်က ဟန်ဂေရီဂရင်းပရီတွင်ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်အတွက် မာစီဒီးစ်အသင်းမှ တာဝန်ရှိသူများအားလုံးကိုတောင်းပန်ကြောင်းဆိုခဲ့သော်လည်း မာစီဒီးစ်အကြီးအကဲ တိုတိုဝုဖ်က ယင်းဂရင်းပရီမှာ မာစီဒီးစ်အသင်းအတွက်"ကြောက်လန့်ဖွယ် အိပ်မက်ဆိုး" တစ်ခုဟု ကင်ပွန်းတပ်ခဲ့သည်။

ဟာမီလ်တန်သည် ယင်းပွဲတွင် စတင်တာထွက်ကတည်းကပင် အမှားအယွင်းများရှိခဲ့ပြီး ကျောက်စရစ်ခဲယောင်းလမ်းထောင်ချောက်ကို ဖြတ်သန်းရာ၌ အမှားအယွင်းများပိုမိုများပြားလာကာ အဆင့်(၁၁) အထိကျဆင်းခဲ့သည်။ သို့သော်၎င်းမှာ အတွေ့အကြုံကြွယ်ဝသည့် ကစားသမားဖြစ်သည့်အလျောက် နောက်တစ်ကျော့ပြန်လည်စတင်ချိန်၌ အစောပိုင်းက စွမ်းဆောင်ရည်ကျဆင်းမှုကို ပြန်လည်ချေဖျက်နိုင်ခဲ့သော်လည်း ပွဲအပြီးတွင် အဆင့်(၆)နေရာဖြင့်သာ အဆုံးသတ်ခဲ့သည်။

ဟာမီလ်တန်က "ဒီပွဲက ကျွန်တော့်ဘဝမှာအဆိုးဆုံးပွဲထဲက တစ်ပွဲဖြစ်ခဲ့ပြီး ကျွန်တော်မှားခဲ့တဲ့အမှားက အသင်းကို ထိခိုက်စေခဲ့တဲ့အတွက် အသင်းတာဝန်ရှိသူတွေကို တောင်းပန်ပါတယ်။ ဒီအတွက်လည်းတကယ့်ကို နာကျင်ခံစားရပါတယ်" ဟု ပွဲအပြီးတွင် ပြောကြားခဲ့သည်။

ဟာမီလ်တန်သည် ဟန်ဂေရီဂရင်းပရီမယှဉ်ပြိုင်မီ နာမည်ကြီးပေ့ါပ်အဆိုတော် ရီဟားနားနှင့်တိတ်တဆိတ်သွားရောက်ချိန်းဆိုခဲ့ကြ၍ ယင်းကဲ့သို့ရလဒ်များဆိုးရွားခဲ့ခြင်းဖြစ်သည်ဟု ဘီဘီစီကဖော်ပြခဲ့သည်။

သို့သော် ဟာမီလ်တန်မှာ ဟန်ဂေရီဂရင်းပရီတွင်သာ အဆင့်(၆)နေရာ၌ ရပ်တည်ခဲ့ခြင်းဖြစ်သော်လည်း ဖော်မြူလာဝမ်းဂရင်းပရီပြိုင်ပွဲ အရပ်ရပ်တွင် စုစုပေါင်းရမှတ်၂၀၂မှတ်ဖြင့် ထိပ်ဆုံးမှ ဆက်လက်ဦးဆောင်နေဆဲဖြစ်သည်။ ဟန်ဂေရီဂရင်းပရီတွင် ဖာရာရီအသင်းမှ ဂျာမနီနိုင်ငံသား ဗက်တယ်လ်က အဆင့်(၁)နေရာဖြင့် ပန်းဝင်ခဲ့သည်။

**မေလှဲ့သင်း**

# ချယ်လ်ဆီးတိုက်စစ်မှူးဟောင်း ဒီဒီယာဒရော့ဘာ မေဂျာလိဂ်ကလပ် မွန်ထရီရယ်အင်ပက်သို့ ပြောင်းရွှေ့

ချယ်လ်ဆီးတိုက်စစ်မှူးဟောင်း ဒီဒီယာဒရော့ဘာသည် မေဂျာလိဂ်ကလပ် မွန်ထရီရယ်အင်ပက်အသင်းသို့ တစ်နှစ်ခွဲသက်တမ်းရှိစာချုပ်တစ်ရပ်ဖြင့် ပြောင်းရွှေ့သွားခဲ့ပြီဖြစ်သည်။

အသက်(၃၇)နှစ်အရွယ်ရှိ တိုက်စစ်မှူးဒရော့ဘာသည် ချယ်လ်ဆီးအသင်းနှင့်အတူ ပွဲပေါင်း ၃၈၁ ပွဲပါဝင်ကစားပေးခဲ့ပြီး ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလတွင် ချယ်လ်ဆီးအသင်းမှ ထွက်ခွာခဲ့ခြင်း ဖြစ်သည်။ တိုက်စစ်မှူးဒရော့ဘာသည် ချယ်လ်ဆီးအသင်းတွင် ကစားစဉ် ပရီမီယာလိဂ်ဖလားလေးကြိမ်ဆွတ်ခူးပေးနိုင်ခဲ့သည်။

တိုက်စစ်မှူး ဒရော့ဘာသည် အိုင်ဗရီကို့စ်အသင်းအတွက် ထိပ်တန်းဂိုးသွင်းရှင်တစ်ဦးဖြစ်ပြီး အိုင်ဗရီကို့စ် လက်ရွေးစင်အသင်းတွင် ပွဲပေါင်း ၁၀၅ ပွဲပါဝင်ကစားပေးခဲ့ကာ သွင်းဂိုး ၆၅ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သည်။ တိုက်စစ်မှူး ဒရော့ဘာ၏ ချယ်လ်ဆီးကစားဖော်ဟောင်း ကွင်းလယ်ကစားသမား လမ်းပတ်သည်လည်း မေဂျာလိဂ် ကလပ်နယူးယောက်စီးတီးအသင်းသို့ ပြောင်းရွှေ့သွားခဲ့ပြီးဖြစ်သည်။

ဒရော့ဘာသည် တူရကီကလပ် ဂါလာတာစာရေးအသင်း၊ ပြင်သစ်ကလပ် မာဆေးအသင်းနှင့် တရုတ်ကလပ် ရှန်ဟိုင်းရှင်ဟွာ အသင်းတို့တွင်လည်း သွားရောက်ကစားခဲ့သူဖြစ်ပြီး မာဆေးလ်အသင်းတွင် ပွဲပေါင်း ၃၅ ပွဲ၊ ရှန်ဟိုင်းရှင်ဟွာအသင်းတွင် ပွဲပေါင်း ၁၁ ပွဲ၊ ဂါလာတာစာရေးအသင်းတွင် ပွဲပေါင်း ၃၇ ပွဲပါဝင်ကစားပေးခဲ့သည်။ ပြီးခဲ့သည့် ဘောလုံးရာသီအကုန်တွင် ချယ်လ်ဆီးအသင်းမှ ထွက်ခွာကာ ယခုအခါမေဂျာလိဂ်ကလပ် မွန်ထရီရယ်အင်ပက်အသင်းသို့ ပြောင်းရွှေ့သွားခဲ့ခြင်းဖြစ်သည်။

**ငွေကြယ်**



# လက်ထပ်ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဒုတိယဗိုလ်မှူးကြီး ထွန်းငြိမ်း(ငြိမ်း)(ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်)-ဒေါ်ခင်စိန်လှ(သိင်္ဂီဓါတ်ခွဲခန်း)တို့၏
တစ်ဦးတည်းသောသား

**မောင်ပြေငြိမ်း**

**B.E, Marine Engineering (Myanmar Maritime University)**

**3rd Engineer (Uniteam Marine Limited)**

**နှင့်**

စစ်တွေမြို့နေ
ဦးမျိုးလှိုင် (မြေပုံမြို့နယ်-မန်နေဂျာ)(ပြည်တွင်းရေကြောင်းပို့ဆောင်ရေး)-ဒေါ်သန်းသန်းမြတို့၏ သမီးကြီး

**မသီတာလှိုင်**

**B.C.Sc (Hons:), Diploma in IMCEITS (Java Programming)**

**ရေဝတီဘဏ်(စမ်းချောင်းဘဏ်ခွဲ)**

တို့၏ ၂၆-၇-၂၀၁၅ရက်(တနင်္ဂနွေနေ့)တွင် Novotel Yangon Max Hotel (Yangon Ballroom)တွင် ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော သမ္မတရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဇနီး ဒေါ်အေးအေး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးများ ဆင်မြန်းပေးပါသော စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်မြဝင်း၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းပေးပါသော ရေတပ်သဘောကျင်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ်မြင့်ဦးနှင့်ဇနီး ဒေါ်မာလာထွန်း၊ ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့မှအရာရှိများနှင့် မိသားစုဝင်များ၊ ဗိုလ်လောင်းသင်တန်းအပတ်စဉ်(၆၃)မှသူငယ်ချင်းများနှင့် မိသားစုဝင်များ၊ စက်မှုဝန်ကြီးဌာနမှ အရာထမ်းအမှုထမ်းများနှင့် မိသားစုဝင်များ၊ အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်မှ အရာထမ်းနှင့် မိသားစုဝင်များ၊ မင်္ဂလာအခမ်းအနားမှူးဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီချင်းသီဆိုပေးသော တေးသံရှင်ဟေမာနေဝင်း၊ မင်္ဂလာတေးသီချင်းများဖျော်ဖြေပေးသော Plus Three Band နှင့် တေးသံရှင်များ၊ မင်္ဂလာပန်းကြဲပေးသော မမေမြတ်သော်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးများနှင့် လက်ထပ်လက်စွပ်ဗန်းကိုင်ဆောင်ပေးသော မနှင်းသူဇာနှင့် မမြတ်ယုသွယ်လှိုင်၊ မင်္ဂလာသတို့သားအရံများဖြစ်သော ကိုတင်မောင်အေးနှင့် ကိုဖြိုးကိုကိုအောင်၊ မင်္ဂလာသတို့သမီးအရံများဖြစ်သော မခင်ထက်ထက်အောင်နှင့် မသီရိဝေ၊ မင်္ဂလာဝတ်စုံဒီဇိုင်းဖန်တီးပေးသော ပြည်စိုးအောင်၊ မိတ်ကပ်ဆံပင်နှင့် လက်ဝတ်ရတနာများ တာဝန်ယူဆောင်ရွက်ပေးသော မိတ်ကပ်ခင်စန်းဝင်းနှင့်အဖွဲ့၊ မင်္ဂလာမှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးပါသော Forever Wedding Dress, Photo Studio & Video မှ အဖွဲ့သားများ၊ မင်္ဂလာဖိတ်စာဆောင်ရွက်ပေးသော မလှလှဝင်း * Press၊ Novotel Yangon Max Hotel မန်နေဂျာနှင့် ဝန်ထမ်းများ၊ မင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးသော ဦးညီဝင်းခိုင်နှင့် ဇနီး ဒေါ်ချိုမာခိုင်၊ ဆွေမျိုး၊ မိတ်ဆွေများအားလုံးနှင့် အခြားကျေးဇူးတင် ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့် မောင်ပြေငြိမ်း-မသီတာလှိုင်**

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**

## အမည်ပြောင်း

အဖ ဦးသန့်အောင်၏ သမီးဖြစ်သူ အထက (၁)လှိုင်သာယာ၊ ဒသမတန်း(I)၌ ပညာသင်ကြားနေသော မသဉ္ဇာအောင်အား အိသဉ္ဇာအောင် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မအိသဉ္ဇာအောင်**

## မြေကွက်များဝယ်လိုသည်

ရန်ကုန်မြို့ဒဂုံမြို့သစ်
(အရှေ့ပိုင်း၊ဆိပ်ကမ်း
တောင်ပိုင်း၊ မြောက်ပိုင်း)
မြို့နယ်များရှိ မြေကွက်များ
ဝယ်လိုသည်။
-၀၉-၄၄၈၀၂၅၇၄၂
၀၉-၄၂၀၁၀၇၀၂၁
၀၉-၇၃၂၃၄၆၅၆

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် C-11၊ မြေကွက်အမှတ်-၁၀၈၊ မြေကွက်တည်နေရာအမှတ်(၁၀၈)၊ ချယ်ရီလမ်း၊ (၄)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ (ဦးတင်ရွှေ) အမည်ပေါက်ပါမစ်မြေအား အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူခဲ့သူ ဦးလှမင်း[၁၂/တကန(နိုင်)၁၆၅၆၄၄]မှ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်ရုံးနှင့် ရဲစခန်းထောက်ခံချက်၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာနှင့် ကိုယ်တိုင်ကတိဝန်ခံချက်တင်ပြ၍ပါမစ်ပျောက်ဖြင့် နှစ်(၆၀) မြေငှားစာချုပ် ဂရန်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**မြေဆီစိုခိုက်**
**သစ်ပင်စိုက်**

## ပြန်ကြားရေးဝန်ကြီးဌာန
## သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
## မီးစက်၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် အသုံးပြုရန် လိုအပ်လျက်ရှိသည့် အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| | | | |
|---|---|---|---|
| (က) | 300 KVA Generator | - | ၁ လုံး |
| (ခ) | 200 KVA Generator | - | ၁ လုံး |
| (ဂ) | Mail Box မော်တော်ယာဉ် | - | ၂ စီး |
| (ဃ) | Single Cub မော်တော်ယာဉ် | - | ၂ စီး |
| (င) | Motorcycle | - | ၁၈ စီး |

၂။ တင်ဒါပုံစံများကို ၂၉-၇-၂၀၁၅ ရက်မှ ၂၁-၈-၂၀၁၅ ရက်ထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၁-၈-၂၀၁၅ ရက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြား ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေး သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစား မည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| **တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ** | **တင်ဒါတင်သွင်းရန်လိပ်စာ** |
|---|---|
| **သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း** | **ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေး** |
| **ပြန်ကြားရေးဝန်ကြီးဌာန** | **နှင့် ထုခွဲရောင်းချရေးကော်မတီ** |
| **ရုံးအမှတ်(၇)၊ နေပြည်တော်** | **ပြန်ကြားရေးဝန်ကြီးဌာန** |
| **ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈** | **ဖုန်း-၀၆၇-၄၁၂၃၉၀** |

## ကျွမ်းကျင်သူနာပြုအလိုရှိသည်

၁။ အထက်တန်းသူနာပြု မ(၂)ဦး
အသက်၃၀နှစ်-၄၀နှစ်ကြား
(လုပ်သက် ၃ နှစ်ရှိရမည်)

**ဆက်သွယ်ရန်**
**ဖုန်း-၀၉-၄၂၀၀၆၄၉၃၈**

**POST** ဂရုထူးဝင်ခွင့်သင်တန်း
● ဆရာမဝင်ခွင့်တန်းခွဲများ
● ဗိုလပိုင်းမြေမည့် ဦးစီးမှူး တန်းခွဲ(စနေ၊တနင်္ဂနွေ ၉း၀၀-၁၂း၀၀)
၁၆၅(ပထပ်)ဆိပ်ကမ်းသာလမ်း(လယ်)ကျောက်တံတားမြို့နယ် ၀၉၄၂၀၁၂၉၃၃၃






ဆောင်းပါး

# ဓမ္မစကြာ ဒေသနာတော်ဦးနှင့်အတူ သံဃာရတနာ စတင်ပေါ်ထွန်းလာ

**à စန်းနီလာဝင်း**

သည်တစ်နှစ် ဘာလိုလိုနဲ့ တစ်ဝါဆိုလာပြန်ချေပြီ။ သစ္စာငုံရင့်၊ လေးခိုင်ပွင့်သော်၊ အောက်နှင့်အထက်၊ ဘဝဂ်ဝီစိ၊ နှံ့သိသတင်း၊ တေဇော်ပြင်းလျက်၊ ထုတ်ချင်းစကြဝဠာ၊ ဟင်းလင်းသာတိ၊ ပြဟ္မာနတ်ရပ်၊ ပွဲတင်ထပ်မျှ၊ အလပ်မတည်၊ ကျော်စောလည်၍ သုံးမည်လူနတ်၊ ရှိခိုးညွှတ်သည်၊ အထွတ်မှန်ကင်း၊ တရားမင်း ဖြစ်တော်မူသော အနန္တကျေးဇူးတင် မြတ်ဗုဒ္ဓသခင်၏ သာသနာတော် သက်တမ်းသည်ကား ယခုဆိုလျှင် နှစ်ပေါင်း ၂၅၅၉ နှစ် တိုင်လာခဲ့ပြီဖြစ်သည်။

လူ့ဘုံသုံးပါး အထွတ်ထား၍ တရားရသာ၊ ကြိုက်သြဇာဖြင့်၊ သတ္တဝါလူခပ်သိမ်းသူကို ဘယ်သူကယ်နိုင်၊ ရွှေပြည်ခိုင်သို့ တိုင်တိုင်ဘေးလွတ် ပို့ပေးတတ်၍ဟူသော ဂါထာ ခြောက်ဆယ်ပျို့လင်္ကာနှင့်အညီ ထေရဝါဒ မြတ်ဗုဒ္ဓ ဒေသနာတော်ကြီး အဓွန့်ရှည်တည်တံ့နေသောကြောင့် သာဘဝသံသရာဝဋ်ဆင်းရဲမှ လွတ်ကင်းရာ မဂ်တရား ဖိုလ်တရားသို့ လားရာလမ်းကြောင်းမှန်၊ လမ်းကြောင်းကောင်း လမ်းကြောင်းမြတ်ကြီး ရှိနေနိုင်ခြင်းပင်ဖြစ်သည်။

ပညာကို တန်ဆောင်၊ သီလကို ဂန္ဓာယောင်၊ ဝီရိယကို ရွှေဂူချောင်၊ သမာဓိကို မြင့်မိုရ်တောင်၊ မာနကို မြေအယောင်၊ စာဂကို တွေးမရှောင်၊ ပညာမာန်နှိမ့်ချထားရန် မမြတ်ဆုံးမတော် မူကြကုန်သော ပညာရှိ သူတော်စင် သူတော်မြတ်တို့၏ ကျေးဇူးတော်ရှင် မြတ်ဗုဒ္ဓသခင်၏ တပည့်သာဝကရဟန်းသံဃာတော် အရှင်သူမြတ်တို့က ဂန္ထဓူရ၊ ဝိပဿနာဓူရ ရွက်ဆောင်နေကြတော်မူသောကြောင့်သာ ထေရဝါဒ မြတ်ဗုဒ္ဓဒေသနာတော်ကြီး နေတစ်ဆူ လတစ်ပါးနှယ်ထွန်းလင်းတောက်ပနေနိုင်ခြင်းပင်ဖြစ်သည်။

အနန္တကျေးဇူးတော်ရှင် မြတ်ဗုဒ္ဓသခင်သည် ဗာရာဏသီပြည်၏အနီးဖြစ်သော မိဂဒါဝုန်တောသို့ ရောက်တော်မူသောအခါ ပဉ္စဝဂ္ဂီတို့ကမြင်မြင်ချင်းပင် ဤသို့ကတိကဝတ်ထားလိုက်ကြ၏။

"အရှင်ဂေါတမသည် ဘုရားအဖြစ်ကိုရခြင်းငှာ ဒုက္ကရစရိယအကျင့်ကို ခြောက်နှစ်တိုင်တိုင်ကျင့်ခဲ့သည်။ ဘုရားအဖြစ်သို့မရောက်မီကပင် ဤဒုက္ကရစရိယအကျင့်မှထွက်၍ ဆွမ်း၊ သက်န်းများပြားအောင် မြို့ရွာအရပ်ရပ်သို့ လှည့်လည်သည်။ အကျင့်ပျက်သူဖြစ်၍ ခရီးဦးကြိုဆိုခြင်း၊ နေရာခင်းခြင်း၊ သောက်သုံးရေတည်ထားခြင်းဟူသောဝတ်ကို မပြုကြလင့်"ဟု အချင်းချင်းကတိကဝတ်ထားခဲ့ကြ၏။

သို့တစေ မြတ်ဗုဒ္ဓအနီးသို့ရောက်လာသောအခါ ထားမိခဲ့ကြသော ကတိကဝတ်များမတည်နိုင်ဖြစ်ကာ ယိမ်းယိုင်တုန်လှုပ်လျက် အချို့က သပိတ်ကိုလှမ်းယူ၊ အချို့က သင်္ကန်းကိုယူ၊ အချို့က ခြေဆေးရေတည်ထား၊ အချို့က နေရာခင်းနှင့်ပြီးသားဖြစ်နေကြသည်။

ဤသို့ ပဉ္စဝဂ္ဂီငါးပါးတို့ ဝတ်ကြီးဝတ်ငယ်ပြု၍ ခင်းကျင်းအပ်သောနေရာ၌ နေတော်မူပြီး ဂေါတမမြတ်ဗုဒ္ဓသခင်က "ငါကား ဘုရားကေန်စင်စစ်ဖြစ်တော်မူခဲ့ပြီ၊ အလုံးစုံသောတရားတို့ကို သိတော်မူခဲ့ပြီ၊ သင်တို့အား တရားရေအေးအမြိုက်ဆေး တိုက်ကျွေးရန်ကြွလာတော်မူခြင်းဖြစ်သည်၊ ချစ်သားတို့ ရိုသေစွာနာယူကြကုန်လော့"ဟု တိုက်တွန်းတော်မူခဲ့သည်။

ထိုအခါ ပဉ္စဝဂ္ဂီငါးပါးတို့က "ငါ့ရှင်ဂေါတမ သင်သည် ပြင်းပြလှသော ဒုက္ကရစရိယာအကျင့်ကို ခြောက်နှစ်လုံးလုံး ကျင့်၍မျှ သဗ္ဗညုတအဖြစ်သို့မရောက်တုံသေး၊ ယခုမူကား ဆွမ်း၊ သင်္ကန်း၊ ကျောင်းစသော ပစ္စည်းများကို များပြားအောင်လှံ့လပြုကာ ဒါယကာ၊ ဒါယိကာမတို့ကိုရှာဖွေ၍ မြို့ရွာတိုင်း လှည့်လည်လျက်ရုံမျှနှင့် မဂ်ဖိုလ်ချမ်းသာကို အဘယ်မှာရချေအံ့နည်း။ သင်ဝါကြွား၍ လှည့်ဖြားခြင်းမပြုပါနှင့်။ ကျွန်ုပ်တို့ သင့်အားမယုံကြည်နိုင်"ဟု သုံးကြိမ်တိုင်အောင် ပယ်ရှားခဲ့ကြ၏။

ထိုသို့ ပယ်ရှားငြားသော်လည်း မြတ်ဗုဒ္ဓက အပြစ်မထား၊ မေတ္တာပွား၍ ဘုရားစင်စစ် ဧကန်ဖြစ်ကြောင်း သိစေတော်မူပြီးလျှင် သက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလပြည့်နေ့ ညနေဆည်းဆာချိန်ခါတွင် "ဒွေမေ ဘိက္ခဝေ အန္တာပဗ္ဗဇိတေန န သေဝိတဗ္ဗာ" အစရှိသော "ဓမ္မစက္က ပဝတ္တန သုတ္တံ"ကို ဟောကြားတော်ကို ဟောကြားတော်မူခဲ့သည်။

ဒေသနာတော်အဆုံး၌ "အရှင်ကောဏ္ဍည" သည် သောတာပတ္တိဖိုလ်၌ တည်လေ၏။ ထိုအခါ တစ်သောင်းသောလောကဓာတ်မှ စုဝေးလာကြကုန်သောနတ်ပြဟ္မာ တစ်ဆယ့်ရှစ်ကုဋေတို့သည် အကျွတ်တရားရကုန်ကြသည်။ ဓမ္မစကြာဒေသနာတော်ကြီးကား ထိုဝါဆိုလပြည့်နေ့ ညဉ့်လယ်ယံ၌ ပြီးဆုံးတော်မူလေသည်။

ထို့နောက် ဓမ္မစက္ကပဝတ္တနသုတ္တံကို အကျယ်ဖွင့်ဆိုဟောကြားတော်မူပြန်ရာ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့၌ "အရှင်ဝပ္ပ"သည် သောတာပတ္တိဖိုလ်၌တည်လေသည်။ ဝါဆိုလပြည့်ကျော် ၂ ရက်နေ့၌ "အရှင်ဘဒ္ဒိယ"၊ ဝါဆိုလပြည့်ကျော် ၃ ရက်နေ့၌ "အရှင်မဟာနာမ"၊ ဝါဆိုလပြည့်ကျော် ၄ ရက်နေ့၌ "အရှင်အဿဇိထေရ်" တို့သည် သောတာပတ္တိဖိုလ်၌တည်ကုန်၍ ဧဟိဘိက္ခုရဟန်းအဖြစ် ရရှိကြကုန်သည်။ ဝါဆိုလပြည့်ကျော် ၅ ရက်နေ့တွင် သောတာပတ္တိဖိုလ်တည်ပြီးကြကုန်သော ထိုပဉ္စဝဂ္ဂီရဟန်းငါးပါးကို "အနတ္တလက္ခဏသုတ်" ဒေသနာတော်မြတ်ကို ဆက်လက်ဟောကြားတော်မူခဲ့ရာ ပဉ္စဝဂ္ဂီရဟန်းငါးပါးစလုံး "ရဟန္တာ" ဖြစ်တော်မူကြကုန်သည်။

တကယ်တော့ ဓမ္မစကြာဒေသနာတော်၏ ဂုဏ်ကျေးဇူးတော်ကြောင့် မြတ်ဗုဒ္ဓ၏သာသနာတော်ဝယ် ဗုဒ္ဓရတနာ၊ ဓမ္မရတနာအပြင် သံဃာရတနာဟုစတင်ပေါ်ထွန်းလာရခြင်းဖြစ်သည်။ အနန္တကျေးဇူးတော်ရှင် ဂေါတမမြတ်ဗုဒ္ဓသခင်သည် ဓမ္မစကြာဒေသနာတော်ကို မဟောကြားမီ (၁) ဗုဒ္ဓသရဏံဂစ္ဆာမိ=မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ကိုးကွယ်ခြင်း၊ (၂) ဓမ္မံသရဏံ ဂစ္ဆာမိ=တရားတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကမ်းကိုးကွယ်ခြင်းမှသည် မြတ်ဗုဒ္ဓပဉ္စဝဂ္ဂီငါးပါးတို့အား ဓမ္မစကြာနှင့် အနတ္တလလက္ခဏဒေသနာတော်မြတ်ကို ဟောကြားတော်မူခဲ့ရာ ပဉ္စဝဂ္ဂီငါးပါးတို့ အရိယာရဟန်းသံဃာတော်များဖြစ်လာခြင်းကြောင့်သာ ထိုမှစ၍၊ (၃) သံဃံသရဏံ ဂစ္ဆာမိ=သံဃာတော်အရှင်သူမြတ်တို့ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ကိုးကွယ်ခြင်းဟူ၍ သရဏဂုံသုံးပါးဖြစ်ပေါ်လာရသည်။

ဓမ္မစက္ကပဝတ္တနသုတ်နှင့် အနတ္တလက္ခဏသုတ်တို့သည် သုံးဆယ့်တစ်ဘုံကျင်လည်ကြရကုန်သော သတ္တဝါဝေနေယျအားလုံးအတွက် ဘဝသံသရာဝဋ်အတွင်းမှ လွတ်ကင်းလွန်မြောက်ရန် (ဝါ) သစ္စာလေးပါးမြတ်တရားကို တွေ့သိပြီး မြတ်နိဗ္ဗာန်သို့မျက်မှောက်ပြုနိုင်သည့် တရားထူးတရားဦး မဇ္ဈိမပဋိပဒ္ဒာ အကျင့်မြတ်တရားဖြစ်ပါ၏။ ဤတရားကား မဂ္ဂင်ရှစ်ပါး (The Noble Eightfold Path) အကျင့်မြတ်ပင်ဖြစ်ပါသည် -

မဂ္ဂင် (၈) ပါး အကျင့်တရားကား -

(၁) မှန်ကန်စွာသိမှု (Right Understanding)
(၂) မှန်ကန်စွာကြံစည်မှု (Right Thinking)
(၃) မှန်ကန်စွာ ပြောဆိုမှု (Right Speech)
(၄) မှန်ကန်စွာ ပြုလုပ်မှု (Right Action)
(၅) မှန်ကန်စွာ အသက်မွေးမှု (Right Livelihood)
(၆) မှန်ကန်စွာ ကြိုးပမ်းအားထုတ်မှု (Right Effort)
(၇) မှန်ကန်စွာ အောက်မေ့အမှတ်ရမှု (Right Mindfulness) နှင့်
(၈) မှန်ကန်စွာတည်ကြည်မှု (Right Concentration) တို့ ဖြစ်ကြသည်။

မဟာသမုဒ္ဒရာရေကို ပြည်တောင်းဖြင့်ခြင်တွယ်သော် ခြင်တွယ်နိုင်ကောင်းရာသေး၏။ အနန္တကျေးဇူးတော်ရှင် မြတ်ဗုဒ္ဓသခင်၏ သဗ္ဗညုတဉာဏ်တော်ကိုကား နှိုင်းယှဉ်ခြင်းငှာ မတတ်နိုင်ကောင်းသည်သာတည်း။

မဟာပထဝီမြေကြီးကို ချိန်ခွင်၌တင်ထား၍ ချိန်စက်နိုင်ကောင်းရာသေး၏။ သဗ္ဗညုတဉာဏ်တော်ကိုကား ချိန်စက်ခြင်းငှာ မတတ်နိုင်ကောင်းသည်သာတည်း။

ကောင်းကင်ပြင်ကြီးကို လက်သစ်တောင်တာတို့ဖြင့် တိုင်းတာ၍ ရနိုင်ကောင်းရာသေး၏။ မြတ်ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်တော် ကိုတိုင်းတာနှိုင်းယှဉ်၍ကား မရနိုင်ကောင်းသည်သာတည်း။

မဟာသမုဒ္ဒရာရေအားလုံးသည်လည်းကောင်း၊ ပထဝီမြေပြင်တစ်ခုလုံးသည်လည်းကောင်း၊ ကောင်းကင်ပြင်တစ်ခုလုံးသည်လည်းကောင်း ထိုအလုံးစုံတို့သည် အနန္တကျေးဇူးတော်ရှင် မြတ်ဗုဒ္ဓ၏ဉာဏ်တော်ကြီးကို နှိုင်းယှဉ်ထောက်ဆဖွယ်ရာ ဥပမာအားဖြင့် မသင့်ကုန်။

သဗ္ဗညုတဉာဏ်တော်ရှင် မြတ်ဗုဒ္ဓသခင်၏ တရားဦးဖြစ်သော ဓမ္မစက္ကပဝတ္တနာသုတ်နှင့် အနတ္တလက္ခဏသုတ်၏ ဒေသနာတော်မြတ်ကြီးမှာ "ဇာတိ-ဇရာ၊ ဗျာဓိ-မရဏ" သံသရာဝဋ်အတွင်းမှ လွတ်ကင်းရာလွတ်ကင်းကြောင်း သစ္စာလေးပါးသိမြင်ရာ တရားဦးတရားထူးဖြစ်သည့် အပြင် ထေရဝါဒမြတ်ဗုဒ္ဓသာသနာတော်ကြီး ကမ္ဘာတည်နေသရွေ့ အဓွန့်ရှည်တည်တံ့နေရန် ဘုရားနှင့်တရားတော်၏ ကိုယ်စား သံဃာတော်အရှင်သူမြတ် စတင်ပေါ်ထွန်းရာလည်းဖြစ်ခြင်းကြောင့် ဤဝါဆိုလပြည့်နေ့ ဓမ္မစကြာအခါတော်နေ့ထူးနေ့မြတ်ကြီး၏ ဂုဏ်ကျေးဇူးအရပ်ရပ်ကို ဥပမာထင်ဟပ်၍ မစွမ်းနိုင်ဖြစ်ရပါသည်။

ထေရဝါဒ ဗုဒ္ဓဘာသာဝင် တရားချစ်ခင်သူတော်စင်တို့ အနေဖြင့် ဂန္ထဓူရ၊ ဝိပဿနာဓူရ နှစ်ဖြာနှစ်ဝစွမ်းအောင် အားထုတ်နေတော်မူကြကုန်သော သံဃာတော်အရှင်သူမြတ်တို့အား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြပြီး ဓမ္မစကြာဒေသနာတော်လာ မဂ္ဂင်ရှစ်ပါးကျင့်စဉ်ဖြင့် ဝိပဿနာဘာဝနာတရားများကို အခါမလပ် ပွားများအားထုတ်နိုင်ကြပါစေကြောင်း ဂါရဝတရားရှေ့ရှုထား၍ ရေးသားတိုက်တွန်းအပ်ပါသည်။ ။

---

# ဒေသအတွင်းစိမ်းလန်းစိုပြည်စေရန် ပျိုးပင်များအား မိုးနဲမြို့နယ်၌ ပေးအပ်



**မိုးနဲ ဇူလိုင် ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူပြုရန်နှင့် ဒေသအတွင်းစိမ်းလန်းစိုပြည်စေရန် ရည်ရွယ်၍ မြို့နယ်သစ်တောဦးစီးဌာနကကျင်းပသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဟောပြောပွဲကို ဇူလိုင် ၂၆ ရက် နံနက် ၈ နာရီက လွိုင်လင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်သစ်တောဦးစီးမှူး ဦးလှမြင့်နှင့် တောအုပ်ဦးစိုင်းမျိုးမြင့်တို့က ထင်းအစားထိုး လောင်စာသုံးစွဲခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများထူထောင်ခြင်း၊ ရွှေ့ပြောင်းတောင်ယာစနစ်ပပျောက်ရေးစီမံဆောင်ရွက်ခြင်း၊ သစ်နှင့် သစ်တောထွက်ပစ္စည်းများ စည်းကမ်းမဲ့ထုတ်ယူမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်ခြင်းများကို ပညာပေးဟောပြောကြပြီး သစ်တောဆိုင်ရာအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ ဆက်လက်၍ ကျေးရွာနေဒေသခံပြည်သူများအား သစ်တောသစ်ပင်နှင့် နှစ်ရှည်သီးနှံပင် ၅၀၀ ကိုလည်းကောင်း၊ ထင်းအစားထိုး ကျေးရွာအစုပိုင် သစ်မာတစ်ဧကအတွက် ပျိုးပင် ၆၀၀ ကိုလည်းကောင်း ပေးအပ်ခဲ့ပြီး ဒေါ်ချပ်ကင်သဘာဝမြေသြဇာပြုလုပ်ပုံ အဆင့်ဆင့်အား သစ်တောဝန်ထမ်းများက လက်တွေ့သရုပ်ပြဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

---

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးပညာပေးဟောပြောပွဲကျင်းပ

**မိုးနဲ ဇူလိုင် ၂၈**

မိုးနဲမြို့နယ်လျှပ်စစ်မှူး ဦးခင်မောင်အေးနှင့် ဝန်ထမ်းများသည် လွိုင်လင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဇူလိုင် ၂၆ ရက် နံနက် ၁၀ နာရီက ဒေသခံပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မိုးတွင်းကာလတွင် လျှပ်စစ်မီးအသုံးပြုလျက်ရှိသော ပြည်သူများ သဘာဝဘေးအန္တရာယ်နှင့် မမျှော်လင့်ဘဲ လျှပ်စစ်အန္တရာယ်များကျရောက်ပြီး ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် ထိခိုက်မှုများ မကြာခဏဖြစ်ပေါ်လျက်ရှိခြင်းကြောင့် ယခုကဲ့သို့ဟောပြောရကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် ကျန်ရှိသောကျေးရွာများသို့လည်း ပညာပေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ သက်ဆိုင်ရာ လျှပ်စစ်ဝန်ထမ်းများနှင့် တာဝန်သိပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်မှုလည်း လျှပ်စစ်အန္တရာယ်မှာ ပြည်သူများအတွက် လုံခြုံမှုအပြည့်အဝရရှိမည်ဖြစ်ကြောင်းလည်း အဆိုပါအဖွဲ့ဝင်တစ်ဦးကပြောသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

---

# မြိတ်ခရိုင်(ကညန)မှယာဉ်နှင့်ယာဉ်မောင်းလိုင်စင်ဆောင်ရွက်ပေး

**တနင်္သာရီ ဇူလိုင် ၂၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးစံသိန်းဦးနှင့်အဖွဲ့သည် တနင်္သာရီမြို့နယ်အတွင်းမှ မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များအား သက်တမ်းတိုးပေးခြင်း၊ ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးပေးခြင်း၊ ယာဉ်မောင်းလိုင်စင်အသစ်ထုတ်ပေးခြင်းလုပ်ငန်းများကို ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီမှစ၍ ဇူလိုင် ၂၆ ရက် ညနေ ၄ နာရီအထိ တနင်္သာရီမြို့နယ်ခန်းမအတွင်း နေ့စဉ် နေ့ချင်းအပြီး ဆောင်ရွက်ပေးခဲ့ကြသည်။

ယင်းသို့ကွင်းဆင်းဆောင်ရွက်နေစဉ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေး၍ လိုအပ်သည်များကူညီပံ့ပိုးပေးကြပြီး က. ည. န အဖွဲ့မှ ဇူလိုင် ၂၅ ရက်မှ ၂၆ ရက် အထိ ယာဉ်မောင်းသင်လိုင်စင် ၂၂ ဦး၊ ယာဉ်မောင်းသင်သက်တမ်းတိုးသူ ၈၃ ဦးနှင့် 'က' ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်း ၁၁ စောင်၊ မော်တော်ယာဉ်နှစ်စီးနှင့် မော်တော်ဆိုင်ကယ် အစီး ၉၀ တို့အား သက်တမ်းတိုးပေးခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ထိန်ဝင်း(ပြန်ဆက်)**

ဖတ်စရာ

# ရုပ်ရည်ချောမောလှပချင်လျှင်

**à မောင်သောင်းဝင်း(တမန်ဟောင်း)**

လူတို့၏ပင်ကိုယ်သဘောသဘာဝသည် အလှအပကို နှစ်သက်သဘောကျလေ့ရှိသည်။ လှပခြင်းသည် ကျက်သရေမင်္ဂလာတစ်ပါးပင်ဖြစ်သည်။ ထို့အပြင် လှပခြင်းသည် ကြည့်သူမြင်သူတို့ကို စိတ်ဘဝင်ချမ်းမြေ့စေသည်။ လှပခြင်းနှင့်ဆန့်ကျင်ဘက်ဖြစ်သော ရုပ်ဆိုးအကျည်းတန်ခြင်းသည် ကြည့်သူ၊ မြင်သူတို့ကို စိတ်နှလုံးနောက်ကျိစေနိုင်သည်။ လူတစ်ဦး၏ လှပမှုနှင့်ရုပ်ဆိုးအကျည်းတန်မှုတို့သည် ထိုသူ၏ အတိတ်ကံပေါ်တွင် များစွာမူတည်နေသည်။ ကျွန်ုပ်တို့ဗုဒ္ဓဘာသာမြန်မာလူမျိုးများသည် မြတ်ဗုဒ္ဓဟောကြားထားသည့် ကံ၊ ကံ၏အကျိုးကို ယုံကြည်သက်ဝင်သူများဖြစ်ကြသည်။ ထို့ကြောင့် လက်ရှိဘဝတွင် ရုပ်ရည်ရူပကာများ ချောမောလှပခြင်းနှင့် ရုပ်ဆိုးအကျည်းတန်ခြင်းတို့သည် ဘဝ၊ ဘဝများစွာက ပြုလုပ်ခဲ့ကြသောကံအကျိုးပေးပေါ်တွင်သာ မူတည်နေပါသည်။

မိဘနှစ်ဦးတည်းမှအတူတူမွေးဖွားလာသည့် ညီအစ်ကိုမောင်နှမများသည်ပင်လျှင် ရုပ်ရည်ချင်းတူညီမှု မရှိနိုင်ချေ။ တစ်မိသားစုတည်းမှ ဆင်းသက်လာသူများဖြစ်နေသော်လည်း ရုပ်ရည်ချောမောပြေပြစ်သူရှိသလို ဘီလူးကဲ့သို့ ရုပ်ဆိုးအကျည်းတန်သူများလည်းပါရှိလာတတ်ပါသည်။ မည်သည့်အတွက်ကြောင့် မတူညီကြပါသလဲ။ ရှင်းပါသည်။ ထိုသူများ၏ အတိတ်ဘဝပေါင်းများစွာက ပြုလုပ်ခဲ့သောကုသိုလ်၊ အကုသိုလ်တရားတို့၏ အကျိုးပေးမှုကြောင့်သာလျှင်ဖြစ်သည်။ လူ့အသိုက်အဝန်းတွင် ရုပ်လှပြီး စိတ်မလှသူများရှိသလို ရုပ်မလှသော်လည်း စိတ်လှသူများလည်းရှိကြသည်။ ရုပ်ရည်လှပပြီး စိတ်နှလုံးပါဖြူစင်သန့်ရှင်းသူများရှိသလို ရုပ်ဆိုးအကျည်းတန်သကဲ့သို့ စိတ်ပုတ်သူများ၊ ကောက်ကျစ်သူများလည်းရှိကြသည်။ ကျွန်ုပ်တို့သည်မည်သည့်အတန်းအစားတွင် ပါဝင်သင့်ပါသလဲ။ ရုပ်မလှသည့် တိုင်အောင် စိတ်နှလုံးဖြူစင်သူတော့ဖြစ်သင့်သည်။

မျက်မှောက်ခေတ်ကြီးတွင် ဆေးပညာတိုးတက်လာမှုကြောင့် ငွေကြေးတတ်နိုင်သူများသည် လှသည်ထက် ပိုမိုလှပအောင် ခွဲစိတ်ကုသလာကြသည်။ ထိုသို့ခွဲစိတ်ကုသလာကြသည့်အပြင် မျက်နှာကိုကြေးချွတ်ခြင်း၊ ပေါင်းတင်ခြင်း၊ ရွှေသွင်းခြင်း စသည့်တို့ကိုပါ ပြုလုပ်လျက်ရှိကြသည်။ ငွေကြေးမတတ်နိုင်သူများကမူ မြန်မာသနပ်ခါးလိမ်းခြင်းနှင့် မိတ်ကပ်လိမ်းခြင်းနည်းလမ်းများဖြင့်သာ ရုပ်ရည်ချောမောလှပအောင် တတ်နိုင်သမျှ ပြင်ဆင်လျက်ရှိကြသည်။ ငွေကြေးအကုန်ကျခံပြီး မည်သို့ပင်ပြင်ဆင်နေစေကာမူ ရုပ်ရည်ချောမောလှပခြင်းသည် အပေါ်ယံမျှသာဖြစ်သည်။ Beauty is only skin-deep. ဆိုသည့်အတိုင်း အဆင်းထက် အချင်းကသာလျှင် ပဓာနကြပေသည်။ ထိုပြုပြင်ဖန်တီးပြင်ဆင်ထားသော အလှတရားများသည် အလှစစ်အလှမှန်များ မဟုတ်ချေ။ လူသားတို့၏အလှစစ်အလှမှန်သည် ထိုသူ၏ စိတ်ထားပေါ်တွင်မူတည်နေသည်။ စိတ်နှလုံး ဖြူစင်သူသည် ထာဝရအလှတရားကိုပိုင်ဆိုင်ထားသူဖြစ်သည်။

**လူတစ်ဦး၏ လှပမှုနှင့် ရုပ်ဆိုးအကျည်းတန်မှုတို့သည် ထိုသူ၏ အတိတ်ကံပေါ်တွင်များစွာ မူတည်နေသည်။. . . .**

ကျွန်ုပ်တို့မြန်မာများတွင် ငွေကြေးတစ်ပြားတစ်ချပ်မျှကုန်ကျမှုမရှိဘဲ ရုပ်ရည်ချောမောလှပစေသည့် နည်းလမ်းကောင်းများရှိပါသည်။ ထိုနည်းလမ်းသည် လွယ်ကူရိုးရှင်းလှပေသည်။ လူတိုင်းလိုက်ပါ လုပ်ဆောင်နိုင်သောနည်းလမ်းလည်းဖြစ်သည်။ ထိုနည်းကာ အခြားမဟုတ်ချေ။ အလောဘ၊အဒေါသ၊ အမောဟတရားများကို စွဲကိုင်ထားခြင်းသာဖြစ်သည်။ ထိုသို့စိတ်နှလုံးကို ဖြူစင်အောင်သာ စောင့်ထိန်းထားမည်ဆိုလျှင် ထာဝရအလှတရားကိုပိုင်ဆိုင်နေမည်မှာ ဧကန်မုချပင်ဖြစ်သည်။ လောဘ၊ ဒေါသ၊ မောဟကင်းသောသူတစ်ဦး၏ မျက်နှာသည် အေးချမ်းဖြူစင်နေပြီး ကြည့်သူ၊ မြင်သူတို့ကို စိတ်နှလုံးချမ်းမြေ့စေပါသည်။ ထိုသူ၏ မေတ္တာဓာတ်စိမ့်ဝင်ပျံ့နှံ့သောကြောင့် အခြားသူများလည်း အေးချမ်းမှုပီတိကိုခံစားရပါသည်။

သို့သော် ထိုနည်းလမ်းအတိုင်း ကျင့်ကြံနေထိုင်သူမှာ အနည်းစုလောက်သာရှိသည်။ လူအများစုသည် ရုပ်ရည်လှပအောင် ငွေအကုန်အကျခံပြီး အမျိုးမျိုးပြင်ဆင်လျက်ရှိကြသည်။ အလှအပပြင်ဆင်မှုအတွက် ငွေအပြင် တန်ဖိုးရှိသောအချိန်ကိုပါ များစွာပေးရလျက်ရှိသည်။ ယနေ့ခေတ်တွင် အလှပြင်ဆိုင်အားလုံးနီးပါးသည် အလှပြင်ခံလိုသူများနှင့်ပြည့်နှက်လျက်ရှိသည်။ ထို့ကြောင့် အလှဖန်တီးရှင်များသည် စီးပွားဖြစ်ထွန်းနေကြသည်။ ထို့အပြင် နိုင်ငံခြားဖြစ်အလှပြင်ပစ္စည်းများဖြစ်သည့် မိတ်ကပ်၊ ရေမွှေး၊ ခေါင်းလိမ်းဆီ၊ လက်သည်းဆိုးဆေးများကလည်း အလှအပမက်မောသူများကိုကြော်ငြာအားကောင်းကောင်းဖြင့် စွဲဆောင်လျက်ရှိသည်။ ထိုအလှအပမက်သူများသည် အလှပြင်အထောက်အကူပစ္စည်းများအပြင် နောက်ဆုံးပေါ်ဖက်ရှင်ပုံစံအမျိုးမျိုးဖြင့် ချုပ်လုပ်ထားသည့်အဝတ်အစားများကိုလည်း တန်ဖိုးကြီးမားစွာပေး၍ ဝယ်ယူဝတ်ဆင်နေကြပြန်သည်။

ရုပ်ရည်လှပရေးအတွက် ငွေနှင့်အချိန်များစွာပေးဆပ်ပြီး မည်သို့ပင်ပြင်ဆင်နေစေကာမူ လောဘ၊ ဒေါသ၊ မောဟများနှင့် ပြည့်နှက်နေလျှင် ရုပ်ဆိုးအကျည်းတန်နေမည်သာဖြစ်သည်။ မွေးရာပါ ရုပ်ရည်ချောမောမှုရှိသည့်အပြင် လှသည်ထက်ပိုမိုလှပအောင်ပြင်ဆင်ထားသူတစ်ဦးသည် ဒေါသဖုံးလွှမ်းနေပါက ထိုသူ၏ မျက်နှာသည် ဆူပုတ်၊ မဲမှောင်လာပြီး ကြည့်သူ၊ မြင်သူတို့အတွက်များစွာ အကျည်းတန်စေပါသည်။ ထို့အပြင် လောဘတက်နေသူတစ်ဦး၏ မျက်နှာသည်လည်း လိုချင်တပ်မက်မှုများ ဖုံးလွှမ်းနေသဖြင့် ရုပ်ဆိုးအကျည်းတန်နေမည်ဖြစ်သည်။ ထိုနည်းတူစွာ မောဟဖုံးလွှမ်းနေသူတစ်ဦးသည်လည်း အကြောင်းအကျိုး၊ အကောင်းအဆိုးကို စဉ်းစားဆင်ခြင်နိုင်စွမ်းမရှိသဖြင့် မျက်နှာမှာသုန်မှုန်ပြီး အလှတရား ကင်းမဲ့နေပါသည်။

ထို့ကြောင့် အလှအပမက်သူများ အထူးသဖြင့် အမျိုးသမီးများအနေဖြင့် မြင်သူငေးလောက်သည့် အလှတရားကို ပိုင်ဆိုင်ထားလိုပါလျှင် မျက်နှာခွဲစိတ်ခြင်း၊ ပေါင်းတင်ခြင်း၊ ရွှေသွင်းခြင်း၊ မိတ်ကပ်လိမ်းခြင်းတို့ကို လုပ်နေရုံမျှဖြင့် ရရှိနိုင်မည်မဟုတ်ချေ။ စင်စစ်မှာမူ လူသားတို့အတွက် စစ်မှန်သောအလှတရားသည် စိတ်ထားလှဖို့ပင်ဖြစ်သည်။ လူတစ်ဦးသည် မွေးရာပါ ရုပ်ဆိုးအကျည်းတန်နေသော်လည်း စိတ်ထားဖြူစင်လှပနေမည်ဆိုလျှင် မြင်သူငေးလောက်အောင်ပင် လှပနေမည်ဖြစ်သည်။ ထိုသူ၏ ဖြူစင်သောစိတ်ထားနှင့် အေးချမ်းသောမေတ္တာသည် ပတ်ဝန်းကျင်သို့ပါ ပျံ့နှံ့လာပြီး အခြားသူများကိုလည်း အေးချမ်းမှုပေးနိုင်ပါသည်။

ထို့အပြင် အကူအညီလိုအပ်နေသူများကို ကူညီခြင်း၊ ထောက်ပံ့ခြင်း၊ လှူဒါန်းခြင်းအပြင် အများအကျိုးဆောင်သည့် ပရဟိတလုပ်ငန်းများကိုပါ အနစ်နာခံလုပ်ကိုင်နေသူများသည် ပင်ကိုယ်ရုပ်ရည်မပြေပြစ်သော်လည်း စိတ်ထားဖြူစင်မှုကြောင့် မျက်နှာများအေးချမ်းနေမည်မှာ အမှန်ပင်ဖြစ်သည်။ ထို့ကြောင့် စားဝတ်နေရေးလုပ်ငန်းများအတွက် နေ့စဉ်ရုန်းကန်လှုပ်ရှားသွားလာနေရစဉ် အခက်အခဲရှိနေသူများကို တွေ့ကြုံရလျှင် တတ်နိုင်သမျှ ဖေးမကူညီသွားသင့်ပါသည်။ ငွေကြေးမတတ်နိုင်သည့်တိုင်အောင် ဘတ်စ်ကားစီးနေစဉ် ထိုင်ခုံမရသည့် အသက်ကြီးသူများ၊ ကိုယ်ဝန်ဆောင်များ၊ ကလေးငယ်မိခင်များအား မိမိ၏ထိုင်ခုံတစ်နေရာကို စိတ်အားထက်သန်စွာဖြင့် ထိုင်ခွင့်ပေးခြင်းသည် လူတိုင်းလုပ်နိုင်ခဲ့သော ပရဟိတလုပ်ငန်းပင်ဖြစ်သည်။ ထိုသူများ၏မျက်နှာသည် အမြဲတစေ ကျက်သရေနှင့်ပြည့်စုံနေပြီး ကြည့်သူ၊မြင်သူများကိုလည်း ပီတိဖြစ်စေပါသည်။

အချို့သောသူများသည် ကျန်းမာရေးကောင်းမွန်ကြသော်လည်း ကျန်းမာရေးချို့တဲ့သူများကို ထိုင်ခုံတစ်နေရာစာမျှ မျှဝေထိုင်ခွင့်ပေးနိုင်လောက်သည်အထိ မေတ္တာဓာတ်ခံပါမလာကြချေ။ ထိုသူများသည် အတိတ်ကုသိုလ်ကံအကျိုးပေးအရ လက်ရှိဘဝတွင် မွေးရာပါရုပ်ရည်ရူပကာလှပကောင်း လှပနိုင်ပါသည်။ သို့ရာတွင် လောဘ၊ ဒေါသ၊ မောဟများဖြင့်ဖုံးလွှမ်းနေသဖြင့် ထိုသူများကိုကြည့်ရ၊ မြင်ရသည်မှလွန်စွာ အကျည်းတန်လှပေသည်။ ပတ်ဝန်းကျင်သည်လည်း ၎င်းတို့၏ ဒေါသများကူးစက်ခံရပြီး အကုသိုလ် ဖြစ်ပေါ်စေနိုင်ပါသည်။ ထိုသူများသည် မည်မျှပင် ပြင်ဆင်နေစေကာမူ ရုပ်ဆိုးအကျည်းတန်သူများသာ ဖြစ်ကြသည်။

ခြုံ၍တင်ပြရလျှင် ကျွန်ုပ်တို့အားလုံး အလှအပကိုမြတ်နိုးကြသူများဖြစ်သည်။ ထိုအလှအပသည် ကျွန်ုပ်တို့ ပြုလုပ်ခဲ့သော ကုသိုလ်၊အကုသိုလ်ပေါ်တွင် မူတည်၍ ကွဲပြားနိုင်ပေသည်။ ထို့ကြောင့် ရုပ်ရည်ချော မောလှပသူများရှိသလို ရုပ်ဆိုးအကျည်းတန်သူများလည်းရှိကြသည်။ မွေးရာပါ ရုပ်ဆိုးအကျည်းတန်သူများက ကြည့်ပျော်ရှုပျော်ဖြစ်အောင်ပြင်ဆင်လာသလို ရုပ်ရည်ချောမောသူများကလည်း လှသည်ထက်ပိုမိုလှပအောင် ငွေနှင့်အချိန်များစွာပေးဆပ်ပြီးပြင်ဆင်လာကြသည်။ ပြင်ပရုပ်ရည်လှပအောင် မည်မျှပင်ပြင်ဆင်နေစေကာမူ လောဘ၊ ဒေါသ၊ မောဟနှင့် ဖုံးလွှမ်းနေသူသည် အကျည်းတန်နေမည်သာဖြစ်သည်။ အလှစင်စစ်မှာမူ အလောဘ၊အဒေါသ၊အမောဟတို့နှင့် ပြည့်စုံနေသည့် စိတ်နှလုံးဖြူစင်မှုသာပင်ဖြစ်သည်။ ထို့ကြောင့် စစ်မှန်သောအလှတရားကို ပိုင်ဆိုင်နိုင်ရန်အတွက် စိတ်ထားဖြူစင်အောင် နေထိုင်သွားကြပါစို့ဟု အကြံပြု တိုက်တွန်းရေးသားတင် ပြအပ်ပါသည်။

## တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တွင် မယ်ဒီလန်းဆေးရုံသစ် ဖွင့်ပွဲအခမ်းအနားကျင်းပ

**ထားဝယ် ဇူလိုင် ၂၈**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဆန်းချီရပ်ကမြောကင်းလမ်းတွင် ဇူလိုင် ၂၆ ရက် နံနက် ၉ နာရီက မယ်ဒီလန်းဆေးရုံသစ်ဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့သည်။

အဆိုပါဆေးရုံအား အကောင်းဆုံးဝန်ဆောင်မှု၊ အသင့်တော်ဆုံးစရိတ်နှင့် Costomer ကျေနပ်မှုရသည်အထိ ဆောင်ရွက်ပေးရန်၊ Mediland ဆေးရုံတစ်နေရာတည်းတွင်ပြည်သူတို့၏ ဝန်ဆောင်မှုလိုအပ်ချက်များကို (ONE STOP SERVICE)အနေဖြင့် ဖြည့်စည်းဆောင်ရွက်ပေးရန်၊ အရေးပေါ်ကုသမှုနှင့် အဆင့်မြင့်ရောဂါရှာဖွေပေးနိုင်သည့် ဝန်ဆောင်မှုများကို အကြားအလပ်မရှိ ဆောင်ရွက်ပေးသွားရန်၊ နိုင်ငံတကာရှိ အဆင့်မြင့်ဆေးရုံကြီးများနှင့် ဆက်သွယ်ပြီး ဆေးကုသမှုဝန်ဆောင်မှုအမျိုးမျိုး ချိတ်ဆက်ဆောင်ရွက်ပေးရန်၊ ကျန်းမာရေးလုပ်သားများ အရည်အသွေးအစဉ်တိုးတက်နေစေရန်အတွက် စာတွေ့နှင့် လက်တွေ့သင်တန်းများထားရှိရန် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခဲ့သည်။

ရှေးဦးစွာ မယ်ဒီလန်းဆေးရုံသစ်ကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးထင်အောင်ကျော်၊ တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဦးသန်းအောင်၊ မယ်ဒီလန်းဆေးရုံ မန်နေဂျင်းဒါရိုက်တာ ဦးအောင်ကျော်၊ မယ်ဒီလန်းဆေးရုံ ဒါရိုက်တာ ဦးခင်မောင်ညွန့်၊ မြို့မိမြို့ဖတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကိုက ဂုဏ်ပြုအမှာစကားပြောကြားပြီး မယ်ဒီလန်းဆေးရုံ မန်နေဂျင်းဒါရိုက်တာ ဦးအောင်ကျော်က မယ်ဒီလန်းဆေးရုံကြီး ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာသော တိုင်းဝန်ကြီးချုပ်ဦးမြတ်ကို၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးထင်အောင်ကျော်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးမြင့်ဝင်းနှင့် တာဝန်ရှိသူများအား မယ်ဒီလန်းဆေးရုံသစ်ဖွင့်ပွဲ အထိမ်းအမှတ်အလှံများပေးအပ်၍ ဆေးရုံသစ်အား လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ မယ်ဒီလန်းဆေးရုံသည် ဆန်းချီရပ်ကမြောကင်းလမ်းတွင် တည်ရှိပြီး ဦးပိုင်အမှတ် ၉၂၂၊ မြေဧက ၂ ဧကကျယ်ဝန်း၍ ခုတင် ၅၀ ဆံ့ဆေးရုံဖြစ်ကာ တန်ဖိုးမှာ ကျပ်သိန်းပေါင်း ခြောက်သောင်းဖြစ်၍ စီမံကိန်းကာလ နှစ်နှစ်ဖြစ်ကြောင်းသိရှိရပြီး FOURTEEN STAR NETWORK CO; LTD မှ တာဝန်ယူတည်ဆောက်ကြောင်း သိရသည်။

အခမ်းအနားသို့ တိုင်းဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မယ်ဒီလန်းဆေးရုံ မန်နေဂျင်းဒါရိုက်တာ ဦးအောင်ကျော်နှင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ဆေးရုံဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

**တနင်္သာရီတိုင်းဒေသကြီး(ပြန်/ဆက်)**

## မြဝတီမြို့ရှိ သောင်ရင်းမြစ်ကမ်းပါးတစ်လျှောက် မြေထိန်းနံရံများ ဆောင်ရွက်ထား

**မြဝတီ ဇူလိုင် ၂၈**



ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ သောင်ရင်းမြစ်ကမ်းပါး တစ်လျှောက်တွင် မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှုများမရှိစေရေးအတွက် မြေထိန်းနံရံများ ဆောင်ရွက်ထားလျက်ရှိသည်။

ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး ဦးဆောင်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းရွှေ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးမြင့်ကျော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ကျော်ဦးနှင့် တာဝန်ရှိသူများသည် အဆိုပါ သောင်ရင်းမြစ်ကမ်းပါးတစ်လျှောက်တွင် မြစ်ရေစီးဆင်းသည့် ရေလမ်းကြောင်းအခြေအနေများ၊ မြေထိန်းနံရံဆောင်ရွက်ထားမှု အခြေအနေများ၊ မြေထိန်းနံရံများ ဆက်လက်ဆောင်ရွက်ရမည့် နေရာများအား ရေလမ်းကြောင်းတစ်လျှောက် စက်လှေများဖြင့် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## မုံရွာတွင် ရပ်ကွက်များ၌ ရေဝင်ရောက်သဖြင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

**မုံရွာ ဇူလိုင် ၂၈**

မုံရွာမြို့နယ်အတွင်းရှိ အိုးဘိုတောင်ရပ်ကွက်၊ စစ်ပင်ရပ်နှင့် ကော်လပြ၊ ကွဲရဲတောင်၊ ကွဲရဲမြောက်၊ ရှင်ငါးဆယ်၊ ကြီးကုန်း၊ ညောင်ခြေထောက်၊ သပြေတော၊ ပလ္လင်ကုန်း၊ ခံတောကျေးရွာများရှိ နေအိမ်များတွင် ဘုတလင်မြို့နယ် စတဲချောင်းမှ တဆင့်ရေများ ဝင်ရောက်လာကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မုံရွာခရိုင်၊ မြို့နယ် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ တပ်မတော်သားများပူးပေါင်း၍ ရေဝင်ရောက်သည့် နေအိမ်များမှ အိမ်ထောင်စုဝင်များကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခြင်း၊ ရေစိမ့်ဝင်သည့် နေရာများသို့ သဲအိတ်များချထားခြင်း၊ မြေဖို့ခြင်းလုပ်ငန်းများကို ဇူလိုင် ၁၉ ရက်မှ ၂၀ ရက်အထိ ဆောင်ရွက်ပေးလျက်ရှိသည်။

ရေဝင်ရောက်သည့် ကျေးရွာများတွင် ကျန်းမာရေးအတွက် ယာယီဆေးခန်းများ ဖွင့်လှစ်ပေး၍ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ ရေကောင်းလုံခြုံရေး ချထားဆောင်ရွက်ပေးခဲ့ပြီး ဇူလိုင် ၂၁ ရက် တွင် လမ်းဘေးဝဲယာရှိ ရေဝင်ရောက်သည့်နေရာများတွင် ရေကျမှုမှာ ၆ လက်မထိ ကျဆင်းသွားကြောင်း သိရသည်။

**အောင်ဆွေ(မုံရွာ)**

# လူလေးသို့ပေးစာများ – ၂၁

*ဆရာမြသန်းတင့် ဘာသာပြန်ဆိုသည့် "လူလေးသို့ပေးစာများ"မှာ နှစ်ပေါင်း ၂၀၀ ကျော်ကအဖြစ်အပျက်များဖြစ်သော်လည်း ယနေ့ထက်တိုင်အသက်ဝင်နေဆဲဖြစ်၍ ကြေးမုံသတင်းစာဖတ် လူငယ်လူရွယ်များလေ့လာမှတ်သားနိုင်စေရန်အတွက် အပတ်စဉ် (ဗုဒ္ဓဟူးနေ့တိုင်း) ဖော်ပြပေးလိုက်ပါသည်။*

မြသန်းတင့်



**လူလေး**

ပီယဆေးတို့၊ အနုဆေးတို့ဆိုတာတွေကိုသာ ဖေဖေ ယုံခဲ့ရင် မင်းဟာ ဆာချာလ်စ်ဝီလျံကို ဒီဆေးတွေ သုံးလိုက်ပြီလို့တောင် ဖေဖေသံသယဖြစ်မိမှာပဲ။ ဆာချာလ်က ဖေဖေ့ကို သာမက တွေ့သမျှ လူတိုင်းကို မင်းအကြောင်းအကောင်းတွေ ပြောလိုက်တာရွှန်းရွှန်း ဝေလို့ပါကလား။ မင်းဗဟုသုတ စုံပုံနဲ့ ပတ်သက်လို့ သူဘယ်လိုပြောသလဲဆိုတာ ဖေဖေ ပြန်ရေးမပြတော့ပါဘူး။ ဒါတွေကို ရေးပြနေရင် မင်း ဘဝင်မြင့်သွားလိမ့်မယ်။

ဒီလိုမှမဟုတ်ရင်လည်း တယ်ဟုတ်တဲ့ ငါပါကလားလို့ ထင်ချင်ထင်သွားလိမ့်မယ်။ မင်းနဲ့ပတ်သက်လို့ ဖေဖေ ဘယ်လိုမေးခွန်းတွေကို မေးမလဲ၊ မင်းအကြောင်းတွေကို ဖေဖေဘယ်လို စစ်စစ်ပေါက်ပေါက် နှိုက်ထုတ်မလဲဆိုတာကို မင့်ဘာသာမင်း စဉ်းစားသာကြည့်ပေတော့။ သူကလည်း ဖေဖေမေးသလောက် စိတ်ရှည်လက်ရှည် ဖြေရှာပါတယ်။ သူ့စကားတွေဟာလည်း အမှန်တွေပဲလို့ ဖေဖေပြောရဲပါတယ်။ မင်းရဲ့အကျင့်စာရိတ္တ၊ မင်းရဲ့လေ့လာသင်ကြားမှုနဲ့ ပတ်သက်လို့တော့ အားလုံးကျေနပ်စရာပါပဲ။ ဒီနောက် ဖေဖေတခြားအကြောင်း တွေကိုလည်း မေးသေးတယ်။ ပင်ကိုယ်သဘောအားဖြင့်ကြည့်ရင်တော့ သိပ်အရေးမကြီးတဲ့ အကြောင်းတွေပါပဲ။ ဒါပေမယ့် စောစောက ကိစ္စတွေလောက်သာ အရေးမကြီးတာ။

လူတိုင်းအဖို့တော့ တော်တော်အရေးကြီးတာတွေပဲ။ အထူးသဖြင့် တစ်ခြားသူတွေထက် မင့်အဖို့အရေးကြီးတဲ့ အကြောင်းတွေပဲ။ ဒီအကြောင်းတွေကတော့ တခြားမဟုတ်ဘူး။ မင်းရဲ့အပြုအမူ၊ မင်းရဲ့ဟန်ပန်နဲ့ မင်းရဲ့အပြောအဆိုတွေပဲ။ ဆာဝီလျံဟာ စောစောက ကိစ္စတွေကို မှန်မှန်ကန်ကန် ပြောခဲ့သလို ခုကိစ္စမှာလည်း မှန်မှန်ကန်ကန် ပြောရတာဖြစ်တဲ့အတွက် ဖေဖေကျေနပ်လောက်တဲ့ အဖြေတွေကိုတော့ မပေးနိုင်ပေဘူး။

ဆာဝီလျံဟာ ဖေဖေနဲ့ မိတ်ဆွေဖြစ်သလို မင်းရဲ့ မိတ်ဆွေကြီးလည်း ဖြစ်တဲ့အတွက် ကောင်းတာတွေကို ပြောသလို ညံ့တာတွေကိုလည်း ပြောဖို့ ဝတ္တရားရှိတယ်လို့ ယူဆပုံရတယ်။ ဒါ့ကြောင့်မို့ ဖေဖေကလည်း ဒီသဘောထားကို လက်ကိုင်ပြုပြီး သူပြောတဲ့ စကားတွေကို မင်းကို ပြန်ပြောဖို့ ဝတ္တရားရှိတယ်လို့ ဖေဖေထင်တယ်။

သူ့အပြောအရဆိုရင် မင်းဟာ လူတွေထဲရောက်ရင် စိတ်ပျက်စရာ ကောင်းလောက်အောင် နမော်နမဲ့ မကြာခဏနေတတ်တယ်တဲ့။ ဘာကိုမှ စိတ်မဝင်စားသယောင် ငေါင်တောင်တောင်ဖြစ်တတ်တယ်တဲ့။ အခန်းထဲ ဝင်လာရင်လည်း ပုံမကျပန်းမကျ ခွတတ ဖြစ်တတ်တယ်တဲ့။ ထမင်းစားပွဲမှာလည်း ဓားတို့၊ လက်ကိုင်ပဝါတို့၊ ပေါင်မုန့်တို့ကို လွှတ်ကျတာတို့ ဘာတို့ဖြစ်တတ်တယ်တဲ့။ အဝတ်အစားဝတ်ရာမှာလည်း ကို့ယို့ကားယားနဲ့ ဂရုမစိုက်ဘူးတဲ့။ ဒီလိုဟန်ပန်မျိုးဟာ ဘယ်အရွယ်မှာပဲ ဖြစ်ဖြစ် ခွင့်မလွှတ်နိုင်လောက်အောင် ဖြစ်နေသတဲ့။

မင်းအရွယ်မျိုးဆိုရင်တော့ မပြောနဲ့တော့ပေါ့။

လောကကြီးအကြောင်း၊ လူတွေအကြောင်းကို မသိတဲ့ လူတွေအဖို့တော့ ဒီကိစ္စတွေဟာဘာမှအရေးမကြီးဘူးပေါ့။ ဒါပေမယ့် အရေးတကြီးထားတဲ့ ဖေဖေ့အဖို့တော့ တော်တော့်ကို စိုးရိမ်သွားတယ်။ ဒီလိုကိစ္စတွေမှာ မင့်ကို ဖေဖေ စိတ်တိုင်းမကျခဲ့တာကြာပြီ။ ဒါကြောင့်မို့ မကြာခဏဆိုသလို မင်းကိုဆုံးမခဲ့တယ်မဟုတ်လား။ ဒီတော့နောက်ထပ် ဒါတွေနဲ့ ပတ်သက်လို့ သတင်းကောင်း မကြားရမချင်း ဖေဖေတော့ ဘဝင်မကျဖြစ်နေဦးမှာပဲ။ လူတော သူတောကို ရောက်တဲ့အခါမှာ နမော်နမဲ့နိုင်တာ၊ အာရုံထွေပြားတာလောက်စိတ်ပျက် စရာကောင်းတာတစ်ခုမှ မရှိဘူး လို့ဖေဖေထင်တယ်။ လူတွေထဲမှာ ဒီလို နေတာဟာ သူတို့ကို မထီလေးစားလုပ်တာနဲ့ အတူတူပဲ။ လူတွေဟာ မထီလေးစားလုပ်တာကို ဘယ်တော့မှ ခွင့်မလွှတ်တတ်ဘူး။ ဘယ်သူဖြစ်ဖြစ်ကိုယ်ချစ်တဲ့ မိန်းမရှေ့ကို ရောက်ရင်၊ ဒါမှမဟုတ် ကိုယ့်ကြောက်ရတဲ့လူ ရှေ့ကိုရောက်ရင် ဘယ်သူမှ နမော်နမဲ့ မနေကြဘူး။ ဒါကိုကြည့်ရင် လူတွေဟာတကယ်လုပ်ချင်ရင် နမော်နမဲ့နိုင်မှုကို ဖျောက်ဖျက်လို့ ရတယ်ဆိုတာကို သိနိုင်တယ်။

ဒီတော့ အဲဒီနမော်နမဲ့နိုင်မှုကို ပျောက်အောင်လုပ်ရင် အမြဲတမ်းအကျိုးရှိတယ်ဆိုတာမှတ်ပါ။ ဖေဖေအနေနဲ့ ပြောရမယ်ဆိုရင်တော့ နမော်နမဲ့နိုင်တဲ့ လူတစ်ယောက်နဲ့ နေရတာထက် လူသေတစ်ယောက်နဲ့ နေလိုက်ချင်သေးတယ်။ လူသေဟာ ကိုယ့်ကိုပျော်ရွှင်ချမ်းမြေ့မှုကို မပေးနိုင်သည့်တိုင် အနည်းဆုံးတော့ကိုယ့်အပေါ်မှာတော့ မထီလေးစားလုပ်တဲ့ အမူအရာကို မပြဘူး။ နမော်နမဲ့နိုင်တဲ့ လူကတော့ ပါးစပ်က ထုတ်မပြောသည့်တိုင် မင်းလိုလူကို ဂရုစိုက်စရာမဟုတ်ဘူးဆိုတာကို အမူအရာက သိသိသာသာ ကြီးပြနေတယ်။

ပြီးတော့လည်း ဒီလောက်တောင် နမော်နမဲ့နိုင်သူတစ်ယောက်ဟာ အပေါင်းအသင်းတွေရဲ့စရိုက်တွေ၊ ထုံးစံဓလေ့တွေ၊ အပြုအမူတွေကို လေ့လာနိုင်ပါဦးမလား။ ဘယ်နှယ့်လုပ်မှ လေ့လာနိုင်မှာ မဟုတ်ဘူး။ သူဟာ အကောင်းဆုံးသော ကလျာဏမိတ္တ အသိုင်းအဝိုင်းမှာ တစ်သက်လုံးရှိကောင်းရှိမယ်။ (အကယ်၍ သူ့ကို အဲဒီ အသိုင်းအဝိုင်းက ခွင့်ပြုခဲ့ရင်ပေါ့လေ။ ဒါပေမယ့် ဖေဖေသာ ဆိုရင်တော့ အဲဒီလိုလူမျိုးကို အသိုင်းအဝိုင်းမှာလည်း ခွင့်ပြုမှာ မဟုတ်ဘူး။) ဒါပေမယ့် ဘယ်တော့မှ လိမ္မာရေးခြားရှိလာမှာမဟုတ်ဘူး။ ဖေဖေဟာ နားလေးတဲ့ လူတစ်ယောက်နဲ့ စကားပြောချင်ပြောမယ်။ နမော်နမဲ့နိုင်တဲ့ လူတစ်ယောက်နဲ့တော့ ဘယ်တော့မှ စကားမပြောဘူး။ ကိုယ်ပြောတဲ့စကားကိုလည်း မကြား၊ နှလုံးလည်းမသွင်း၊ နားလည်ခြင်းလည်း မရှိဘူးလို့ ထင်ထင်ရှားရှားကြီး မြင်နေရတဲ့ လူတစ်ယောက်နဲ့ သွားပြီး စကားပြောတာဟာသိပ်ကို မှားတဲ့ အမှားကြီးပဲ။ ဘာကိစ္စမှာပဲ ဖြစ်ဖြစ် ကိစ္စတစ်ခုလုပ်ရင် ကိုယ်လုပ်တဲ့ ကိစ္စကို အာရုံမစိုက်နိုင်သူ၊ အာရုံမစိုက်သူဟာ အလုပ်လုပ်ဖို့၊ ဒါမှမဟုတ် စကားပြောဖို့ မသင့်ဘူးလို့ပဲ ဖေဖေထင်တယ်။

မင်းသိတဲ့တိုင်း ဖေဖေဟာ မင့်ပညာရေးနဲ့ ပတ်သက်လို့ ငွေကြေးကုန်ကျတာကို နည်းနည်းကလေးမှ နှမြောတွန့်တိုခြင်း မရှိခဲ့ဘူး။ ဒါပေမယ့် မင်းအတွက်အတို့တော်တစ်ယောက်တော့ ဖေဖေ ဘယ်နည်းနဲ့မှ ထားမပေးနိုင်ဘူး။ ဒေါက်တာဆွစ်ရဲ့ စာအုပ်ထဲမှာ အဲဒီ အတို့တော်တွေ အကြောင်းကို ရေးထားတာ မင်းလည်းဖတ်ဖူးမှာပေါ့။ အဲဒီစာအုပ်ထဲမှာ အတို့တော်ဟာ မင့်မိတ်ဆွေ လာပွတ္တန် တွေအတွက် ဘယ်လောက်အသုံးဝင်သလဲ။

(ဂါလီဗာရဲ့ပြောပြချက်အတိုင်းဆိုရင်) လာပွတ္တန်တိုင်း သူပြည်သားတွေဟာ တစ်စုံတစ်ရာကို အာရုံဝင်စားနေကြတဲ့အတွက် စကားလည်းမပြောနိုင်ကြဘူးတဲ့။ သူများပြောတဲ့ စကားလည်းကိုလည်း နားမထောင်နိုင်ကြဘူးတဲ့။

သူတို့ရဲ့စကားပြောအင်္ဂါများနှင့် အကြားအင်္ဂါများကို ပြင်ပမှ တစ်စုံတစ်ရာက နှိုးဆွပေးတော့မှ ပြောနိုင်ကြားနိုင်သတဲ့။ ဒါ့ကြောင့်မို့ အဲဒီလာပွတ္တန်တိုင်းပြည်က ပိုက်ဆံတတ်နိုင်သူများတွေမှာ သူတို့ မိသားစုအတွက် အတို့တော် တစ်ယောက်ငှားထားကြသတဲ့။ အဲဒီအတို့တော်တွေပါမှ လမ်းထွက်ကြသတဲ့။ အလည်သွားကြသတဲ့။

သူတို့မပါရင် ဘယ်ကိုမှ မသွားကြဘူးတဲ့။ အဲဒီအတို့တော်က သခင်လမ်းလျှောက်သွားရင် အတူလိုက်သွားရသတဲ့။ တစ်ခါတစ်လေ သခင်က အတွေးတွေထဲမှာနက်နက်နဲနဲ အာရုံဝင်စားနေရင် ရှေ့ကချောက်ထဲ လိမ့်ကျမှာစိုးလို့ မျက်လုံးကို အသာကလေး ယပ်ကလေးနဲ့ တို့ပေးရသတဲ့။ ရှေ့မှာ တိုင်ရှိရင် တိုင်နဲ့တိုက်ဆောင့်မိမှာစိုးလို့ သူတို့မျက်လုံးကို ယပ်နဲ့အသာတို့ပေးရသတဲ့။ လမ်းသွားရင်လည်း တခြားသူကို ဝင်တိုက်မှာစိုးလို့၊ ဒါမှမဟုတ် တခြားသူက ဝင်တိုက်သွားပြီး ခွေးအိမ်ထဲ ရောက်သွားမှာစိုးလို့ သူ့ကို အမြဲတမ်းတို့တို့ပြီး သတိပေးပေးနေရသတဲ့။

တကယ်လို့များ ခရစ်ယာန်တွေက အဲဒီနယ်ကို သိမ်းပိုက်မိသွားရင် ဒုက္ခပဲလို့တောင် သူ့ကို ဖေဖေ စိုးရိမ်ရသေးတယ်။ ဒါပေမယ့် ဒီအကြောင်းကြောင့်တော့ သူ့ကို ဖေဖေ လုပ်ခပို့ပေးမှာတော့ မဟုတ်ဘူး။

ဒီတော့ အတိုချုပ်ပြီး မင်းကို ဖေဖေ ပေးသင့်ပေးထိုက်တဲ့ သတိတစ်ခုတော့ ပေးချင်တယ်။ ဖေဖေတို့ ဒီလိုတွေ့ကြလို့ မင်းကို အဲဒီလိုသတိပျောက် စိတ်ပျောက်ဖြစ်တာကို မြင်ရင် ဖေဖေလည်း မကြာခင်ကိုယ်ပျောက်သွားတော့မှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအခန်းထဲမှာ ဖေဖေမှနေလို့ ဖြစ်မှာ မဟုတ်တော့ဘဲကိုး။

ထမင်းစားရင်း မင်းက မင်းဓားကို လွှတ်ချမိမယ်၊ ပန်းကန်ကို လွှတ်ချမိမယ်၊ ပေါင်မုန့်ကို လွှတ်ချမိမယ်၊ တစ်နာရီလောက် ဖွဲ့သည့်တိုင် ကြက်ရင်အုပ်သားကို မဖွဲ့နိုင်ဘဲ ကို့ယို့ကားယားဖြစ်နေမယ်၊ မင့်အကျႌလက်ကြီးကလည်း တစ်ခြားသူရဲ့ ပန်းကန်ထဲမှာ ရောက်နေမယ်ဆိုရင်တော့ ဖေဖေစားပွဲကမြန်မြန်ထပြေးမှဖြစ်မယ်။ ကြာကြာထိုင်ရင် မင်းလုပ်တာကို မြင်တာနဲ့ ဖေဖေရောဂါရတော့မှာ သေချာတယ်။

မင်းရောက်ရောက်ချင်း စက်ချုပ်သမားလို ဘောင်းဘီပွကြီးကိုဝတ်ပြီး မွန်မော့လမ်းက အရုပ်များလို အကႌျတွေကလည်း မင့်ကိုယ်ပေါ်မှာ ဖို့ယို့ဖားယားနဲ့ အခန်းထဲဝင်လာရင် ဖေဖေ ဘယ်လောက်အလန့်တကြားဖြစ်မယ်ဆိုတာ မင်းပဲ စဉ်းစားကြည့်ပေတော့။ တကယ် ဖေဖေမြင်ချင်တာက၊ မြင်ချင်ရုံတင်မဟုတ်ပါဘူးလေ၊ ဖြစ်သင့်တာက ကောင်းတဲ့ အပေါင်းအသင်းမှာ ကျက်စားနေတဲ့ နူးညံ့ယဉ်ကျေးတဲ့ ဟန်ပန်ရှိတဲ့ အထက်တန်းကျကျလူတစ်ယောက်အဖြစ် မြင်ချင်တာ။ ဒီအတိုင်းလည်း တကယ်ဖြစ်သင့်တာပဲ။

မင်း ကျကျနန ဝတ်စားထားတာကို သာမက အလွန်ကျကျနန ဝတ်စားထားတာကို ဖေဖေမြင်ချင်တယ်။

မင့်လှုပ်ရှားဟန်တိုင်းမှာ ဣန္ဒြေသိက္ခာရှိတာ၊ အထူးသဖြင့် မင့်ပြောဟန်ဆိုဟန်ထဲမှာ စိတ်ဝင်စားစရာ ကောင်းတာကို မြင်ချင်တယ်။ ဒါတွေဟာ ဖေဖေဖြစ်စေချင်တာတွေပဲ။ ဂရုတစိုက်နဲ့ အာရုံစိုက်လိုက်ရင် ဒါတွေဟာ မင်းလုပ်ပေးနိုင်တာချည်းပဲ။ ဒါပေမယ့် ဟုတ်တိုင်းမှန်ရာကို ပြောရရင် ဖေဖေမျှော်လင့်တဲ့ အရာတွေကို မမြင်ရရင်တော့ ဖေဖေတို့ နှစ်ယောက် စကားများများမပြောကြတာက ကောင်းမယ်ထင်တယ်။ ဖေဖေက နမော်နမဲ့နိုင်တာတို့၊ ကို့ယို့ကားယားဖြစ်နေတာတို့ကို သိပ်မြင်ချင်တာ မဟုတ်ဘူး။ ဒါတွေကို မြင်ရရင် ဖေဖေ့ကျန်းမာရေးကို ထိခိုက်နိုင်တယ်။

လော့ဒ်လက်တယ်တန်ရဲ့ အလွန်ထင်ရှားပြီး ကျော်ကြားတဲ့ နမော်နမဲ့နိုင်မှုနဲ့ ခွတီးခွကျနိုင်မှုတို့ကို မကြာခဏ မင်းသတိထားမိအောင် ဖေဖေပြခဲ့တဲ့ အတွက် မင်းလည်း မကြာခဏ မြင်ခဲ့ဖူးပြီပဲ။

(ဂါလီဗာရဲ့ခရီးစဉ်စာအုပ်ထဲက) လာပွတ္တန်ပြည်သားများလို အင်မတန် လေးနက်တဲ့ အတွေးထဲမှာ နစ်မြုပ်လို့။ တစ်ခါတစ်လေမှာလည်း ဘာကိုမှ တွေးတောခြင်းမရှိသလို ငေါင်တောင်တောင်ဖြစ်လို့။ ဒီလိုအပြုအမူဟာ နမော်နမဲ့နိုင်တဲ့ လူမျိုးတွေရဲ့အပြုအမူတွေပဲ။ လမ်းမှာ ကိုယ်နဲ့ အင်မတန် ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေကို တွေ့လို့မှ တွေ့မှန်းမသိ။ ပြောတော့လည်း တစ်ခါတစ်လေမှတွေ့တဲ့လူနဲ့ စကားပြောသလို ကဘောက်တိ ကဘောက်ချာနဲ့။ ဦးထုပ်ကို တစ်နေရာမှာ မေ့လားမေ့ထားခဲ့ရဲ့။ ဓားကို နောက်တစ်နေရာမှာ မေ့လို့မေ့၊ ဖိနပ်ကို တစ်ခြားတစ်နေရာ ချွတ်မိလို့ချွတ်မိ။ သူနေပုံထိုင်ပုံ မတတ်တာနဲ့ လက်နဲ့ ခြေထောက်ကလည်း ဘယ်လိုထားလို့ ထားရမှန်းမသိ။ ခေါင်းကလည်း တည့်တည့်မတ်မတ် မဟုတ်ဘဲ ဟို ဘက်စောင်းလိုစောင်း၊ သည်ဘက်စောင်းလိုစောင်းနဲ့ ကြက်ကြီးလည်လိမ်ပြီး ကိုင်ရိုက်ထားတဲ့ ပုံစံမျိုး။ ဒီလို လူမျိုးရဲ့ ပညာ၊ လေ့လာမှုနဲ့ သီလတို့ကို ဖေဖေ လေးစားရိုးသားစွာ တန်ဖိုးထားတယ်။ အထင်လည်းကြီးတယ်။ ဒါပေမယ့် အသိုင်းအဝိုင်း၊ အပေါင်းအသင်းတွေထဲမှာတော့ ဝေးဝေးကရှောင်ချင်တယ်။ သူရဲ့ဉာဏ်ပညာဟာ ကြီးချင်ကြီးမယ်။ တခြားချီးကျူးစရာတွေရှိချင်ရှိမယ်။ ဒါပေမယ့် ဒါတွေ ဘယ်လောက်ပဲရှိရှိ အထက်မှာ ဖေဖေပြောခဲ့တဲ့အချက်တွေကတော့ နမော်နမဲ့ နိုင်ပြီး ကို့ယို့ကားယားနိုင်တဲ့ ကမ္ဘာ့လူကြောင်ကြီးတွေရဲ့ နမူနာပဲ။

**(ဆရာမြသန်းတင့်၏ လူလေးသို့ ပေးစာများ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်းဖော်ပြခြင်းဖြစ်ပါသည်။)**

## စာတည်းထံ ပေးစာ

### လမ်းပိတ်ဆို့နေခြင်းအား ကြပ်မတ်ပေးပါ

စမ်းချောင်းမြို့နယ် မြေနီကုန်းမြောက်ရပ်ကွက် မပိုလမ်းအတွင်း ကားပွဲစားများ၏ ကားများ တစ်နေ့လုံးရပ်နားထားခြင်း၊ ကားအရောင်းအဝယ်ပြုလုပ်နေကြခြင်းကြောင့် လမ်းအတွင်းနေထိုင်သူများ၊ လမ်းသွားလမ်းလာကားများဝင်၊ ထွက်သွားလာရေးခက်ခဲခြင်း၊ ရပ်ကွက်နေကားများ ရပ်နားရန်နေရာအခက်အခဲ တွေ့နေခြင်းများကြောင့် သက်ဆိုင်ရာမှ ကြပ်မတ်ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**ပတ်ဝန်းကျင်နေထိုင်သူများ**

### လူနေရပ်ကွက်မှ စက်ချုပ်ရုံများ ဖယ်ရှားပေးပါ

ကျွန်တော်တို့နေထိုင်ရာ ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ဗဟန်း (၃)လမ်းတွင် သက်နှီးဆိုင်တစ်ဆိုင်၏ စက်မော်တာစက်ချုပ်အလုပ်များသည် တိုက်ခန်းများစွာတွင် ဖွင့်လှစ်ထားရှိသဖြင့် လျှပ်စစ်မီးဗို့အားကျခြင်း၊ စက်သံများကြောင့် ပတ်ဝန်းကျင်တစ်ဝိုက် အိပ်စက်မရအောင် ဆူညံခြင်းများ ဖြစ်ပေါ်ပါသဖြင့် စက်ချုပ်အလုပ်ရုံများစွာအား ဖယ်ရှားပေးပါရန် စာတည်းမှတစ်ဆင့် တင်ပြအပ်ပါသည်။

**ဆူညံသံမခံနိုင်သူ**

### လမ်းခင်းပေးရန်မျှော်လင့်

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် (၂) ရပ်ကွက် ဘုရင့်နောင်အိမ်ရာအတွင်းရှိ (၉)လမ်းမှာ မိုးတွင်းတွင် ရေအမြဲလျှံပြီး ရေပြန်မကျသောလမ်းဖြစ်နေသည်မှာ နှစ်အတော်ကြာပြီဖြစ်၍ လမ်းမှာလည်း ချိုင့်ကြီးများနှင့် အတော်ကို ပျက်စီးနေပြီဖြစ်ပါသည်။ မိုးတွင်းမဟုတ်ချိန်တွင်လည်း ရေမြောင်းပိတ်၍ နွေခေါင်ခေါင် ရေပြင်ကြီးဖြစ်ကာ ထိုရေထဲမှပင် ဖြတ်သန်းသွားလာကြရသည်။

မိမိတို့လမ်းသူလမ်းသားများမှာ ယခုအချိန်အထိ ချိုင့်ကြီးများနှင့်ရေများအကြား နေ့စဉ်နေ့တိုင်းဖြတ်သန်း သွားလာရင်း လွန်စွာဒုက္ခရောက်နေကြရသဖြင့် သက်ဆိုင်ရာမှ အမြန်ဆုံးလမ်းခင်းပေးနိုင်ပါရန် အသနားခံ တင်ပြအပ်ပါသည်။

**ဖြတ်သန်းသွားလာသူများ**

### မီးဘေးအန္တရာယ်စိုးရိမ်

သာကေတမြို့နယ် ဇဂ်မလမ်းမကြီးပေါ်ရှိ စစ်မှုထမ်းဟောင်းမြေနေရာတွင် ဆောက်လုပ်ထားသော တိုက်အမှတ် (၁)တွင် ရွှေအရောင်တင်၊ မိုလောင်း၊ မိုခွဲလုပ်ငန်းမှာ နေ့စဉ်မီးသွေးအိတ်ကြီးနှစ်အိတ်ခန့် အသုံးပြု၍ မိုလောင်းလုပ်ငန်းလုပ်ကိုင်လျက်ရှိပါသည်။ ၎င်းလုပ်ငန်းမှ မီးညွန့်၊ မီးပွားများနှင့် မိုလောင်းလုပ်ငန်းမှ စွန့်ပစ်ရေများကြောင့်ပတ်ဝန်းကျင်မှ အနံ့ဆိုးများ နေ့စဉ်ရှူရှိုက်နေရပါသည်။ မီးဘေးအန္တရာယ်ရှိခြင်းတို့ကြောင့် သက်ဆိုင်ရာမှ ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြလိုက်ရပါသည်။

**မီးဘေးအန္တရာယ်စိုးရိမ်သူ**

### မိလ္လာရေဆိုးများ စနစ်တကျစွန့်ပစ်စေလို

အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် ဖွဲ့နူဆီစက်လမ်း နယ်မြေ(၁၆) အပိုင် မုဒိတာအိမ်ရာအမှတ် (၂) မှ အခန်းပေါင်း ၁၇၀၉ ခန်းရှိ ရှစ်ထပ်အဆောက်အအုံနှစ်လုံးမှ မိလ္လာရေဆိုးများသည် လမ်းဘေးစည်ပင်ရေမြောင်းထဲသို့ ထုတ်လွှတ်ရာမှ နယ်မြေ ၁၅/ကခ/၁၆/၁၇ အပိုင်ရှိ မူလရပ်ကွက်သူ၊ ရပ်ကွက်သားများမှာ မိလ္လာရေဆိုးအနံ့များဖြင့် နေ့စဉ်ကြုံတွေ့နေရပါသဖြင့် အမြန်ဆုံးရှင်းလင်းပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

**အနံ့ဆိုးများခံနေရသော ရပ်ကွက်လုပ်သားပြည်သူများ**

### စည်ပင်လမ်းမပေါ်ရှိ ကျူးကျော်ဈေးဆိုင်ခန်းများ ဖယ်ရှားပေးစေလို

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၁၉)ရပ်ကွက် ဗိုလ်ချုပ်လမ်းနှင့်စက်မှုလမ်းထောင့် ဘုန်းတော်ကြီးကျောင်းရှေ့မျက်နှာစာရှိ စည်ပင်လမ်းမပေါ်တွင် ကျူးကျော်ဈေးဆိုင်ခန်းများရှိပါသည်။

ဘုန်းကြီးကျောင်းရှေ့မျက်နှာစာ စည်ပင်လမ်းပေါ်ရှိ ကျူးကျော်ဈေးဆိုင်များမှ ဆူပူခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ ညအိပ်နေထိုင်ခြင်း၊ ကျင်ကြီး၊ ကျင်ငယ်များစွန့်ပစ်ခြင်းတို့ကြောင့် စိတ်မချမ်းမသာဖြစ်ရပါသည်။

သို့ဖြစ်ပါ၍ ကျောင်းရှေ့မျက်နှာစာ စည်ပင်လမ်းပေါ်ရှိ ကျူးကျော်ဈေးဆိုင်ခန်းများအား ဖယ်ရှားပေးပါရန် တင်ပြပါသည်။

**(အမြင်မသင့်တော်သူ)**

အခန်းဆက်ဝတ္ထုရှည်



# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

*ရသစာပေသည် စာဖတ်ပရိသတ်များအား ညှို့ယူဖမ်းစားနိုင်၏။ ထိုစာပေကို ရသမြောက်အောင် ရေးဖွဲ့နိုင်ရန်မှာ စာရေးသူ၏ စာဖတ်ပရိသတ်အပေါ်ထားရှိသော စေတနာမှာ အရေးပါ၏။ ဆရာတက္ကသိုလ်ဘုန်းနိုင် မှာ စာဖတ်သူများအပေါ် အကျိုးအမြတ်မပါ။ ဆန္ဒစွဲမရှိ၊ ရိုးသားစွာဖြင့်ဘဝနှင့် ခံစားမှုတစ်ထပ်တည်းကျအောင် ရေးသားနိုင်သော စေတနာရှိ၏။ ထို့ကြောင့် ဆရာ၏ ရသစာပေများမှာ စာဖတ်ပရိသတ်များကြား ဝယ် ယနေ့ထက်တိုင် တောက်ပနေဆဲဖြစ်၏။ ဆရာ၏ စာပေတွင် လူတို့၏ စရိုက်၊ လူတို့၏ ဘဝအမှန်တို့ကို သူတို့ဖြတ်သန်းရာခေတ်ကာလ အခြေအနေများနှင့် ထင်ဟပ်ဖော်ပြရာတွင် အရောင်အသွေးမရှိဘဲ ပကတိ အခြေအနေပေါ်လွင်အောင်ရေးဖွဲ့ထား၏။ ထို့ကြောင့်ခံစားမှုများနှင့်အတူ ဘဝအတွေးအခေါ်များလည်းရ၏။ အသိအမြင်များလည်း တိုး၏။ ခေတ်သမိုင်းကိုလည်း ထင်ဟပ်ရှုမြင်နိုင်၏။ ဤသည်ကား စာရေးသူ၏ စေတနာ အရင်းခံဖြစ်၏။ ယခု 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' တွင်လည်း စာဖတ်ပရိသတ်များ ဤသို့ ရှုမြင်ခံစားနိုင် မည်ဟုယုံကြည်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

သူတို့ကို မြင်မိသောကြောင့် ကိုသက်ခိုင်သည် မလှုပ်။ လုံးဝ မလှုပ်။

မောင်စောနောင်နှင့်စကားပြောနေရာမှ မမြင့်ဝေသည် မလှုပ်မရှားသော ကိုသက်ခိုင်၏သဏ္ဌာန်ကို မြင်သွားသည်။ ကိုသက်ခိုင်ကမူ သူ့ကို ပြန်မြင်ဟန်မတူ။

မမြင့်ဝေသည် ကိုသက်ခိုင် စိုက်ကြည့်နေရာသို့ အမှတ်မထင် လိုက်လံကြည့်မိ၏။ ခဏတွင်ပင် မမြင့်ဝေ၏ အမူအရာသည် လှုပ်ရှားတက်ကြွသွား၏။ နှုတ်မှလည်း အာမေဋိတ်သံ အဦးပြု၍ စကားများ ထွက်လာ၏။

"ဘုရားရေ. . ကြည့်စမ်း၊ အစ်ကိုဘမြိုင်တို့ပါကလား၊ မောင်လေး မောင်စောနောင်. . မင်းအစ်ကိုဘမြိုင်တို့ လင်မယားလေ၊ ကြည့်စမ်း. . ညနေပိုင်းကျမှ မမြင့်မေက မြို့ကို လိုက်ပြမလို့ ပြောထားတာ၊ ဘယ်က ကားရသလဲ မသိဘူး။ ဒါမှမဟုတ် မြင်းလှည်းနဲ့လာကြသလား မသိဘူး။ အတော်ပဲ အပြန်ခေါ်သွားရမယ်၊ နေဦး. . ခဏနေဦး"

မမြင့်ဝေသည် ဝမ်းသာအားရဖြင့် နေရာမှ ထွက်ပြေးသွားသည်။ သူ့အစ်ကိုဘမြိုင်တို့ဆီ သွားမည်မှာ သေချာလှ၏။

မောင်စောနောင်ကလည်း ကိုသက်ခိုင်တို့ဘက်သို့ လျင်မြန်စွာ လှည့်ပြီး လျင်မြန်စွာ ပြော၏။

"ကဲ. . မမြင့်လည်း အစ်ကိုဘမြိုင်တို့ဆီသွားပြီ၊ ကျွန်တော်လည်း ပြန်တော့မယ်၊ ဩော် . . ဆရာဦးသက်ခိုင်. ဆရာကိုထွန်းငွေဆီတော့ လာမယ် မဟုတ်လား"

ကိုသက်ခိုင်ကလည်း မှင်တက်မိရာမှ နိုးကြားလာ၏။ သူသည် ဆွဲငင်ထားဟန် မောင်စောနောင်၏ လက်မောင်းတစ်ဖက်ကို ဆုပ်ကိုင်လိုက်၏။

"မောင်စောနောင် . . ဆရာနဲ့ မောင်စောနောင် နှစ်ယောက်စီးပြီးစက်ဘီးနဲ့ မြို့ထဲ ပြန်နိုင်ပဲ့မလား"

မောင်စောနောင်သည်ကိုသက်ခိုင်အား အံ့အားသင့်စွာ ပြန်ကြည့်ပြီးနောက် ဖြေသည်။

"ဘာပြုလို့ မပြန်နိုင်ရမှာလဲ ဆရာ၊ အဲ. . ကုန်းအတက်တွေမှာတော့ ဆင်းတွန်းရမှာပေါ့"

"ကြိုက်ပြီ မောင်စောနောင်နဲ့ ဆရာ လိုက်ခဲ့မယ်၊ ဦးမြသန်းရေ. . . မမြင့်ဝေ ပြန်လာရင် ဆရာမောင်စောနောင်နဲ့ပြန်သွားပြီလို့ ပြောပြလိုက်ပါ၊ ဆရာမြို့ထဲမှာ ကားမရောက်နိုင်တဲ့နေရာတွေ ကြည့်စရာရှိသေးတယ်၊ မမြင့်ဝေ ကြည့်ရတာ ဆရာတို့ကို လိုက်ပို့ချင်တာနဲ့ သူ့အစ်ကို. . အစ်မတွေကို ပစ်ထားခဲ့ရပုံပေါ်တယ်။ အပြန်မှာ ကားကျပ်နေဦးမယ်၊ ဆရာ ကြည့်ချင်တဲ့ နေရာတွေကိုလည်း မမြင့်ဝေ လိုက်ပို့တတ်မှာ မဟုတ်ဘူး။ ကဲ. . သွားပြီ"

ဦးမြသန်းနှင့် မတင်စန်းတို့က ကိုသက်ခိုင်ကို နားမလည်စွာ မျက်လုံးပြူး ကြည့်နေကြ၏။

သို့ရာတွင် သူတို့သည် ဆရာ၊ ဆရာမငယ် တပည့်တို့သာ ဖြစ်သည်။ မိမိတို့၏ ဆရာရင်း ကထိကကြီးတစ်ဦးကို ပြန်လှန်ဆင်ခြေမကွန့်ဝံ့။ ပြီးတော့ သူတို့၏ ဆရာ ကထိကမှာ ရိုးရိုးကထိက မဟုတ်။ ဆန်းသော စာရေးဆရာကြီးတစ်ဦးလည်း ဖြစ်နေပေသေးသည်။

စာရေးဆရာဆိုသော သတ္တဝါအမျိုးအစားတို့သည် လူတကာနှင့် မတူလေဟန်ပါတကား။

ဦးမြသန်းနှင့် မတင်စန်းတို့ အံ့သြကျန်ရစ်စဉ် ကိုသက်ခိုင်နှင့် မောင်စောနောင်က ထွက်ခွာသွားကြသည်။

မြသလွန်ကုန်းတော်၏ ထိပ်၌ စက်ဘီးကို ကိုင်ရင်း မောင်စောနောင်ကရပ်လိုက်၏။ ကုန်းတောင်ပေါ်မှ လှမ်းကြည့်လျှင် ချိုင့်တွင်းသို့ နိမ့်လျှောဆင်းသွားသော လမ်းကို မြင်နေရ၏။

**အခန်း(၇)**

**ဟိုဘက်ကမ်း သည်ဘက်ကမ်း**

မကွေးမြို့ ဘောလုံးကစားကွင်းကြီး၏ တံတိုင်းဘေးတစ်လျှောက်အတိုင်း စက်ဘီးသည် ကွေ့ပတ်ပြီးနောက် ဆေးရုံကြီးဘက်သို့ ရောက်လာသည်။ ထိုမှသည် တောင်ဘက်သို့ အတန်ငယ် ဆက်လာပြီးနောက် ကင်းချောင်းအနီးတွင် ရပ်လိုက်၏။

မြသလွန်စေတီတော်မှ စတင်ထွက်လာစဉ်ကမူ မောင်စောနောင်ကနင်းပြီး ကိုသက်ခိုင်က ရှေ့ဘားတန်း၌ ထိုင်လျက်ဖြစ်၏။ ယခုမူ ပြောင်းပြန်တည်း။

ကိုသက်ခိုင်က သူ့ခြေတံရှည်များကို ကားထောက်၍ စက်ဘီးကို တည်ငြိမ်ထားစဉ် ဘားတန်းပေါ်မှ မောင်စောနောင် ခုန်ချလိုက်၏။ မောင်စောနောင်မြေပြင်သို့ရောက်မှ ကိုသက်ခိုင်က ထိုင်ခုံပေါ်မှဆင်းပြီး စက်ဘီးကို ဒေါက်ချရပ်ထားလိုက်၏။

ကိုသက်ခိုင်၏ ကျယ်ပြန့်ဖြူဝင်းသော နဖူးမှ ချွေးသီးချွေးပေါက်များ ကျဆင်းနေ၏။ သူ့အင်္ကျီလက်တိုမှာလည်း ချွေးတို့ဖြင့် ရွှဲရွှဲစိုနေ၏။

မောင်စောနောင်က ကိုသက်ခိုင်ကိုကြည့်ပြီး ရယ်လျက်ဆိုသည်။

"ဆရာ့ တစ်ကိုယ်လုံး ချွေးရွှဲနေပြီ၊ ကျွန်တော် ပြောသားပဲ၊ ကျွန်တော်ပဲ တောက်လျှောက်နင်းခဲ့ပါရစေလို့၊ အခုတော့ ဆရာပင်ပန်းနေပြီ"

ကိုသက်ခိုင်က အသက်ကို ရှိုက်ကာရှူရှင်း ဖြေသည်။

"ဆရာ မောတော့ သိပ်မောတယ် မောင်စောနောင်၊ ဒါပေမဲ့ မပင်ပန်းပါဘူး"

မောင်စောနောင်က မောခြင်းနှင့် ပင်ပန်းခြင်းကို ခွဲခြားပြောသော ကိုသက်ခိုင်၏ စကားကို သတိပြုမိသည်။ သူတို့တက္ကသိုလ်ဆရာမည်သည် စကားလုံးများကို အသေးစိတ်သတိပြုဟန်ပါတကား။

မောင်စောနောင်က သဘောကျစွာ ပြုံးပြီး ဝန်ခံ၏။

"ဆရာ့ကို ကျွန်တော် တော်တော်အံ့သြတယ်"

"ဟင်. . . ဘာကိုလဲ"

"တစ် အချက်က ကားနဲ့ ဇိမ်ခံပြန်နိုင်ရက်သားနဲ့ ကျွန်တော့်စက်ဘီးနဲ့ လိုက်လာတာပဲ ဆရာ"

"ပြီးတော့ကော. . ."

"ပြီးတော့ ဒီနေရာရောက်အောင် ကျွန်တော် မညွှန်ပြဘဲနဲ့ ဆရာ့ဘာသာ ဆရာ စီးလာနိုင်တာကိုပဲ ဆရာ"

ကိုသက်ခိုင်က မရယ် မပြုံးဘဲ တည်တည်ပြန်ဖြေ၏။

"အံ့သြစရာ မရှိပါဘူး မောင်စောနောင်၊ ပထမ အချက်အနေနဲ့က မောင်စောနောင် ကားမစီးချင်သလို ဆရာလည်း ကားမစီးချင်ဘူး၊ ကားစီးခြင်းကို မမက်ဘူးလို့. . . မညာချင်ဘူး၊ ကိုယ်ပိုင်ကား စီးနိုင်အောင် ဆရာလည်းငွေစုနေပါတယ်၊ ဒါပေမဲ့ ဆရာ ဘယ်လို ပြောပြရမလဲ မသိဘူး၊ သူများကား မစီးချင်ဘူးကွယ်၊ အထူးသဖြင့် ဟောဒီ မကွေးနဲ့ ပြီးတော့. . . အင်း. . . ရေနံချောင်းမှာ ကားမစီးချင်ဘူး"

မောင်စောနောင်က နားမလည်နိုင်ဟန် ကိုသက်ခိုင်ကို မော့ကြည့်၏။ ကိုသက်ခိုင်က ဆက်ပြောသည်။

"ဒုတိယအချက်အနေနဲ့က ဒီက လမ်းတွေကို ဆရာသိတယ်လေ၊ ဘာပြုလို့လဲဆိုတော့ တစ်ခါက ဆရာဟာ ဒီဆီတစ်ဝိုက်မှာ နေခဲ့ဖူးလို့ပဲ"

မောင်စောနောင်သည် အံ့သြစွာနှင့် မေး၏။

"တစ်ခါက ဆရာဟာ ဒီဆီတစ်ဝိုက်မှာ နေခဲ့ဖူးတယ်ဟုတ်လား၊ ဘယ်တုံးကလဲ ဆရာ"

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**

NEW MOTION TRAVELS & TOURS
Escape From Everyday Life...
သီရိလင်္ကာ Aug 25-31
မြတ်စွယ်တော်ပူဇော်ပွဲ
(ကိုလံဘို-အနုရာဓပူရ-ပေါလောနရုဝ-ကန္ဒီ)
Thai Airways ဖြင့် သွားရောက်ပြီး
4 Star ဟိုတယ်များတွင် တည်းခိုကာ ကြံ့တောင်ကြံ့ခဲ
စွယ်တော်လှည့်လည်ပွဲအား အထူးတန်းထိုင်ခုံမှ
ကြည်နူးဝမ်းသာစွာ ဖူးမြော်နိုင်မည့် ခရီးစဉ်
အမေရိကား Oct-28
အင်္ဂလန်-စပိန် Sep-07
ဘန်ကောက် Aug-12,Sep-23
ဥရောပ Sep-14
စင်ကာပူ Aug-20,Sep-25
စကန်ဒီနေဗီးယား Sep-10
No.15, First Floor, Kyun Taw Rd, Sanchaung Tsp, Yangon. Ph; 01 523253, 508124, 09 73148933~44~55~66

GOLDEN STAR Travels & Tours
☆ ပုဂံ(စွယ်တော်လေးဆူ)-ပုပ္ပါး July - 30
☆ မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း July - 30
☆ တောင်ကြီး-အင်းလေး-ပင်းတယ July - 30
☆ ကျိုက်ထီးရိုး-ချောင်းသာ - ငွေဆောင်
Ph: 209200, 544383, 430480, 703448, 705968

**ပျောက်ဆုံးကြောင်း**
ကျွန်တော်မောင်သက်ပိုင်ဦး၏ Passport M-520643 စာအုပ်သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
မောင်သက်ပိုင်ဦး ဖုန်း-၀၉-၂၆၀၆၀၉၅၄၈။ Ph.09-260609548

**ကန့်ကွက်နိုင်ကြောင်းကြေညာချက်**
ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၇)၊ မြေကွက်အမှတ်(၆၇၉)၊ အကျယ်အဝန်းပေ(၄၀×၆၀)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၇)ရပ်ကွက်၊ ဦးပုညလမ်းသွယ်(၁)လမ်း၊ အမှတ်-၁၇/၄(၆၇၉) ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ပါမစ်အမည်ပေါက်သူ ဒုအရာခံဗိုလ်မြဝင်း(ပီပီအမ်-၁၀၀၀၄၇)ထံမှ ဝယ်ယူထားသူ ဦးဝင်းနိုင်[၁၂/မရက(နိုင်)၀၀၆၅၀၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ရာ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ- ဦးမိုးကျော်ဦး(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၅၈၈)
အခန်း(၅)၊ အမှတ်(၅၅)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၄၉၆၃၆

**RBS ROBINSON Business School**
Official University Partners
"Recongnized European Master"
အရည်အချင်းပြည့်ဝသော Business Leader များအတွက်
Switzerland နိုင်ငံနှင့် Poland နိုင်ငံတို့မှ
တိုက်ရိုက်ချီးမြှင့်ပေးအပ်သော
VICTORIA UNIVERSITY
UNIVERSITY of INFORMATION TECHNOLOGY and MANAGEMENT in Rzeszow, POLAND
Postgraduate Programme
MBA Master of Business Administration Awarded by Victoria University Switzerland
MIM Master of International Management Awarded by University of Information Technology & Management
DUAL Master In MBA & MIM
တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသောကျောင်းသားကျောင်းသူများအတွက်
BBA Bachelor of Business Administration (Management) Dip-Business Only
BBA Bachelor of Business Administration (Entrepreneurial Management) Dip - Any Discipline
BBA Bachelor of Business Administration Grade 11
Free! English Class Consultation August-Intake Enroll Now!
Scholarship available!
09 4200 53536
09 431 96211
RBS City Campus 206-E, Level-2, La Pyayt Wun Plaza, Alan Pya Pagoda Rd, Dagon Tsp, YGN. www.rbsmm.com

**ဒေါ်ယဉ်ယဉ်ထွန်း[၁၂/ဒပန(နိုင်)၀၀၇၀၅၀]အား ဦးကြည်စိန်၏ဇနီးအဖြစ်မှ မသက်ဆိုင်ကြောင်း ကြေညာခြင်း**
ဦးကြည်စိန်[၁၂/ဒပန(နိုင်)၀၀၆၆၉၄]၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။ ဦးကြည်စိန်သည် ဇနီးဒေါ်ယဉ်ယဉ်ထွန်းအပေါ် ခင်ပွန်းကောင်းပီသစွာဖြင့် လင့်ဝတ္တရားမပျက် ကောင်းမွန်စွာ ကျွေးမွေးထိန်းသိမ်းစောင့်ရှောက်ထားသော်လည်း ဦးကြည်စိန် သဘော်လိုက်ပါသွားသည့်အချိန်၌ ဒေါ်ယဉ်ယဉ်ထွန်းသည် မိမိသဘောဆန္ဒအတိုင်း နေအိမ်မှ ဆင်းသွားသဖြင့် ယနေ့မှစ၍ ဒေါ်ယဉ်ယဉ်ထွန်းသည် ဦးကြည်စိန်၏ ဇနီးအဖြစ် မသက်ဆိုင်တော့ပါကြောင်းနှင့် ဒေါ်ယဉ်ယဉ်ထွန်းနှင့်ပတ်သက်သည့် ကိစ္စအဝဝသည် ဦးကြည်စိန်နှင့် လုံးဝမသက်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
လွှဲအပ်ညွှန်ကြားချက်အရ-
ဦးညီသန်း LL.B,D.B.L,D.I.L, Dip in Global English
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၀၂၃)
တိုက်အမှတ်(၂၅၀-A-1)၊ မြေညီထပ်၊ အေးစေတီလမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၁၀၂၀၄၀၁၊ ၀၉-၇၃၀၀၁၆၁၅



မြန်အောင်မြို့နှင့် တယ်ကုန်းကျေးရွာအုပ်စု တယ်ကုန်းကျေးရွာဆက်သွယ်သောလမ်းအား ကျောက်ချောလမ်း ၁ မိုင် ၂ ဖာလုံ အဆင့်မြှင့်တင်ခြင်းကို မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅–၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး ဇူလိုင်၂၄ ရက်က လမ်းအဆင့်မြှင့်တင်ရန် ကျောက်များစုဆောင်းထားရှိမှုကို မြို့နယ်ကျေးလက်အင်ဂျင်နီယာများက ကျောက်အရည်အသွေး စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။ အဆိုပါလမ်းအဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ပြီးစီးပါက တယ်ကုန်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ သတင်းနှင့် ဓာတ်ပုံ - ဝင်းဗိုလ် (ပြန်/ဆက်)

# ပိတ်ဆို့နေသော အမှိုက် သရိုက်များရှင်းလင်း

**သုဝဏ္ဏ ဇူလိုင် ၂၈**

သထုံမြို့နယ် သုဝဏ္ဏဝတီမြို့၌ ရေကြီးနစ်မြုပ်မှုအန္တရာယ် လျော့ပါးစေရေးအတွက် ဇူလိုင် ၂၇ ရက် နံနက် ၉ နာရီက သုဝဏ္ဏဝတီမြို့မဈေးဘေးရှိ ကျိုက္ကော်ချောင်းအတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ပြည်သူများက ရေစီးလမ်းတစ်လျှောက် ပိတ်ဆို့နေသော အမှိုက်သရိုက်များကို ဇူလိုင် ၂၆ ရက်ကစတင်၍ ဖယ်ရှားရှင်းလင်းကြကြောင်း သိရသည်။

အဆိုပါဆောင်ရွက်မှုကို သထုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်၊ သုဝဏ္ဏဝတီမြို့နယ်အုပ်ချုပ်ရေးမှူး စောပြည့်စုံနှင့် သက်ဆိုင်ရာဌာနဆိုင်ရာ တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးခဲ့ပြီး နောင်တွင် ရေကြီးနစ်မြုပ်မှုများ ထပ်မံမဖြစ်ပွားစေရန် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် မှာကြားခဲ့သည်။

ဒေသခံပြည်သူတစ်ဦးက “ဒီကျိုက္ကော်ချောင်းကြီးထဲ အမှိုက်တွေကို စည်းကမ်းမဲ့စွန့်ပစ်ကြတော့ ချောင်းကတဖြည်းဖြည်းကောလာတယ်။ ကျဉ်းလာတယ်။ ဒါကြောင့် မိုးလေးများများရွာပြီဆိုတာနဲ့ ရေကြီးတော့တာဘဲ။ ချောင်းတူးဖော်မှုကို မြန်မြန်စစေချင်တယ်” ဟု ပြောသည်။

**ခွန်(ဝင်းပ)**

## သထုံခရိုင် ဘီးလင်းမြို့နယ်၌ ကျောင်းထောက်ပံ့ကြေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ပိတ်ပွဲကျင်းပ

**ဘီးလင်း ဇူလိုင် ၂၈**

သထုံခရိုင် ဘီးလင်းမြို့နယ်၌ ကျောင်းထောက်ပံ့ကြေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ပိတ်ပွဲကို ဇူလိုင် ၂၆ ရက် မွန်းလွဲ ၁ နာရီက ဘီးလင်း အ. ထ. က ကျောင်း ပညာ့အားမာန်ခန်းမတွင် ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲ ပိတ်ပွဲအခမ်းအနားတွင် ဘီးလင်းမြို့နယ်ပညာရေးမှူး ဒေါ်လှဆန်းဝေက အဖွင့်အမှာစကားပြောကြားပြီး မွန်ပြည်နယ် ပြည်နယ်ပညာရေးမှူးရုံးမှ ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထွန်းက ပညာသင်ထောက်ပံ့ကြေးပေးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင်၂၄ ရက်မှ ၂၆ ရက်အထိ သုံးရက်ကြာ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ဘီးလင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၁၈၇ ကျောင်းမှ ကျောင်းအုပ်ကြီးများက တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကောလင်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်း များလှူဒါန်း

**ကောလင်း ဇူလိုင် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးနှင့် ဝန်ကြီးဌာနလက်အောက်ရှိ ငါးလုပ်ငန်းဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၂၆ ရက် နံနက် ၈ နာရီခွဲတွင် ရေဘေးကယ်ဆယ်ရေးစခန်း အလယ်ကျောင်းတိုက်၌ ကျင်းပခဲ့ကြောင်း သိရသည်။

ထောက်ပံ့ရေးပစ္စည်းများကို အလယ်ကျောင်းတိုက်တွင် လှူဒါန်းခဲ့ပြီးနောက် ဒုတိယဝန်ကြီးဦးခင်မောင်အေးနှင့်အဖွဲ့သည် ကသာခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်အုန်းနှင့်အတူ ကောလင်းမြို့နယ်အတွင်းရှိ ခါတော၊ ယားတောင်၊ ငွေးတောက်တော၊ ရွှေတွင်း၊ အောက်ကလုံး၊ ချောင်းနား၊ သရက်ချဉ်၊ မူးတိမ်ရွာများသို့ ထောက်ပံ့ရေးပစ္စည်းများနှင့်အတူ သွားရောက်ခဲ့ကြောင်း သိရသည်။

ရေဘေးသင့်ခဲ့သော သရက်ချဉ်ရွာမှ အိမ်ခြေ ၁၃၁ အိမ်၊ မူးတိမ်ရွာမှအိမ်ခြေ ၅၄ အိမ်တို့အား နိုင်ငံတော်သမ္မတကြီးမှ လှူဒါန်းခဲ့သောပစ္စည်းများနှင့် အလှူရှင်များမှလှူဒါန်းခဲ့သော ပစ္စည်းများကို ညနေ ၄ နာရီတွင် သရက်ချဉ်ကျေးရွာ အ. မ. က ကျောင်း၌ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**အေးလွင်(ကသာ)**

## ရေးမြို့နယ်ရှိ အန္တရာယ်ရှိသစ်ကိုင်းအား ဖယ်ရှားစေလို



**ရေး ဇူလိုင် ၂၈**

မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ ရန်မျိုးအောင်ရပ်ကွက် ရန်ကြီးအောင်ရပ်ကွက်မှ ဗိုလ်ချုပ်လမ်းမကြီးဘေးတွင် စိုက်ပျိုးထားရှိသည့်အရိပ်ရသစ်ပင်ကြီးများကြောင့် မိုးရာသီအချိန်အခါဖြစ်သည့်အတွက် မိုးသက်လေပြင်းများ တိုက်ခတ်လာသည့်အခါ အဆိုပါသစ်ပင်ကြီးများ၏ဆွေးမြေ့လျက်ရှိသော အကိုင်းအခက်များမှာ နေ့စဉ်ဖြတ်သန်းသွားလာနေလျက်ရှိသော အများပြည်သူများအား အချိန်အခါမရွေး အန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့နိုင်ကြောင်း မြို့ခံများကပြောသည်။

ယင်းအပြင် ရေး အ. ထ. က (၁) ကျောင်းဝင်းအတွင်း၌ စိုက်ပျိုးထားရှိသည့် ကုက္ကိုပင်ကြီးမှာ သက်တမ်းရှည်ကြာလာသည်နှင့်အမျှ ဆွေးမြေ့နေလျက်ရှိသော အကိုင်းအခတ်များ၏ ကျိုးပျက်စီးလွင့်ကျလာသည့် အန္တရာယ်များလည်း ဖြစ်ပေါ်နိုင်ကြောင်း ၎င်းတို့က ဆက်လက်ပြောသည်။

အဆိုပါ သစ်ကိုင်းမှာ ကျောင်းဆောင်၏အမိုးအကာပေါ်သို့ကျရောက်လာသဖြင့် သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ တာဝန်ရှိသူများအနေဖြင့် သစ်ပင်ကြီးများရှိ အကိုင်းအခက်၊ ဆွေးမြေ့နေလျက်ရှိသည့်အတွက် ဖယ်ရှားပေးစေလိုချင်ကြကြောင်း၊ သစ်ပင်ကြီးများကိုလည်း ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်စေချင်ကြောင်း၊ ကျောင်းသားမိဘများနှင့် မြို့ခံအများအပြားက ဆန္ဒပြင်းပြနေကြကြောင်း သိရသည်။

**ထွဋ်ထွဋ်(ရေး)**

## သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး မရမ်းကုန်းမြို့နယ်အတွင်း ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၂၈**

မိုးရာသီတွင်ဖြစ်ပွားလေ့ရှိသော သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများကို မရမ်းကုန်းမြို့နယ်အတွင်းရှိပြည်သူများထံသို့ သွားရောက်ဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၂၄ ရက် နံနက် ၈ နာရီတွင် အမှတ် (၃) ရပ်ကွက်ရှိ လမ်းများအတွင်း ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါသွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းဆောင်ရွက်မှုတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဌေးဝင်းက ပြည်သူများအား သတ်မှတ်ထားသည့်နေရာများတွင် အမှိုက်များစနစ်တကျစွန့်ပစ်ရန်၊ မြစ်ချောင်း၊ ရေမြောင်းများအတွင်းသို့ အမှိုက်များစွန့်ပစ်ခြင်းမပြုလုပ်ကြရန်၊ မိမိတို့လမ်းများအတွင်းတွင်လည်း ရေမြောင်းများပိတ်ဆို့မှုမရှိစေရေး ဝိုင်းဝန်းကူညီကြရန် ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးအသိပညာပေး ဆေးကုသရေးအဖွဲ့များ၊ မြို့နယ်စည်ပင် ကျန်းမာရေးအဖွဲ့များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က အမှတ်(၃) ရပ်ကွက်နေ ပြည်သူများ၏နေအိမ်များသို့ ကွင်းဆင်း၍ တစ်အိမ်ချင်း နေအိမ်အတွင်းရှိသော ရေဝပ်၍ ပိုးလောက်လန်းပေါက်ပွားစေနိုင်သည့် ကားတာယာဟောင်းများ၊ အသုံးမပြုတော့သည့် ရေအိုး၊ ကော်ခွက်များ အစရှိသည်တို့ကို ရှင်းလင်းဖုံးအုပ်ဆောင်ရွက်ကြသည်။

ရေတွင်း၊ ရေကန်၊ ရေတိုင်ကီ၊ ရေအိုးများတွင် ပိုးလောက်လန်းများ မပေါက်ပွားစေနိုင်ရေးအတွက် အဘိတ်ဆေးများ ထည့်သွင်းအသုံးပြုကြရန်၊ နေအိမ်အတွင်းရှိ ဘုရားပန်းအိုးများ၊ အသုံးပြုနေသည့် ရေပုံး၊ ရေအိုးများ အမှိုက်ပုံးများကို အပတ်စဉ် ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်ကြရန် အသိပညာပေးဟောပြောပြီး အဘိတ်ဆေးခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်း လက်တွေ့ရှင်းလင်းပြသကြသည်။

ဆက်လက်၍ သွေးလွန်တုပ်ကွေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ပြီး၊ အဆိုပါလုပ်ငန်းများကို အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူး၊ စနေနေ့များတွင် ရပ်ကွက်အလိုက် ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မြင့် (ပြန်/ဆက်)**

## ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးဆင့်ပွားသင်တန်းဖွင့်

**မိုင်းတုံ ဇူလိုင် ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းတုံမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ကြီးမှူး၍ ၂၀၁၅ ခုနှစ် ပါတီစုံ အထွေထွေရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးဆင့်ပွားသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၆ ရက် နံနက် ၇ နာရီခွဲက မိုင်းတုံမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါ အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ကော်မရှင် အဖွဲ့ခွဲဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာကော်မရှင်အဖွဲ့ခွဲဝင်များနှင့် နိုင်ငံရေးပါတီဝင်များ တက်ရောက်ခဲ့သည်။

ယင်းနောက် သင်တန်းပို့ချရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင် ဦးအုန်းကျော်မြင့်က မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်ကိုလည်းကောင်း၊ အတွင်းရေးမှူး ဦးအောင်ထွန်းက မဲစာရင်းပြုစုခြင်း၊ ရွေးကောက်ပွဲကိုယ်စားလှယ်ခန့်ထားခြင်းနှင့် မဲရုံကိုယ်စားလှယ်ခန့်ထားခြင်းကိုလည်းကောင်းသင်ကြားပို့ချခဲ့သည်။

၎င်းအပြင် အဖွဲ့ခွဲဝင် ဒေါ်ဝင်းဝင်းခိုင်ကရွေးကောက်ပွဲကျင်းပခြင်း၊ ဆန္ဒမဲပေးခြင်းနှင့်ကြိုတင်ဆန္ဒမဲပေးခြင်းကို လည်းကောင်း၊ အဖွဲ့ခွဲဝင် ဦးထောက်ရှဲန်လွမ်းခေါင်က ကော်မရှင်ကထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များနှင့် ကျင့်ဝတ်စည်းကမ်းများကို လည်းကောင်း သင်ကြား ပို့ချခဲ့သည်။

ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးဆင့်ပွားသင်တန်းသို့ ရပ်ကွက်၊ကျေးရွာကော်မရှင်အဖွဲ့ခွဲဝင် ၆၈ ဦးနှင့် နိုင်ငံရေးပါတီဝင် ၄၉ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## အလယ်တန်းအဆင့်သင်ကြားမည့်မူလတန်းလွန် ကျောင်းဖွင့်

**နွားထိုးကြီး ဇူလိုင် ၂၈**

နွားထိုးကြီးမြို့နယ် ဘုရားကြီးကျေးရွာ၌ အလယ်တန်းအဆင့်သင်ကြားမည့် မူလတန်းလွန်ကျောင်းဖွင့်ပွဲကို ဇူလိုင် ၂၆ ရက်က ယင်းကျောင်း၌ကျင်းပရာ တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးအေးသန့်ဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်နှင့် မြို့နယ်ပညာရေးမှူး ဦးကိုကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဘုရားကြီးကျေးရွာ၌ အလယ်တန်းအဆင့်သင်ကြားမည့် မူလတန်းလွန်ကျောင်းတွင် မူလတန်း၊ အလယ်တန်းအဆင့်ကျောင်းသား ၁၅၀ ကျော်ကို ကျေးရွာ၌ပင် သင်ကြားပေးရန် ကျောင်းအဆင့်တိုးမြှင့်ခြင်းဖြစ်သည်။ နွားထိုးကြီးနယ်တွင် အဆင့်တိုးမြှင့်ကျောင်း ၁၁ ကျောင်းကို ၂၀၁၅-၂၀၁၆ စာသင်နှစ်တွင် ဖွင့်လှစ်ခွင့်ရထားကြောင်း မြို့နယ်ပညာရေးမှူး ဦးကိုကိုက ပြောသည်။

**ခင်ဇာမွန်မြင့်(ဉပဒေ)**

**မပေါ့ဆသင့်သော သားအိမ်ခေါင်းကင်ဆာရောဂါ ယမန်နေ့မှအဆက်**

ခာတုပစ္စည်းတွေ ပြည့်ဝနေကြောင်း (၈) ရက်စ်ဘယ်ရီ ခာတုပစ္စည်းတွေ ပြည့်ဝနေကြောင်း (၈) ရက်စ်ဘယ်ရီသီးများ (raspberries) က အစာရေမြိုကင်ဆာအကြိတ်များကို ၆၀ ရာခိုင်နှုန်းလျော့ချပေးပြီး အူမကြီးနဲ့ သားအိမ်ခေါင်းကင်ဆာများကို ၈၀ ရာခိုင်နှုန်းလျော့ချပေးနိုင်ကြောင်း လေ့လာသိရှိရပါတယ်။

(၁၂) beta-carotene ဓာတ်ကြွယ်ဝတဲ့ အဝါရောင် ကန်စွန်းဥများကလည်း သားအိမ်ခေါင်းကင်ဆာအပါအဝင် ရင်သားကင်ဆာဖြစ်လာနိုင်ခြေအလားအလာကို ထက်ဝက်မျှ လျော့ချပေးနိုင်ပါတယ်။

(၁၃) ဗီတာမင်ဒီပြည့်ဝတဲ့ ဆယ်လ်မွန်ငါးများဟာ ကင်ဆာအကြိတ်အခဲတွေ ကြီးထွားအောင် ပံ့ပိုးပေးနေတဲ့ သွေးကြောများကို အားလျော့သွားစေအောင် ပြုလုပ်ပေးနိုင်ပါတယ်။ ဒါကြောင့် ကင်ဆာရောဂါသည်များအနေဖြင့် ဆယ်လ်မွန်ငါးကို စားပေးသင့်ပါတယ်။ ဆယ်လ်မွန်ငါးကဲ့သို့ပင် တိရစ္ဆာန်ထွက်နို့များနှင့် ဒိန်ချဉ်တို့မှာလည်း ဗီတာမင်ဒီ ကြွယ်ဝကြပါတယ်။ အကယ်၍ ၎င်းအစားအစာတွေကို ရံဖန်ရံခါမှ စားဖြစ်သူများအတွက်ကတော့ ဗီတာမင်ဒီဆေးပြားတွေကို မှီဝဲသောက်သုံးနိုင်ပါတယ်။

(၁၄) ရင်သား၊ အူမကြီး၊ အစာအိမ်၊ အသည်း၊ အဆုပ်၊ သားအိမ်စတဲ့ ကင်ဆာရောဂါများအတွက် မီးဖိုချောင်သုံးပစ္စည်းတစ်မျိုးဖြစ်တဲ့ နနွင်းမှုန့်ကို ရှေးပဝေသဏီကတည်းကစလို့ အိမ်တွင်းဆေးနည်းတိုအဖြစ် သုံးစွဲလာခဲ့ကြတာပါ။ အိန္ဒိယနိုင်ငံ New Nelhi ရှိ Institute of Cytology and Preventive Oncology (ICPO) (ခေါ်) ကလာပ်စည်းဗေဒနှင့် အကြိတ်ဗေဒဆိုင်ရာနည်းပညာအဖွဲ့အစည်းမှ လေ့လာစမ်းသပ်မှုမှတ်တမ်းများအရ နနွင်းမှုန့်ထဲတွင်ပါရှိသော curcumin ဓာတ်ပစ္စည်းက သားအိမ်ခေါင်းကင်ဆာဖြစ်စေသော HPV ပိုးများကို စွမ်းအားပြည့် တိုက်ထုတ်ပေးနိုင်ကြောင်း အတည်ပြုခဲ့ပါတယ်။

(၁၅) ဂေါ်ဖီမျိုးနွယ်ဝင်များဖြစ်ကြတဲ့ အဖြူရောင်ပန်းဂေါ်ဖီ၊ ဘရိုကိုလီ(ခေါ်) အစိမ်းရောင် ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်တို့မှာ ကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်နေတဲ့ ဗီတာမင်နှင့် သတ္တုဓာတ်တွေ ပါရှိနေကြတဲ့အပြင် glucosinolates (ခေါ်) ပိုးသတ်ဆေးသဖွယ် အစွမ်းရှိတဲ့ အာနိသင်များလည်း ပါရှိနေကြပါတယ်။ ထိုအာနိသင်များက ခန္ဓာကိုယ်ကို အဆိပ်အတောက်ပြေစေကာ ကင်ဆာရောဂါများဖြစ်မလာအောင် ဟန့်တာထားပေးနိုင်ပါတယ်။

(၁၆) တလည်းသီးထဲမှာ ellagic အက်ဆစ်ပြည့်ဝ စွာပါရှိနေပြီး ၎င်းအက်ဆစ်က ကင်ဆာဆဲလ်များကြီးထွားလာမှုကို တားမြစ်ပေးနိုင်သလို ကင်ဆာဖြစ်စေတဲ့ ဓာတ်ပေါင်းစုတို့ကိုလည်း ကွပ်မျက်ပေးနိုင်စွမ်းရှိပါတယ်။ သလဲသီးစားတဲ့အခါ အထဲကအစေ့ကိုပါ ဝါးစားပေးပါ။ ဒါ့ပြင် သစ်ကျားသီးနှင့် စပျစ်သီး(အနီရောင်၊ အနက်ရောင်) တို့မှာလည်း ellagic အက်ဆစ်တွေ ကြွယ်ဝစွာပါရှိနေပါတယ်။ စပျစ်သီးစားတဲ့အခါမှာလည်း အခွံနှင့်အစေ့တို့ကိုပါ ဝါးစားပေးသင့်ပါတယ်။ ။

**ပေါက်ပေါက်**

# တပ်မတော်နယ်လှည့်ဆေးကုသအဖွဲ့မှ ကျန်းမာရေးစောင့်ရှောက်မှုပေး

**ကော့သောင်း ဇူလိုင် ၂၈**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ခမောက်ကြီးတပ်နယ် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့က ဇူလိုင် ၂၅ ရက် နံနက်ပိုင်းက ကျေးလက်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများတွင် ခမောက်ကြီးတပ်နယ်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကော့သောင်းမြို့နယ်အတွင်းရှိ မပုတေးကျေးရွာ၊ ချန်းဖန်းကျေးရွာ ၊ပါဆယ်ပါညန်းကျေးရွာနှင့် တာည့်ပါဒကျေးရွာတို့မှ ကျေးလက် ပြည်သူ ၁၂၄ ဦးအား တစ်ဦးချင်းကျန်းမာရေးစစ်ဆေးပေးကာ ရောဂါရှာဖွေ၍ အခမဲ့ဆေးဝါးကုသပေးခြင်း၊ ရောဂါအခြေအနေအရ ဆက်လက်ဆေးကုသရန်လိုအပ်သည့်ပြည်သူများအား ကော့သောင်းမြို့ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသမှုခံယူနိုင်ရေး လိုအပ်သည့်ကူညီမှုများဆောင်ရွက်ပေးသည်။



ယင်းအပြင် တပ်နယ်ဆေးကုသရေးအဖွဲ့မှ တာဝန်ရှိသူများက ဆေးဝါးကုသမှုခံယူသည့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းခြင်း၊ သက်ကြီးဘိုးဘွားများအား အာဟာရထောက်ပံ့ခြင်း၊ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းသုံးစာရေးကိရိယာပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း၊ ပြန်/ဆက်)**

# ကျေးလက်နေလူငယ်များအတွက် ကျေးလက်အခြေပြုသက်မွေးပညာ သင်တန်းဆင်းပွဲကျင်းပ

**ဘားအံ ဇူလိုင် ၂၈**

ကရင်ပြည်နယ်အတွင်းရှိ ကျေးလက်နေလူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရေးအတွက် ကျေးလက်အခြေပြု သက်မွေးပညာသင်တန်းများဖြစ်ကြသော အလှပြင်သင်တန်း၊ လျှပ်စစ်ပညာသင်တန်းနှင့် စက်ပြင်သင်တန်းသုံးမျိုးကို ဖွင့်လှစ်သင်ကြားခဲ့ပြီး သင်တန်းဆင်းပွဲနှင့် သင်တန်းဆင်းအောင်လက်မှတ်များ ချီးမြှင့်ခြင်းအခမ်းအနားကို ဇူလိုင် ၂၅ ရက် မွန်းတည့် ၁ နာရီ၌ ကရင်ပြည်နယ်သမဝါယမအသင်းရုံး ကျေးလက်အခြေပြုသက်မွေးပညာသင်တန်းခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ (ဂျပန်) အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှု၊ အတတ်ပညာ ဖွံ့ဖြိုးမှုအစီအစဉ် (IOM)မှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း က အဖွင့်အမှာစကားပြောကြားပြီး ဂျပန် (IOM) တာဝန်ရှိသူနှစ်ဦးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က အလှပြင်သင်တန်းဆင်းပွဲ အောင်လက်မှတ်ကို လည်းကောင်း၊ (IOM) နှင့် (SDC) မှ တာဝန်ရှိသူများက စက်ပြင်သင်တန်းဆင်းပွဲအောင်လက်မှတ်နှင့် လျှပ်စစ်သင်တန်းဆင်း အောင်လက်မှတ်များကိုလည်းကောင်း ပေးအပ်ရာ သင်တန်းသား၊ သင်တန်းသူများ လက်ခံရယူကြသည်။

အဆိုပါသင်တန်းတွင် အလှပြင်သင်တန်းတွင် သင်တန်းသူ ၂၀၊ စက်ပြင်သင်တန်းတွင် သင်တန်းသား ၁၉ ဦး၊ လျှပ်စစ်သင်တန်းတွင် သင်တန်းသား ၁၈ ဦး စုစုပေါင်းသင်တန်းသား၊ သင်တန်းသူ ၅၇ ဦးအား သင်တန်းသုံးမျိုးကို သင်တန်းကာလသုံးလကြာ သင်တန်းပို့ချတတ်မြောက်အောင်မြင်သွားသဖြင့် အလုပ်အကိုင်အခွင့်အလမ်းများနှင့် အခြေခံလျှပ်စစ်အသိပညာများ ရရှိမည်ဖြစ်သည်။ **နေမျိုးလွင်(ပြန်/ဆက်)**


## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ ဦးအောင်ထွန်းသိန်း
(လက်ထောက်ညွှန်ကြားရေးမှူး၊ တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်)-ဒေါ်တင်တင်သိန်း(အလပြ-ငြိမ်း)
တို့၏သား
မောင်ထက်အောင်ကျော်(ခ)အောင်အောင်
**B.A(Eng)**
**3rd ENGINEER (BERNHARD SCHULTE SHIPMANAGEMENT)**
နှင့်
စစ်တွေမြို့နေ ဦးခင်မောင်(ကုန်သည်)-ဒေါ်မမြအေး(E.89 မြို့မဈေး) တို့၏ သမီးကြီး
မခင်သန္တာဦး(ခ)မီးမီး
**LL.B, LL.M, DBL, DIL**
နည်းပြ(ဥပဒေပညာဌာန-ရန်ကုန်တက္ကသိုလ်)
တို့သည် ၁၈-၇-၂၀၁၅ရက်တွင် နှစ်ဖက်သော မိဘဆွေမျိုးများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။
နှစ်ဖက်သောမိဘများနှင့်
မောင်ထက်အောင်ကျော်-မခင်သန္တာဦး

## ဇူလိုင်မောင်နှမ မွေးနေ့ဆုမွန်

သားငယ် ပိုင်ဖြိုးသန့် B.A (Eng)-MBA (HK)ရွှေပြည်ရတနာပွဲရုံနှင့်သမီးလေး **Dr.**မေရတနာခင်(1M-1)ဇူလိုင်မောင်နှမ၏ ဇူလိုင်လတွင်ကျရောက်သော မွေးနေ့များမှစ၍ ဘဝတစ်လျှောက်လုံး စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျမ်းမာခြင်းတို့နှင့်ပြည့်စုံပြီး သောကကင်းသော လိုတရဘဝလေးများကို ပိုင်ဆိုင်နိုင်ကြပါစေ။

ချစ်သော
ပါပါး - ဦးသောင်းစိန်(**Director** ငွေမိုးအထူးကုဆေးရုံ)
မေမေ - ဒေါ်ခင်ဆွေလှဲ့
ကိုကြီး - **Dr.**သူရိန်ဦး(**MD,Land Lord Co.,Ltd**)
(ရွှေပြည်ရတနာစက်သုံးဆီအရောင်းဆိုင်)

## ရွှေပလ္လင်တွင် တာဝန်ထမ်းဆောင်ခဲ့သော မယဉ်ဝေဇင် သိစေရန်

မယဉ်ဝေဇင် မှတ်ပုံတင်အမှတ်[၁၂/လမန(နိုင်)၁၅၁၇၃၄] အမှတ် (၃၃၃)၊ လှိုင်ရတနာမွန်အိမ်ရာ၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်နေသူသည် ရွှေပလ္လင်တွင် တာဝန်ထမ်းဆောင်ချိန်ကာလအတွင်း ကွာခြားခဲ့ပါသော ငွေကြေးကိစ္စများကို ယနေ့မှစ၍ (၂)ပတ်အတွင်း ရုံးသို့ ဆက်သွယ်ဖြေရှင်းပါရန် အသိပေးအပ်ပါသည်။

ဒေါ်ဇင်မာအောင်
**Shwe Palin Group**

**စာအုပ်စာပေလှူမိတ်ဆွေ**

**အမည်ပြောင်း** သယ်န်းကျွန်းမြို့နယ်၊ ပညာနန်းတော် ဆဋ္ဌမတန်းတွင်ပညာသင်ကြားနေသော အဖ ဦးကျော်မင်းဦး၊ အမိ ဒေါ်တင်ထားထားထွန်း တို့၏ သမီးဖြစ်သူ မအင်ကြင်းမေအား မမေယွန်းမီဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းရပ်ကွက်၊ အပိုင်း(၃)၊ ဂျိုးဖြူလမ်းမကြီး၊ ခြံအမှတ်(၃/၈၄-က)ဟုခေါ်တွင်သော အလျား(၂၂)ပေ × အနံ(၁၃၆)ပေရှိသော မြေကွက်အား ဦးခင်မောင်မြင့်(၁၂/မဂဒ(နိုင်)၀၂၄၂၀၂)က အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုပြီး ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

"မမော်"အိမ်ခြံမြေအကျိုးဆောင် ၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်အေးအေးအောင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၉၀၁၄)
ရုံး-အင်းစိန်စုပေါင်းရုံးဝန်း၊ ရှေ့နေများနားနေခန်း၊ ဖုန်း-၀၉၇၃၂၁၀၅၉၃၊ ၀၉၃၂၃၀၆၆၇၀၊ ၀၉၄၃၁၁၃၄၀၆

## ပြည်တွင်းရေးရာ

# မုံရွာ ရွှေစည်းခုံစေတီတော်မြတ်ကြီး စောင်းတန်းတွင် ဝါဆိုဦးဆွမ်းသပိတ် လောင်းလှူပွဲကျင်းပ

**မုံရွာ ဇူလိုင် ၂၈**

နှစ်စဉ်ကျင်းပမြဲဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ရွှေစည်းခုံစေတီတော်မြတ်ကြီး ဝါဆိုဦးဆွမ်းသပိတ်လောင်းလှူပွဲကို ဇူလိုင် ၂၆ ရက် နံနက် ၈ နာရီခွဲက အဆိုပါစေတီတော်စောင်းတန်းတွင် ကျင်းပခဲ့သည်။

ဝါဆိုဦးဆွမ်းသပိတ်လောင်းလှူပွဲကို ရွှေစည်းခုံစေတီတော်ကြီး အရှေ့ဘက်စောင်းတန်းတွင် တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ရွှေစည်းခုံစေတီတော် ဂေါပက အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အလှူရှင်ပြည်သူများက မုံရွာမြို့ပေါ် ကျောင်းတိုက်များတွင် သီတင်းသုံးတော်မူကြသော သံဃာတော် ခြောက်ထောင်ကျော်အား ဆွမ်းသပိတ်များနှင့် လှူဖွယ်ပစ္စည်းများကို လောင်းလှူကြကြောင်း သိရသည်။

ဝါဆိုဦးဆွမ်းသပိတ်လောင်းလှူပွဲတွင် ယခုနှစ်ဝါဆိုကာလအတွင်း မုံရွာမြို့ပေါ်ရှိ ကျောင်းတိုက် ၁၉၃ တိုက်တွင် တရားအားထုတ်ကြမည့်သံဃာတော်ကြီးများစာသင်၊စာချကြမည့် သံဃာ တော် ၆၀၀၀ ကိုရွှေစည်းခုံဂေါပကအဖွဲ့မှ ကြီးမှူးပြီး တန့်ကြည့်တောင် ကြွေသပိတ်အလုံး ၅၀၀၊ တိုက်သပိတ် (သံအဖုံးပါ) အလုံး ၁၅၀၀၊ အိုက်သပိတ်အလုံး ၄၀၀၀ စုစုပေါင်း ၆၀၀၀ တို့ဖြင့်ဝါဆိုဦး ဆွမ်း၊ သပိတ်၊ ဆွမ်းအစ်၊ လှူဖွယ်ပစ္စည်းတွေကိုလောင်းလှူကြကြောင်း သိရသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်၊ တိုင်းဒေသကြီး ဝန်ကြီးများဖြစ်သော လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကြည်နိုင်၊ စီးပွားရေးနှင့် စီမံကိန်းဝန်ကြီးဦးစိန်မောင်း ၊ တိုင်းဒေသကြီး၊ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ ရွှေစည်းခုံစေတီတော် မြတ်ကြီးဂေါပက အဖွဲ့ဥက္ကဋ္ဌ ဦးညဏ်အောင်နှင့် ဂေါပကအဖွဲ့ဝင်များ၊ ဆွမ်းသပိတ် အလှူရှင်ပြည်သူများ တက်ရောက်ကြသည်။ **ဖိုးချမ်း(မုံရွာ)**

# ကလောမြို့တွင် လေးနှစ်အတွင်း စံချိန်အမြင့်ဆုံးရေတက်ရေလျှမ်းမိုးမှုဖြစ်

**ကလော ဇူလိုင် ၂၈**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့ရပ်ကွက် ၂၊ ၃၊ ၄ နှင့် အင်းပြင်ကျေးရွာများကို ဖြတ်သန်းစီးဆင်းလျက်ရှိသော ကလောချောင်းသည် ဇူလိုင် ၂၆ ရက် နံနက် ၂နာရီခန့်တွင် ကလောမြို့တောင်ဘက် တောင်ပေါ်တောင်လားကျေးရွာအုပ်စု မြင်းတိုက်မြင်စိုင်းကုန်းကျေးရွာကုန်းမြင့်ဒေသများမှ ပြိုဆင်းလာသော တောင်ကျရေများ စီးဆင်းမှုကြောင့် ကလောမြို့တွင်းတွင် ပေလေးပေကျော်နှင့် အင်းပြင်ကျေးရွာ နန်းအွန်ကျေးရွာနေရာများထိ ချောင်းရေများ လေးနှစ်အတွင်း စံချိန်အမြင့်ဆုံး ရေတက်ရေလျှမ်းမိုးခဲ့သည်။



အဆိုပါ ရေတက်ရေလျှမ်းနေရာများသို့ ကလောမြို့ စစ်ဦးစီး တက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်ချုပ်အောင်သူ မြို့စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌဒေါက်တာလှမြင့်၊ မြို့နယ်ဦးစီးအရာရှိ ဦးမျိုးမြင့်အောင်၊ မြို့နယ်ရဲတပ်ဖွဲ့မြို့မစခန်းမှူးဒုရဲမှူးဆွေဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုထွန်းနှင့် အဖွဲ့ဝင်များ၊ ပြည်ခိုင်ဖြိုးပါတီခေါင်းဆောင်နှင့် အဖွဲ့ဝင်များ၊ ဖြူစင်မေတ္တာလူမှုကူညီရေးအသင်း၊ ကြက်ခြေနီအသင်း၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အောင်ပန်းမြို့ အောင်ပြည့်စုံသွေးလှူရှင်များတို့က ရေဘေးဒုက္ခနေရာများမှ ကယ်ဆယ်ပြောင်းရွှေ့နေရာချထားပေးခြင်း၊ ဆေးဝါးကုသပြုစုခြင်း၊ အစားအစာများ၊ သောက်ရေများလိုက်လံကူညီပံ့ပိုးထောက်ပံ့ခဲ့ကြသည်။ **ဝဇြာ**

# ဆိပ်ဖြူမြို့နယ်စီမံကိန်းဝင် ကျေးရွာများမှ တောင်သူကိုယ်တိုင် စိုက်ပျိုးရေးလေ့လာရေးစခန်းဖွင့်

**ဆိပ်ဖြူ ဇူလိုင် ၂၈**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ကျောင်းရွာကျေးရွာအုပ်စု ကျွန်းမကြီးကျေးရွာတွင် USAID ၏ အလှူငွေ ဖြင့် ရှေ့သို့စီမံကိန်း(ချက်ဗွီ) အဖွဲ့မှ ဆိပ်ဖြူမြို့နယ် စီမံကိန်းဝင်ကျေးရွာများမှ တောင်သူများက စိုက်ပျိုးရေးပညာများ ကိုယ်တိုင်သိရှိဆောင်ရွက်နိုင်ရန်၊ စိုက်ပျိုးရေးအထောက်အကူပြု ပံ့ပိုးပစ္စည်းများ ကိုင်တွယ်အသုံးပြုနိုင်ပြီး စိုက်ပျိုးသီးနှံများ မျိုးရောဂါများလေ့လာသိရှိကာကွယ်တတ်စေရန် တောင်သူကိုယ်တိုင် လေ့လာရေးစခန်းဖွင့်ပွဲကို ဇူလိုင်နောက်ဆုံးအပတ်တွင် အဆိုပါကျေးရွာရှိ စိုက်ပျိုးလေ့လာရေးစခန်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့(ချက်ဗွီ) စီမံကိန်း မန်နေဂျာ ဦးဌေးနိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ခင်အေးကြူ ဆိပ်ဖြူမြို့နယ်(ချက်ဗွီ) ညှိနှိုင်းရေးမှူး ဦးမျိုးမင်းအောင်နှင့် စီမံကိန်းဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးလက်နေ တောင်သူများ ၊ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။

အဆိုပါ အခမ်းအနားကို (ချက်ဗွီ)စီမံကိန်း မန်နေဂျာ ဦးဌေးနိုင်နှင့် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်အေးကြူ တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

စီမံကိန်းမန်နေဂျာက စိုက်ပျိုးလေ့လာရေး စခန်းဖွင့်လှစ်ပေးရခြင်း ရည်ရွယ်ချက်များ ကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေး ဒုတိယ ဦးစီးမှူးက စိုက်ပျိုးရေးနည်းပညာများနှင့် တောင်သူများအနေဖြင့် နည်းပညာများ ချိတ်ဆက်ဆောင်ရွက်ရမည့် နည်းလမ်းများကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆိပ်ဖြူမြို့နယ်တွင် (ချက်ဗွီ)စီမံကိန်းဝင် ကျေးရွာ ၅၀ ရှိပြီး ကွင်းသင်တန်းကျောင်း ၃၄ ကျောင်း၊ စိုက်ပျိုးပညာလေ့လာရေး စခန်းခြောက်ခု ဆောင်ရွက်ပေးနိုင်ခဲ့ပြီး စိုက်ပျိုးရေးပညာ လေ့လာရေးစခန်းတွင် စိုက်ပျိုးရေးနည်းပညာစာအုပ်များ၊ မြေဆီလွှာ အချဉ်၊ အငန်၊ အစိုဓာတ်တိုင်းကိရိယာ၊ ပိုးမွှားရောဂါလေ့လာရေး ပစ္စည်းများ၊ မိုးရေချိန်နှင့် အပူချိန်တိုင်းကိရိယာ၊ သင်ထောက်ကူပစ္စည်းများ၊ မျိုးစေ့များ သိုလှောင်နိုင်ရန် အထူးပြုပစ္စည်းများ ထားရှိပေးထားကြောင်းသိရသည်။ **စိုးလင်းနိုင်**(IPRD)


## ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက် (သောကြာနေ့) ဝါဆိုလပြည့်နေ့သည် အများပြည်သူ အလုပ်ပိတ်ရက် ဖြစ်ပါသဖြင့် ၎င်းနေ့တွင် ဘဏ်အားလုံး ပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

CAIRO CONSTRUCTION M.S GROUP OF COMPANY
Y.C.D.C (License No.255)
ROYAL GOLDEN FARMER INTERNATIONAL CO.,LTD

**တာဝန်ခံဟုဆိုသူ ဦးကျော်သူရစမ်း(ခ)အာမင် (ဘ)ဦးကျော်**
**မြင့်[၁၂/မဂတ(နိုင်)၀၈၇၈၇၈]**
**အမှတ်(၄၀)၊ ၁၂၁လမ်း၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့သိစေရန်**

လူကြီးမင်းသည် အထက်ပါ ကုမ္ပဏီ၏ ဘီလပ်မြေအိတ်များကို မိတ္ထီလာမြို့၊ ကျီတော်ကုန်းနယ်မြေ၊ မိတ္တဗလရပ်ရှိ သ/မအသင်းပိုင်ဂိုဒေါင်၌ ထားရှိခဲ့ပြီး လူကြီးမင်းကိုယ်တိုင် အဆိုပါ အဆောက်အအုံ၌ နေထိုင်၍ ဘီလပ်မြေအိတ်များကို ထားရှိရောင်းချလျက်ရှိရာ ၁၆-၉-၂၀၁၄ရက်က ကျွန်ုပ်၏ အမှုသည်ဖြစ်သော မိတ္ထီလာမြို့၊ ပြည်သာယာရပ်၊ (၁×၂) လမ်းကြား၊ ခွာညိုလမ်းသွယ်နေ ဦးဇော်လွင်[၉/မလန(နိုင်)၀၇၉၄၆၁]သို့ ဘီလပ်မြေ အိတ်ပေါင်း (၈၀၀၀) အား တစ်အိတ်လျှင် (၄၅၀၀ိ/-) နှုန်းဖြင့် ရောင်းချခဲ့ရာ ကျွန်ုပ်၏ အမှုသည်မှ တန်ဖိုးငွေ (၃၆၀၀၀၀၀၀ိ/-) (ကျပ်သိန်းသုံးရာခြောက်ဆယ်တိတိ အား ပေးချေခဲ့ပြီး၊ အဆိုပါ ဂိုဒေါင်မှ ဘီလပ်မြေအိတ်(၈၀၀၀) အား ဟိုတယ်ဆောက်လုပ်ချိန်တွင် ရယူမည်ဟု ကျွန်ုပ်၏ အမှုသည်မှ ပြောဆိုခဲ့သည်ကို လူကြီးမင်းမှ သဘောတူလက်ခံလျက် မိတ္ထီလာမြို့၊ ကျီတော်ကုန်းရပ်၊ အုပ်ချုပ်ရေးမှူး၏ရှေ့တွင် စာချုပ်ချုပ်ဆိုလျက် အရောင်းအဝယ်ပြုလုပ်ခဲ့ကြပါသည်။

ကျွန်ုပ်၏ အမှုသည်မှာ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလထဲတွင် ဟိုတယ်ဆောက်လုပ်ရန် ဘီလပ်မြေများ သယ်ယူရန်သွားရောက်သည့်အခါ အဆိုပါ ဂိုဒေါင်တွင် ဘီလပ်မြေအိတ်များမရှိတော့၍ စုံစမ်းသည့်အခါ လူကြီးမင်းမှ ဘီလပ်မြေအိတ်များကို ရောင်းပြီး ထွက်ခွာသွားကြောင်း သိရှိရသဖြင့် လူကြီးမင်းထံဖုန်းဖြင့် အကြိမ်ကြိမ်ဆက်သွယ်သည့်အခါတွင် ဆက်သွယ်၍မရတော့ပါ။

သို့ပါ၍ လူကြီးမင်းသည် ယခုကြော်ငြာပါသည့်နေ့မှ (၂)ပတ်အတွင်း လူကြီးမင်းထံမှ လက်ခံရယူထားသည့် ငွေကျပ်သိန်း (၃၆၀၀၀၀၀၀ိ/-) (ကျပ်သိန်းသုံးရာခြောက်ဆယ်) တိတိအား လာရောက်ပေးအပ်ရန် အသိပေးအကြောင်းကြားပါသည်။ ထိုရက်ထက်ကျော်ပါက လူကြီးမင်းအပေါ် ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်တော့မည်ဖြစ်ကြောင်း သိစေ ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိုးတင့် **(B.A.(Law);LL.B)**
တရားလွှတ်တော်ရှေ့နေ
စဉ်-၂၄၂၂(၃၁-၁၀-၁၉၈၃)
အိမ်အမှတ်-၃၆၁/၆၊ သာယာကုန်း(၁)၊ နန်းတော်ကုန်းရပ်၊ မိတ္ထီလာမြို့။

## ကြော်ငြာစာ

**(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃)**
**မြစ်ကြီးနားခရိုင် တရားရုံးတော်**
**၂၀၁၅ ခုနှစ်၊ တရားမ အထွေထွေမှုအမှတ်-၁၆**

ကွယ်လွန်သူ ဦးနော်အားဆီ(ခ) နော်အခီ၏ ကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု မြစ်ကြီးနားမြို့၊ မန်ခိန်ရွှေစက်ရပ်ကွက်၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးနော်အားဆီ(ခ)နော်အခီ၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးလာဒူး(ခ) ဦးလဇမ်ဂျုံးဒေါင်က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက် (၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးနော်အားဆီ(ခ) နော်အခီ၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက် (၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့် သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးလာဒူး(ခ) လဇမ်ဂျုံးဒေါင်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက် ဤရုံးတော်တံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(တင်ဆွေလင်း)
ဒုတိယခရိုင်တရားသူကြီး(၁)
မြစ်ကြီးနားခရိုင် တရားရုံး

မြင့်စေတနာဆေးတိုက်
**ခရုသင်း (သမင်ဖြူ)**
LEUCODERMA
ခရုသင်း (သမင်ဖြူ)၊ ဖြူနီနက်ကွက်များ၊ အနာကြီးရောဂါ၊ ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူ နှင့် အရေပြားရောဂါအမျိုးမျိုးကို ကုသပေးသည်။
ဆရာဦးခင်မောင်မြင့်၊ အမှတ်-၃၊ ပိတောက်ရိပ်မြိုင်ရန်ကုန်အင်းစိန်လမ်းမကြီး၊ ကုလားကျောင်းမှတ်တိုင်၊ သမိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၆၆၄၇၈၊ ၀၉-၇၉၈၈၆၉၁၀၉
(ဌာနခွဲ)အမှတ်(၂)၊ ၆၂လမ်း၊ ၂၈ x ၂၉လမ်းကြား၊ အောင်တော်မူရပ်၊ မန္တလေးမြို့။ဖုန်း - ၀၂-၂၂၅၁၅

## ဝန်ထမ်းအလိုရှိသည်
**(ပြည်တွင်း၌သာခန့်ထားရန်)**

**Alligator Industry Co.,Ltd** ၏ လယ်ယာသုံးစက်ကိရိယာပစ္စည်းများ ဖြန့်ဖြူးရောင်းချသော လုပ်ငန်းတွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါ ဝန်ထမ်းများ အမြန်အလိုရှိသည်။

၁။ Sales & Marketing Manager — Male (1)Post
ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။ Sales & Marketing နှင့် သက်ဆိုင်သော ဒီပလိုမာရရှိသူ ဖြစ်ရမည်။ အသက်(၂၅)နှစ်မှ (၃၅) နှစ်အတွင်းဖြစ်ရမည်။ Computer, Excel, Word, Power Point, Internet & Email အသုံးပြုနိုင်ရမည်။ English စာ ရေး၊ ဖတ်၊ ပြော ကျွမ်းကျင်ရမည်။ လယ်ယာသုံး စက်ပစ္စည်း ရောင်း/ဝယ်ခြင်း လုပ်ငန်းအတွေ့ အကြုံ (၃)နှစ်ရှိရမည်။

၂။ Engineering Department Manager — Male(1)Post
B.E (Mechanical) ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။ စက်ယန္တရားပြုပြင်ခြင်း ကျွမ်းကျင်ရမည်။ Computer, Auto CAD, Power Point, Internet & Email အသုံးပြုနိုင်ရမည်။ English စာ ရေး၊ ဖတ်၊ ပြော ကျွမ်းကျင်ရမည်။ လယ်ယာသုံး စက်ပစ္စည်းများကို နားလည်တတ်ကျွမ်း၍ လုပ်ငန်းအတွေ့အကြုံကြွယ်ဝသူကို ဦးစားပေးမည်။

၃။ Sales Executives — Male(3)Post
ဘွဲ့တစ်ခုခုရရှိပြီးသူ ဖြစ်ရမည်။ အသက်(၂၂)နှစ်မှ (၃၅) နှစ်အတွင်း ဖြစ်ရမည်။ လယ်ယာသုံး စက်ပစ္စည်း ရောင်း/ဝယ်ခြင်း လုပ်ငန်းအတွေ့အကြုံ (၂)နှစ်ရှိရမည်။

၄။ Technician — Male(3)Post
AGTI (သို့) B.Tech (Mechanical) ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။ စက်ယန္တရား ပြုပြင်ခြင်း ကျွမ်းကျင်ရမည်။ သင်ယူလိုစိတ်ရှိသူဖြစ်ပြီး လယ်ယာသုံး စက်ပစ္စည်းများ ကျွမ်းကျင်စွာ ပြင်ဆင်ခြင်း လုပ်ငန်းအတွေ့အကြုံကြွယ်ဝသူကို ဦးစားပေးမည်။

အထက်ပါရာထူးများအတွက် လျှောက်ထားလိုသူများအားလုံးသည် ရုပ်ရည်သန့်ပြန့်၍ အကျင့်စာရိတ္တကောင်းမွန်သူ၊ စကားပြောပြေပြစ်ပြီး ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။ ရိုးသားကြိုးစားပြီး အလုပ်ပေါ်တွင် တာဝန်ယူတတ်သူ ဖြစ်ရမည်။ ပေါင်းသင်းဆက်ဆံရေး ကောင်းမွန်ရမည်။ မြန်မာပြည်အနှံ့ ခရီးသွားနိုင်ရမည်။ လျှောက်ထားသူများအားလုံးသည် ကိုယ်ရေးအချက်အလက်နှင့်အတူ (၆)လအတွင်း ရိုက်ထားသော လိုင်စင်ဓာတ်ပုံ(၂)ပုံ၊ အလုပ် သမားမှတ်ပုံတင်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ရပ်ကွက်အတွင်းနေထိုင်ကြောင်း ထောက်ခံချက်၊ ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံချက်နှင့် ပညာအရည်အချင်းအထောက်အထားမိတ္တူများနှင့်တကွ အောက်ပါ လိပ်စာတွင် လာရောက် လျှောက်ထားနိုင်ပါသည်။

တိုက်အမှတ်(၃)၊ အခန်း(၂)၊ သုဝဏ္ဏအိမ်ရာ၊ သံသုမာလမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ (သုဝဏ္ဏပန်းခြံအနီး)၊ (ကျောင်းလမ်းမှတ်တိုင်)၊ ဖုန်း-၀၁ ၈၅၅၀၁၉၆၊ ၀၉ ၇၃၂၂ ၈၄၈၂ သို့ ၁၅-၈-၂၀၁၅ ရက် နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ပါသည်။

## သတ္တမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးပူဇော်ပွဲ

မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ရန်ကုန်တိုင်းဒေသကြီး)၏ သတ္တမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးပူဇော်ပွဲကို ၁၅-၈-၂၀၁၅ ရက် (စနေနေ့)တွင် မဟာမုနိမွှာရုံ တောင်ဥက္ကလာပစေတီတော်၊ သံသုမာလမ်း၊ တောင်ဥက္ကလာပမြို့နယ်တွင် ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။ ၁၄-၈-၂၀၁၅ ရက်တွင် အသက်(၇၀)ပြည့်သူ ရန်ကုန်တိုင်းဒေသကြီး မြန်မာနိုင်ငံတိုင်းရင်းဆေးအသင်းဝင် ပူဇော်ခံဆရာကြီး၊ ဆရာမကြီးများ၏ အမည်စာရင်းကို သက်ဆိုင်ရာ မြို့နယ် အသင်းများက ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာနရုံးသို့ ၇-၈-၂၀၁၅ ရက် နောက်ဆုံးထားပေးပို့ပါရန် ပန်ကြားအပ်ပါသည်။ အသင်းဝင်ဆရာ၊ ဆရာမအားလုံး ကြွရောက်ပေးနိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း**
**(ရန်ကုန်တိုင်းဒေသကြီး)**

### ပါဝင်လှူဒါန်းနိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အင်ကြင်းကုန်းကျေးရွာတွင် သိပ္ပါလယအင်ကြင်းကုန်း တောရ-တရားရိပ်သာကို မည်သည့်နည်းနှင့်မဆို ရာသက်ပန်တရားအားထုတ်လိုသော ရဟန်းရှင်လူ သူတော်စင်များအတွက် တည်ဆောက်နေပြီဖြစ်ပါသောကြောင့် အောက်ပါအလှူများကို လှူဒါန်းနိုင်ပါပြီ။

၁။ စုပေါင်းတရားထိုင်ရန် သိပ္ပါလယဓမ္မသာလာမွှာရုံ ပေ(၁၁၀×၅၀)
နံရံတစ်ခန်း(၉)သိန်း၊ မျက်နှာကြက်(၁၀)သိန်း၊ တိုင်(၁)လုံး(၈)သိန်း၊ ဝရန်တာ(၅)သိန်း၊ လှေကား(၁၅)သိန်း
၂။ သံဃာတော်များကျောင်းဆောင် ပေ(၅၀×၅၀)
ရေချိုးခန်း ကုဋီအပါအဝင် သိန်း(၁၀၀)
၃။ ယောဂီအမျိုးသား/အမျိုးသမီး(၈)ယောက်ဆောင် ပေ(၁၅×၁၀၀)
ရေချိုးခန်း၊ အိမ်သာအပါအဝင် သိန်း(၁၀၀)
၄။ ယောဂီအမျိုးသား/ အမျိုးသမီး(၁)ယောက်ဆောင် ပေ(၁၅×၁၃)
ရေချိုးခန်း၊ အိမ်သာအပါအဝင် သိန်း (၃၀)
၅။ ရေကန်သေး (၇)သိန်း
၆။ မဟာရံအုတ်တံတိုင်း ၈၀၀၀ဝိ/-
၇။ အလင်းမီးတိုင် ၈၀၀၀ဝိ/-
ဆွမ်းစားဆောင် ပေ(၈၀×၄၀)စုပေါင်းအလှူ
နံရံ(၁)ခန်း (၅)သိန်း၊ တိုင်(၁)လုံး (၅)သိန်း၊ မျက်နှာကြက် (၅)သိန်း
ဆေးရုံ ပေ(၅၀×၃၀) သိန်း (၃၀၀)
သဒ္ဓါတတ်အားပါဝင်လှူဒါန်းနိုင်ပါသည်။
ပိဋကတ်တိုက် ပေ(၃၀×၂၅) သိန်း (၂၀၀)

**သဒ္ဓါတတ်အားပါဝင်လှူဒါန်းနိုင်ပါသည်**

ဆက်သွယ်လှူဒါန်းလိုပါလျှင် ဘဒ္ဒန္တကုမ္ဘာဘာသ(သာသနာ့ဓဇ မဟာဓမ္မာစရိယ)
Fb-Eindobatha.Thipalaya.Monastery

**သိပ္ပါလယပရိယတ္တိစာသင်တိုက်နှင့်တောရရိပ်သာ**
**အမှတ်(၁၄/၂)ရပ်ကွက်၊ ဟသ်ာလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၁-၅၆၁၃၂၇၊ ၀၉-၂၅၄၀၆၈၁၉၄၊ ၀၉-၃၂၀၃၈၉၆၈**

### ကိုသန့်ဇင် CAR RENTAL

ကားမျိုးစုံကို ခရီးစဉ် လချုပ် အချိန်ပိုင်း ငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။

**ဖုန်း-၀၉-၄၃၁၁၇၆၈၀၊ ၀၉-၅၀၅၉၈၂၀**

### အထွေထွေကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းခြင်း

ရန်ကုန်မြို့၊ အမှတ်(၄၉)၊ ပါရမီအိမ်ရာ၊ လှိုင်မြို့နယ်နေ ဦးစိန်သန်းဦးမှ ရန်ကုန်မြို့၊ အမှတ်(၁၄)၊ စွန်းလွန်းဂူကျောင်းလမ်း၊ (၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ ဦးလှမြင့်၏သား ဦးခင်မောင်လေး[၁၂/တမန(နိုင်)၀၉၇၀၁၆] သို့ လွှဲအပ်ထားသည့် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၁၆-၁၂-၂၀၁၄ ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၃၂၇၃၇/၂၀၁၄ အား ၂၂-၇-၂၀၁၅ ရက်မှစ၍ ရုပ်သိမ်းပြီးဖြစ်ပါကြောင်း။

ဦးစိန်သန်းဦး[၁၃/ရစန(နိုင်)၀၀၈၁၀၉]












# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန
# စတုတ္ထမြောက် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်အား ရယူသုံးစွဲနိုင်မည့် အထူးလုပ်ငန်းကုမ္ပဏီဖွဲ့စည်းရေး အဆိုပြုလွှာများတင်သွင်းရန် ဖိတ်ကြားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍဟန်ချက်ညီစွာ တိုးတက်ဖွံ့ဖြိုးရေးအတွက် မူဝါဒနှင့် ဖွဲ့စည်းမှု မူဘောင်များကို ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ဈေးကွက်ပြိုင်ဆိုင်မှုကို ဖော်ဆောင်ပေးခဲ့ပြီးဖြစ်ပါသည်။ ဤမူဝါဒ၏ အဓိကရည်မှန်းချက်များမှာ ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများ အရည်အသွေးတိုးတက်မြင့်မားစေရန်၊ မြို့ပြနှင့်ကျေးလက်ဒေသနှစ်ရပ်လုံးတွင် ချိုသာသောဈေးနှုန်းများဖြင့် ပြည်သူလူထုသို့ ဆက်သွယ်ရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးရန်နှင့် သုံးစွဲသူပြည်သူများနှင့် လုပ်ငန်းရှင်များက စိတ်ကြိုက်ရွေးချယ်နိုင်ခွင့်ရှိသည့် ကောင်းမွန်သော ဆက်သွယ်ရေးဈေးကွက်ဆိုင်ရာ ဝန်ဆောင်မှု ဖြည့်ဆည်းပေးရန်တို့ ဖြစ်ပါသည်။

၂။ ဤရည်မှန်းချက်များပြည့်မီရန်အလို့ငှာ နိုင်ငံတော်အစိုးရသည် တစ်နိုင်ငံလုံးအနှံ့လွှမ်းခြုံမည့် ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းလိုင်စင်သုံးခုအား အောင်မြင်စွာ ချမှတ်ပေးခဲ့ပြီးဖြစ်ပါသည်။ ယခုဖိတ်ကြားလွှာသည် စတုတ္ထမြောက်ဆက်သွယ်ရေး ဝန်ဆောင်မှုလိုင်စင်အား ရယူသုံးစွဲနိုင်မည့် အထူးလုပ်ငန်းကုမ္ပဏီတစ်ခု (Special Purpose Vehicle)ဖွဲ့စည်းရာတွင် ပါဝင်ရန် စိတ်ဝင်စားသော အမျိုးသားအများပိုင်ကုမ္ပဏီများမှ အဆိုပြုလျှောက်လွှာများကို ခေါ်ယူခြင်းဖြစ်ပါသည်။ ဤလိုင်စင်ခွင့်ပြုပေးရန် ပထမအဆင့်အနေဖြင့် အထူးလုပ်ငန်းကုမ္ပဏီတစ်ခုအောင်မြင်စွာဖွဲ့စည်းရန်လိုအပ်ပြီး ယင်းကုမ္ပဏီတွင် ပါဝင်ကြမည့် အစုရှယ်ယာများနှင့် လုပ်ငန်းအဆိုပြုချက်လျှောက်လွှာ များကို စည်းကမ်းချက်များနှင့်အညီ စီမံခန့်ခွဲရေးကော်မတီ အများပိုင်ကုမ္ပဏီဖွဲ့စည်းရေးနှင့် တင်ဒါစိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ၊ ဆက်သွယ်ရေးနှင့်သတင်းအချက် အလက်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂)နေပြည်တော်သို့ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက် နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ လျှောက်လွှာပုံစံများအား ဤဝန်ကြီးဌာန၏ Website ဖြစ်သည့် http://www.mcit.gov.mm/တွင် Download ပြုလုပ်၍ ရယူနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။

၃။ အဆိုပါ အထူးလုပ်ငန်းကုမ္ပဏီ အောင်မြင်စွာ ဖွဲ့စည်းပြီးသည့်အချိန်တွင် စတုတ္ထလိုင်စင်ချမှတ်ရန် သဘောတူစာချွန်လွှာ ရေးထိုးနိုင်မည်ဖြစ်ပြီး မိတ်ဖက်နိုင်ငံခြား ကုမ္ပဏီနှင့် အောင်မြင်စွာဖက်စပ်ကော်ပိုရေးရှင်းတစ်ခုဖွဲ့စည်းပြီးသည့်အခါ လိုင်စင်အား သတ်မှတ်ထားသော အခွန်အခပေးချေစေလျက် လုံးဝလွှဲပြောင်းပေးမည်ဖြစ်ပါသည်။ ဤလိုင်စင်သည် ကနဦး (၁၅)နှစ်သက်တမ်းရှိမည်ဖြစ်ပြီး သတ်မှတ်ချက်များနှင့်ကိုက်ညီပါက မူလလိုင်စင်သက်တမ်းအတိုင်း ထပ်မံသက်တမ်းတိုးနိုင်မည်ဖြစ်သည်။

## <u>အထူးလုပ်ငန်းကုမ္ပဏီတွင်ပါဝင်ရန် အဆိုပြုလျှောက်ထားသူများ လိုက်နာရမည့် စည်းမျဉ်းများ</u>

(က) အဆိုပြုလျှောက်ထားသူသည် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေနှင့်အညီ ဖွဲ့စည်းထားသော သက်တမ်းအနည်းဆုံး (၃)လရှိပြီးသား အများပိုင်ကုမ္ပဏီဖြစ်ရပါမည်။

(ခ) ကုမ္ပဏီ၏ အရင်းအနှီးမတည်ငွေမှာ အနည်းဆုံးမြန်မာကျပ်ငွေ (၃)ဘီလီယံထည့်ဝင်ပြီးဖြစ်၍ ကုမ္ပဏီ၏ငွေရေး၊ ကြေးရေး စွမ်းဆောင်ရည်ကို ဖော်ပြနိုင်မည့် နှစ်ချုပ်စာရင်းစစ် အစီရင်ခံစာ(သို့မဟုတ်) အခြားဘဏ်စာရင်း အထောက်အထားများကို ပြသနိုင်ရပါမည်။

(ဂ) ကုမ္ပဏီသည်ဆက်သွယ်ရေးကဏ္ဍ၏ ဥပဒေများ၊ နည်းဥပဒေများနှင့် မူဘောင်များကို လိုက်နာကျင့်သုံးရန်နှင့် အများပိုင်ကုမ္ပဏီ၏ သဘောသဘာဝကို တိုးတက် ကောင်းမွန်စေရန် စီမံခန့်ခွဲရေးကော်မတီ၏လမ်းညွှန်မှုဖြင့် ဆောင်ရွက်နိုင်ရမည်။

(ဃ) ကုမ္ပဏီသည် ဖက်စပ်ပူးပေါင်းဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီရွေးချယ်ရေးဆိုင်ရာလုပ်ငန်းအဆင့်ဆင့်အပေါ် တင်ဒါစိစစ်ရေးနှင့် ရွေးချယ်ရေးကော်မတီ၏ ဆုံးဖြတ်ဆောင်ရွက်မှုများအတိုင်း လိုက်နာ၍ ဖက်စပ်နိုင်ငံခြားကုမ္ပဏီမှ တင်ပြလာသော နည်းပညာဝန်ဆောင်မှုနှင့် ဈေးကွက်ဆိုင်ရာမဟာဗျူဟာများအပေါ် ပံ့ပိုးဆောင်ရွက်နိုင်ရမည်။

(င) ကုမ္ပဏီသည် ဖက်စပ်ပူးပေါင်းဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီရွေးချယ်ရေးဆိုင်ရာလုပ်ငန်းများနှင့် ဖက်စပ်ကော်ပိုရေးရှင်းတစ်ခုဖြစ်မြောက်သည်အထိ ပံ့ပိုးကူညီရန် ငှားရမ်းဆောင်ရွက်မည့် ကျွမ်းကျင်အကြံပေးအဖွဲ့အတွက် ပေးရမည့်ကျသင့်ငွေကို အချိုးကျထည့်ဝင်နိုင်ရမည်။

